

ကုလုံ၏ ဟုဝမ်းတောင်း
2006
တက္ကသိုလ်
နေလင်းအောင်
အန္တရာယ်ကြား
တိမ်ဖြူနဂါး
၄ အုပ်တွဲသိုင်းစာစဉ်
စာစဉ် (၁)
ThiHa Zaw
သိုင်းစာစဉ်များPAGE



တက္ကသိုလ်
နေဝင်းမြင့်
အန္တရာယ်ကြား
တိမ်ဖြူနဂါး
တစဉ်(၁)

တက္ကသိုလ်
**နေလင်းအောင်**

# အန္တရာယ်ကြီးတိမ်ဖြူနဂါး

(စာစဉ်–၁)

စာမူခွင့်ပြုချက်အမှတ် ၅၀၁၂၈၆၀၆၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၂၉၂၀၆၁၁

၂၀၀၆ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေနိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ ( ၃ )
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ
ဦးသန်းဝင်း (ကျော် ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အခန်း(၁)

## ရန်စွယ်မာန်စွယ်

မဟူရာပုလဲကို လူတိုင်း မြတ်နိုးမက်မောကြပါသည်။

ပုလဲနက်ဆိုသည်မှာ ပုလဲဖြူထက် ရှားပါး၍ဖြစ်ပါသည်။

သို့သော် ပုလဲနက်ထက် လူအများ ပို၍မက်မောကြသော အရာသည် ဤသိုင်းလောက၌ရှိနေပါသည်။

မဟူရာဓား ....။

မဟူရာဓားဆိုသည်မှာ ထိုပုလဲနက်ခုနစ်လုံး တပ်ဆင်ထားသော ဓားဖြစ်ပါသည်။ ပုလဲခုနစ်လုံးကလည်း မက်မောစရာကောင်းသည်။ ဓားကလည်း မက်မောစရာကောင်းသည်။

မက်မောစရာနှစ်ခု ပေါင်းဆုံသွားသောအခါ အတိုင်းမသိ ဖြစ်သွားရတော့သည်။

ထိုမဟူရာခဲဓားသည် လွန်ခဲ့သည့်နှစ်ပေါင်း သုံးရာခန့်က ပေါ်ပေါက်ခဲ့သည့် ဓားဖြစ်၏။

စစ်သူကြီးယုခန်းဝါ ပိုင်ဆိုင်ကိုင်ဆောင်ခဲ့သော ဓားဖြစ်ပေသည်။ အကောင်းဆုံးသံမဏိဖြင့် အကောင်းဆုံး ပန်းပဲဆရာက ပြု

လုပ်ခဲ့သော ဓားဖြစ်ပေသည်။

မဟာရာဓားသည် အလွန်ပင် ထက်မြက်လေရာ သူနှင့်ရင်ဆိုင်တွေ့ကြုံရသော ဓားမှန်သမျှကို ကျိုးပဲ့ပျက်စီးခဲ့လေသည်၊ ကျောက်တုံးကိုပင် ပြတ်အောင် ခုတ်နိုင်သည်ဟု အဆိုရှိကြ၏။

ထို့ကြောင့် ဓားတကာတို့တွင် မဟာရာဓားကို လူတိုင်းလိုချင်မက်မောနေကြခြင်းပင် ဖြစ်ပါသည်။

မဟာရာဓား၏ကောင်းခြင်းနှစ်ဖြာကို ရေးသားခဲ့ပြီးချေပြီ၊

သိုင်းလောကရှိ လူတို့အား ပို၍ ဆွဲဆောင်နိုင်သည်မှာ ဆိုခဲ့ပြီးသော အကြောင်းနှစ်ချက်ကြောင့် မဟုတ်ချေ။

မဟာရာဓား၏လက်ကိုင်ရိုးအတွင်း လျှို့ဝှက်စွာ ထည့်သွင်းထားသော ဓားသိုင်းမှတ်တမ်းကြောင့် ဖြစ်ပါသည်။

သို့သော် ယခုဇာတ်လမ်းသည် မဟာရာဓားနှင့် ဓားသိုင်းအကြောင်း မဟုတ်ပါချေ။ ထိုကျော်ကြားလှသော အရာထက် ပို၍ကျော်ကြားသော မိုးကြိုးသွားအကြောင်းပင် ဖြစ်ပါတော့သည်။

မိုးကြိုးသွား ....။

မိုးကြိုးသွားဟူသည်မှာ သာမန်လက်နက် မဟုတ်ပါ၊ လက်နက်ဆန်း လက်နက်ပုန်း ဖြစ်ပါသည်။

လွန်ခဲ့သော နှစ်ငါးဆယ်ခန့်က မိုးကြိုး...မားခုံးဟူ တီထွင်ခဲ့သော လက်နက်ဖြစ်ပါသည်။

ဤသိုင်းလောက၌ကျော်ကြားလှသော လက်နက်ပုန်းအမျိုးအစား ခြောက်ဆယ့်ရှစ်မျိုးရှိ၏။ မိုးကြိုးသွားသည် နံပါတ်တစ်နေရာရရှိထားသော လက်နက်ပုန်းဖြစ်ပါသည်။



မိုးကြိုးသိုင်းသမားသည် ထိုမိုးကြိုးသွားလက်နက်ပုန်းကို အသုံးပြုခြင်းမှာ နှစ်ကြိမ်ခန့်သာ ရှိသည်။ ထိုနှစ်ကြိမ်ခန့်နှင့်ပင် မိုးကြိုးသိုင်းသမားခုံးဟူ ဟူ၍ ကျော်ကြားထင်ရှားလာခဲ့ခြင်းဖြစ်သည်။

မိုးကြိုးသွားလက်နက်ပုန်းကလည်း အစွမ်းထက်သည်။ ယနေ့တိုင် မိုးကြိုးသွားလက်နက်ပုန်းကို ရှောင်တိမ်းနိုင်သည်ဟူ၍ မရှိခဲ့ချေ။

သို့သော် မိုးကြိုးသိုင်းသမား ခုံးဟူသည် ဆူဆူပူပူနေချင်သော သိုင်းသမားမဟုတ်ပါ။ အေးအေးဆေးဆေး နေချင်သော အထက်လမ်းဂိုဏ်းသားတစ်ဦးသာ ဖြစ်ပါသည်။

ထို့ကြောင့် ထင်းရှူးကျေးရွာကိုတည်ထောင်ပြီး အေးချမ်းစွာ နေထိုင်ခဲ့ခြင်းဖြစ်ပါသည်။

သူ၏ထင်းရှူးကျေးရွာသည် သိုင်းသမားများ လေးစားကြသောကျေးရွာ ဖြစ်ပါသည်။ ထင်းရှူးကျေးရွာအား လေးစားကြခြင်းမှာ ခုံးဟူကြောင့် ဖြစ်ပါသည်။

တစ်နည်းအားဖြင့် မိုးကြိုးသွားလက်နက်ကို အသုံးချတတ်သော ခုံးဟူကြောင့် ဖြစ်ပါသည်။

ခုံးဟူတွင် သားတစ်ယောက်ရှိ၏။ ခုံးဟူ သေဆုံးသွားပြီးနောက် သူ၏သား ခုံးမင်လည်း ပျောက်ဆုံးသွားခဲ့ရသည်။

ထိုအခါမှစ၍ ထင်းရှူးကျေးရွာသည်လည်း ပိုင်စိုးသူ အရှင်သခင်မဲ့ကာ တဖြည်းဖြည်း ယိုယွင်းပျက်စီးသွားတော့သည်။

ယခုအခါတွင် ထင်းရှူးကျေးရွာသည် သိုင်းလောကတွင် ပုံပြင်တစ်ပုဒ်သဖွယ်သာ ဖြစ်နေတော့သည်။ မိုးကြိုးသိုင်းသမား

ခုံးဟူကိုလည်းကောင်း၊ သူ၏သား ခုံးမင်ကိုလည်းကောင်းအားလုံးကမေ့လျော့သွားကြပြီ ဖြစ်ပါသည်။

သို့သော် သူတို့မမေ့သည်ကား မိုးကြိုးသွားပင် ဖြစ်ပါတော့သည်။

ထိုက်စန်းတောင်တန်းသည် မြင့်မားရှည်လျားသောတောင်တန်းကြီး ဖြစ်သည်။

သစ်ပင် သစ်တောများကလည်း အလွန်ထူထပ်သည်။ ထိုကြောင့် သိုင်းလောက ဒုစရိုက်သမားများ ခိုအောင်းရာဒေသ ဖြစ်လာတော့သည်။

အောက်လမ်းသိုင်းဂိုဏ်းသားများသည် ထိုက်စန်းတောင်ကို အမှီပြုလျက် လုယက်ခိုးဆိုးကြသည်။ လူသတ်ကြသည်။

ထိုအောက်လမ်းဂိုဏ်းသားများအနက် အဆိုးဝါးဆုံးသောဂိုဏ်းမှာ ထင်းရှူဂိုဏ်းဖြစ်၏။ ထင်းရှူဂိုဏ်းသည် သိုင်းလောက တစ်ခုလုံးအား ဝါးမျိုနိုင်ရန် ကြိုးစားခဲ့သည်။

ဂိုဏ်းချုပ်ကြီး ဟူကျန်းစုဆိုသည်မှာ ထင်းရှူဂိုဏ်းမှ ဖြစ်၏။ ဟူကျန်းစု၏ ထင်းရှူဂိုဏ်းသည် သိုင်းလောကကြီးတစ်ခုလုံး တုန်လှုပ်ချောက်ချားအောင် ဖန်တီးနိုင်ခဲ့သည်။

ဟူကျန်းစုသည် ခေါင်းကောင်းသူဖြစ်၏။ သူ၏အစီအမံများမှာ သေသပ်လှသည်။ သိုင်းပညာထက်မြက်ရုံမျှမက ပရိယာယ်



ကြွယ်ဝသူဖြစ်သဖြင့် ထင်းရှူဂိုဏ်းသည် ထင်ပေါ်ကျော်ကြားလာတော့သည်။ တစ်နှစ်အတွင်း၌ ထင်းရှူဂိုဏ်းသည် အင်အားက အလွန်ကြီးမားလာ၏။

ဟူကျန်းစုသည် လုပ်နည်းလုပ်ဟန်မှာလည်း ထင်းရှူဂိုဏ်းတစ်ခဏအတွင်း အင်အားကြီးမားစရာဖြစ်နေသည်။ ပြုလုပ်နည်းမှာ ဟူကျန်းစုသည် သေးငယ်သောအဖွဲ့အစည်းများကို ဝင်ရောက်တိုက်ခိုက်ပြီး ထင်းရှူဂိုဏ်းအား သစ္စာခံနိုင်းခြင်းဖြစ်သည်။

တစ်နှစ်ဟူသော အချိန်ကာလတိုကလေးအတွင်း၌ သိုင်းအဖွဲ့ပေါင်းတစ်ရာကျော်သည် ထင်းရှူဂိုဏ်း၏လက်အောက်သို့ ကျရောက်သွားတော့သည်။

သိုင်းအဖွဲ့ငယ်များကို သိမ်းသွင်း၍ ကုန်သလောက်ရှိသောအခါမှ ရှောင်လင်၊ ဟူတန်း၊ ဝါမေနှင့် ခွန်းလွန် အစရှိသော အထက်လမ်းသိုင်းဂိုဏ်းများသည် ထင်းရှူဂိုဏ်း၏အန္တရာယ်ကို သတိပြုလာမိကြသည်။

သူတို့သည် ထင်းရှူဂိုဏ်းအား နည်းအမျိုးမျိုးဖြင့် တိုက်ဖျက်ကြ၏။ ဤသို့တိုက်ဖျက်ရာ၌ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တိုက်ဖျက်ကြခြင်းဖြစ်သည်။

ဤသို့ တစ်ယောက်တစ်ပေါက် တိုက်ဖျက်ကြခြင်းဖြစ်၍ ထင်းရှူဂိုဏ်း၏အန္တရာယ်သည် တစ်နေ့တခြား ကြီးထွားလာပါသည်။ သိုင်းလော၏အထွတ်အထိပ် ဂိုဏ်းကြီးများပင် ထင်းရှူဂိုဏ်းကို ကြောက်ရွံ့လာကြရပါသည်။

ထင်းရှူဂိုဏ်း၏သစ္စာကို မခံလိုသောသိုင်းသမားများသည်

သိုင်းလောကမှထွက်ခွာသွားနိုင်သည်ဟု ထင်းရှုဂိုဏ်းက ဆိုသည်။

နာမည်ကျော် အထက်လမ်းဂိုဏ်းသားအချို့သည် ထင်းရှုဂိုဏ်းကို ဆန့်ကျင်ကြသည်။ ထင်းရှုဂိုဏ်းချုပ်ကို ဆန့်ကျင်ကြသည်။

သို့သော် သူတို့ကြာကြာ မဆန့်ကျင်နိုင်ကြပါ။ အဘယ့်ကြောင့်ဆိုသော် သူတို့သေဆုံးသွားကြသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် အချို့သော အကျော်အမော်သိုင်းသမားများသည် ထင်းရှုဂိုဏ်းကို မဆန့်ကျင်လိုသောကြောင့် သိုင်းလောကအတွင်းမှ ထွက်ခွာသွားကြတော့သည်။ သိုင်းလောကမှ အနားယူသွားကြခြင်း ဖြစ်သည်။

သိုင်းလောကသား အများအပြားမှာ ထင်းရှုဂိုဏ်းချုပ်ကြီးဟူကျန်းစု၏လက်အောက်သို့ ဝင်ရောက်ခိုဝင်ကြတော့သည်။

ထင်းရှုဂိုဏ်းသည် မဆင်မခြင် ရှောင်လင်ဂိုဏ်းကိုပင် စိန်ခေါ်ခဲ့လေသည်။

တစ်နေ့ ရှောင်လင်ကျောင်းတွင် စာရွက်တစ်ရွက် ကပ်ထား၏။မည်သည့်အချိန်က လာရောက်ကပ်ထားသည်ကို ရှောင်လင်ကျောင်းမှ တစ်ဦးတစ်ယောက်မျှ မတွေ့လိုက်ကြပါချေ။

ရှောင်လင်ဂိုဏ်းသားများသည် တိုးဝှေ့ပြီး ထိုစာရွက်ကိုကြည့်နေကြ၏။ ထိုစဉ် ရှောင်လင်ကျောင်း၏စည်းကမ်း ထိန်းသိမ်းရေးမှူး ဆရာတော် ဟူကွမ်း ထွက်လာသည်။

ရှောင်လင်ကျောင်းသားများမှ ရှဲခနဲ ဘေးဖယ်ပေးကြလေ၏။ ဟူကွမ်းသည် တံခါးဝရှေ့၌ကပ်ထားသောစာကို ကြည့်လိုက်သည်။ ဟူကွမ်း၏မျက်နှာသည် ရဲတက်သွား၏။



"ကျူးတ"

ရှောင်လင်ကျောင်း၏အဆောင်မှူး ဆရာတော် ကျူးတ ထွက်လာသည်။

ဟူကွမ်းက မေးလိုက်သည်။

"ဘယ်အချိန်က ကပ်သွားတာလဲ"

ကျူးတက ဖြေသည်။

"တပည့်တော် စစ်မေးပြီးသွားပါပြီ၊ ဘယ်သူမှ ဒီစာရွက်လာကပ်တာကို မသိလိုက်ပါဘူး"

ဟူကွမ်းက သက်ပြင်းချလိုက်၏။

ကျူးတက....

"အခု တပည့်တော် ကျောင်းလုံခြုံရေးကို နှစ်ဆတိုးပြီး စောင့်ကြပ်နေပါတယ်"

ဟူကွမ်းက ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

ထို့နောက် အင်္ကျီလက်ဖြင့် တစ်ချက်ခတ်လိုက်ရာ တံခါးတွင် ကပ်ထားသော စာရွက်သည် လေအရှိန်ကြောင့် ကွာကျသွား၏။

ဟူကွမ်း နောက်တစ်ကြိမ် လက်စရှည်ကို ခတ်လိုက်ရာ စာရွက်သည် ဟူကွမ်းထံသို့ ရောက်ရှိလာလေ၏။

ဟူကွမ်းက ထိုစာရွက်ကိုကိုင်ကာ ကျောင်းအတွင်းသို့ပြန်ဝင်သွားလေတော့သည်။

ကျောင်းဝင်းအတွင်း၌ ဘုရားစာရွတ်သံများ မှန်မှန်ထွက်ပေါ်နေသည်။ ထိုအသံနှင့်အတူ တုံးခေါက်သံလည်း မှန်မှန်ထွက်

ပေါ်နေသည်။

ဟူကွမ်းမှာ အဆောင်အတွင်းသို့ အဲသံမမြည်အောင် ခြေဖော့နင်းပြီး ဝင်လိုက်၏။

အဆောင်အတွင်း၌ ဘုန်းတော်ကြီးသုံးပါး ဘုရားစာများ ရွတ်ဖတ်နေကြသည်။

အလယ်မှဘုန်းတော်ကြီးမှာ မျက်ခုံးမွေးများပင် ဖြူနေသဖြင့် သက်တော်ခြောက်ဆယ် ကျော်ကျော်ခန့် ရှိပေလိမ့်မည်။

ဘုန်းတော်ကြီးမှာ ရှောင်လင်ကျောင်း၏ ကျောင်းထိုင်ဆရာတော် စုကျုံးပင်ဖြစ်၏။

ဘုန်းတော်ကြီးသုံးပါးသည် မည်သည့်အရာကိုမျှ ကြည့်မနေကြချေ။ မျက်စိမှိတ်လျက် ဘုရားစာများကို ရွတ်ဆိုနေကြခြင်းဖြစ်သည်။

ဆရာတော် ဟူကွမ်းသည် သင့်တင့်ရာအရပ်၌ ထိုင်ပြီးစောင့်နေလေ၏။

အတန်ကြာသော် ဘုရားစာများ ရွတ်ဆိုခြင်းမှာ ပြီးစီးသွားလေ၏။ ကျောင်းထိုင်ဆရာတော် စုကျုံး၏မျက်လုံးများသည် ပွင့်လာသည်။

ဟူကွမ်းအား တွေ့လိုက်ရသောအခါ ဆရာတော်က ခေါင်းတစ်ချက်ညိတ်ပြလိုက်၏။

ထိုအခါ ဆရာတော်ဟူကွမ်းသည် ရှေ့သို့တိုးသွားပြီး ကျောင်းထိုင်ဆရာတော်အား ရှိသေစွာ လှမ်းပေးလိုက်သည်။

ကျောင်းထိုင်ဆရာတော်က ဖတ်ရှုလိုက်သည်။



"ထင်းရှုဂိုဏ်းအား ရက်သုံးဆယ်အတွင်း သစ္စာခံရန်။

ထင်းရှုဂိုဏ်းချုပ်"

စာမှာ တိုတိုလေးဖြစ်သည်။

ကျောင်းထိုင်ဆရာတော်က သက်ပြင်းချလိုက်၏။

ဟူကွမ်းက ပြောလိုက်သည်။

"ဟူကျန်းစုဟာ အတော့်ကို အတင့်ရဲလာပါပြီ၊ အခုတပည့်တော်တို့ ရှောင်လင်ကျောင်းကိုတောင် စိန်ခေါ်လာပြီဆိုတော့ ဟူကျန်းစုရဲ့အင်အားဟာ နည်းနည်းနောနော မဟုတ်တော့ဘူး"

ကျောင်းထိုင်ဆရာတော်က....

"ဒီလိုဖြစ်လာလိမ့်မယ်လို့ အားလုံးက မျှော်မှန်းထားတာပဲ၊ သူက ရှောင်လင်ကျောင်းကိုတောင် စိန်ခေါ်လာပြီ"

ဟူကွမ်းက လျှောက်ထားလိုက်၏။

"တပည့်တော် ကျောင်းလုံခြုံရေးအတွက် တာဝန်ယူပါတယ်၊ စိတ်ချလက်ချသာနေတော်မူပါဘုရား"

ကျောင်းထိုင်ဆရာတော်က....

"ရန်သူဆိုတာ ကိုယ်ကစပြီး ဖြိုခွဲရတယ်၊ သူ့အစကို ကိုယ်မခံရဘူး၊ ကဲ... ဟူကျန်းစုဟာ အတော်လေး အတင့်ရဲနေတယ်၊ ကျုပ်တို့ ဘာလုပ်သင့်သလဲဆိုတာ တိုင်ပင်ကြစို့"

ဆရာတော်ကြီးလေးပါးသည် ခေါင်းချင်းရိုက် တိုင်ပင်ကြတော့၏။

## အခန်း(၂)

## လက်နက်ပိုင်ရှင်

သိုင်းလောကတစ်ခုလုံး ချောက်ချားသွားတော့သည်။

ရှောင်လင်ကျောင်းအား စိန်ခေါ်သည့်သတင်းသည် သိုင်းလောကတစ်ခုလုံး ပျံ့နှံ့သွား၏။

ထင်းရှုဂိုဏ်းသည် ရက်စက်ကြမ်းကြုတ်သလို အင်အားလည်း ကောင်းလှသည်။

အကယ်၍ ရှောင်လင်ကျောင်းတော်သာ ထင်းရှုဂိုဏ်း၏ တိုက်ခိုက်မှုကြောင့် ပြိုကျပျက်စီးသွားမည်ဆိုလျှင် သိုင်းလောကတစ်ခုလုံးသည် ထင်းရှုဂိုဏ်းလက်အောက်သို့ကျရောက်သွားပေတော့မည်။

အဘယ့်ကြောင့်ဆိုသော် ရှောင်လင်ကျောင်းတော်သည် သိုင်းလောက၏အထွတ်အထိပ် မီးရှူးတန်းဆောင်ဖြစ်နေသောကြောင့်တည်း။

လူတိုင်းသည် ရှောင်လင်ဂိုဏ်းနှင့်ထင်းရှုဂိုဏ်းအကြောင်း ပြောဆိုနေကြသည်။ ထင်းရှုဂိုဏ်း၏စိန်ခေါ်ပုံကို အလေးထားနေကြ



သည်။

ရှောင်လင်ဂိုဏ်းသည် နှစ်ပေါင်းများစွာ သိုင်းလောက၏မီးရှူးတန်ဆောင်အဖြစ် ရပ်တည်လာခဲ့သည်။ ရှောင်လင်ကျောင်း၏ဩဇာအာဏာမှာ ကြီးမားလှသည်။ ရှောင်လင်ကျောင်းအား မည်သည့်သိုင်းဂိုဏ်းကမှ မထိပါး မစော်ကားရဲကြပါ။

ယခုအခါတွင် ထင်းရှုဂိုဏ်းက ရှောင်လင်းကျောင်းကို စိန်ခေါ်နေပေပြီ။

ရှောင်လင်ကျောင်း၏တန်ခိုးဩဇာ ကျဆင်းသွား၍လော။

ရှောင်လင်ကျောင်း၏တန်ခိုးဩဇာကျဆင်းသွား၍ မဟုတ်ပါ။ ထင်းရှုဂိုဏ်း၏တန်ခိုးဩဇာ တက်လာ၍ဖြစ်ပါသည်။ ထင်းရှုဂိုဏ်းသည် နည်းမျိုးစုံဖြင့် သူ့တန်ခိုးဩဇာကြီးမားလာအောင် ပြုလုပ်ခဲ့လေသည်။

ဟူကျန်းစု၏သိုင်းပညာသည်လည်း အတော်အဆင့်မြင့်ပုံရသည်။ ထို့ကြောင့် ရှောင်လင်ကျောင်းအနိုင်ရမည် ထင်းရှုဂိုဏ်း အနိုင်ရမည်ဆိုသည်ကို သိုင်းလောကသားတိုင်း တွေးတောနေကြလေသည်။

နဂါးဂိုဏ်းကို လူသိမများလှပါ။ လူသိမများလှသဖြင့် ဤဂိုဏ်းကြီးကို ကြီးကျယ်ခမ်းနားခြင်းမရှိဟု သင်ထင်လျှင် သင်မှားမည်ဖြစ်ပါသည်။

ဤဂိုဏ်းသည် အမှန်ပင် ကြီးကျယ်ပါ၏။ နဂါးဂိုဏ်းချုပ်သည် ထင်ပေါ်ကျော်ကြားခြင်းကို အလိုမရှိသည်ဖြစ်၍ သူ့နဂါးဂိုဏ်းကို သိုသိုသိပ်သိပ်ပင် နေခဲ့စေလေ၏။

ဌာနခွဲကြီး လေးဌာနရှိသော်လည်း ဌာနခွဲခေါင်းဆောင်များ အားလုံးသည်ပင် လျှို့ဝှက်သိုသိပ်စွာနေလိုသူဖြစ်၍ နဂါးဂိုဏ်းသည် ဂိုဏ်းကြီးဖြစ်သော်လည်း လူမသိ သူမသိ ဖြစ်နေတော့သည်။

တိမ်ဖြူနဂါး ထင်းကျန်၊ အပြာရောင်နဂါး စုကွမ်း၊ အနီ ရောင်နဂါး လျှံစုနှင့် အဝါရောင်နဂါး ချီလင်းတို့သည် ကျော်ကြားလှ သူများ မဟုတ်ချေ။

သူတို့သည် အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အရပ် လေးမျက်နှာရှိ ဌာနခွဲလေးခုတည်ထောင်၍ နေထိုင်ကြသည်။ သူတို့ အား မဟူရာနဂါးချင်းရောင်က အုပ်ချုပ်သည်။

ထိုဌာနခွဲခေါင်းဆောင်လေးယောက်သည် ဌာနချုပ်သို့ရှေ့ ဆင့်နောက်ဆင့် ရောက်လာကြ၏။

သူတို့ကို စားသောက်ပွဲက အသင့်စောင့်ဆိုင်းနေလေ၏ သို့သော် သူတို့က အစားအသောက်များကို တို့ထိခြင်းပင် မပြုကြ ချေ။

သူတို့သည် အမည်နှင့်လိုက်ဖက်အောင် ဝတ်စုံများကိုသာ ဝတ်ချင်ကြ၏။ သူတို့၏အသက်များမှာလည်း သုံးဆယ်ကျော်ခန့်သာ ရှိပေသေးသည်။

အဝါရောင်နဂါးက တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သည်။

"ထင်းရှုဂိုဏ်းကတော့ ရောင်လင်ဂိုဏ်းကိုစိန်ခေါ်လာပြီ ရောင်လင်ဂိုဏ်းဟာ သိုင်းလောကရဲ့သရဖူအဖြစ် ရပ်တည်လာတာ ကြာပြီ၊ ဘယ်နည်းနဲ့မှ ထင်းရှုဂိုဏ်းရဲ့သစ္စာခံမှာမဟုတ်ဘူး"

အနီရောင်နဂါးက....



"ဒါသေချာတယ်... ဘယ်နည်းနဲ့မှ သစ္စာခံမှာမဟုတ်ဘူး"

အပြာရောင်နဂါးက ဝင်ပြောလေ၏။

"ထင်းရှုဂိုဏ်းဟာ အင်အားကြီးတာမှန်ပေမယ့် သူ့အင် အားဟာ တကယ့်တည်မြဲတဲ့ အင်အားမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆို တော့ သူက ဂိုဏ်းပေါင်းစုံကို အတင်းအကျပ်သိမ်းသွင်းတာကိုး၊ ဒီ တော့ ရောင်လင်ကျောင်းကို သူနိုင်ချင်မှ နိုင်မယ်"

တိမ်ဖြူနဂါးက....

"ဟူကျန်းစုဟာ ကြောက်စရာကောင်းတဲ့ လူတစ်ယောက် ဖြစ်တာတော့ သေချာတယ်၊ မသေချာတာကတော့ သူ့အတွေးပဲ၊ ရောင်လင်ကျောင်းတော်က သူ့သစ္စာဘယ်တော့မှ ခံမှာမဟုတ်ဘူး၊ သူတွေးတာ လွဲနေတယ်"

"အဲဒါ ဘာကြောင့်လဲ"

အပြာရောင်နဂါးက ဝင်မေးလိုက်သည်။

တိမ်ဖြူနဂါးက....

"သိုင်းလောကရဲ့အဖွဲ့အစည်းအားလုံးထဲမှာ ရောင်လင် ကျောင်းဟာ ဥသျှောင်ပဲ ဖြစ်တယ်၊ တခြားသိုင်းဂိုဏ်းကြီးတွေဖြစ်တဲ့ ဝါမေ၊ ခွန်းလွန်နှင့် ဟူတန်းဂိုဏ်းတွေကို သိမ်းသွင်းပြီးမှ ရောင်လင် ကျောင်းကို သိမ်းသွင်းသင့်တယ်"

မဟူရာနဂါးက ခေါင်းညိတ်၏။

"မင်းပြောတာ မှန်တယ်"

အပြာရောင်နဂါးက....

"သူက ရောင်လင်ကျောင်းပြိုသွားရင် တခြားဂိုဏ်းတွေ အ

လိုလို ဖြုသွားမယ်လို့ တွက်ချင်တွက်မှာပေါ့"

မဟူရာနဂါးက....

"ဘာပဲဖြစ်ဖြစ် ဟူကျန်းစု ရှောင်လင်ကျောင်းကို ရန်စဝံ့တ
အကြောင်းရှိရမယ်၊ အကြောင်းမရှိရင် သူ ဘယ်လိုနည်းနဲ့မှ ရှော
လင်ကျောင်းကို ရန်မစဝံ့ဘူး"

"သူ ဘာအကြောင်းနဲ့ ရန်မစဝံ့တာလဲတော့ မသိဘူး၊ ရှော
လင်ကျောင်းကို ရန်စရင် တခြား သိုင်းဂိုဏ်းတွေက အတောမသ
ကူညီကြလိမ့်မယ်၊ အဲဒါကို တွက်မိသလား၊ မတွက်မိဘူးလားတေ
သေသိဘူး"

တိမ်ဖြူနဂါးက ပြောလိုက်လေ၏။

ထိုအခါ မဟူရာနဂါးက ခေါင်းညိတ်ပြပြီး....

"ဟုတ်တယ်... အခုပဲ ဟူတန်းဂိုဏ်းနဲ့ခွန်းလွန်ဂိုဏ်းချုပ်
ရှောင်လင်ကျောင်းကို ရောက်နေပြီ"

ထိုအခါ အနီရောင်နဂါးက....

"ကျုပ်တို့ကော သွားကြမှာလား"

ဂိုဏ်းချုပ်ဖြစ်သော မဟူရာနဂါးက သက်ပြင်းချလိုက်ပြီး

"သွားရမယ်... ဘာပဲဖြစ်ဖြစ် ရှောင်လင်ကျောင်းကိုတ
နိုင်သမျှ အကူအညီပေးရမယ်၊ ဒါ တာဝန်ပဲ"

တိမ်ဖြူနဂါးက မေးမြန်းလိုက်၏။

"ထင်းရှုဂိုဏ်းချုပ် ဟူကျန်းစုရဲ့သိုင်းပညာက ဘယ်လော
ရှိသလဲ၊ အဲဒါကို သိဖို့လိုတယ်"

မဟူရာနဂါးက....



"ကျုပ်တို့ထဲမှာ ညီလေးရဲ့သိုင်းပညာက အမြင့်မားဆုံးပဲ၊
ဒါပေမယ့် ဒီဟူကျန်းစုဟာ ညီလေးထက် သိုင်းပညာ သိပ်သာလှ
မယ် မဟုတ်ဘူး"

တိမ်ဖြူနဂါး မျက်မှောင်ကုပ်သွားလေ၏။

"သိုင်းရာဇာလေးယောက်လဲ ရှောင်လင်ကျောင်းကို သွား
ကြပြီလို့ ကျုပ်တို့သိခဲ့ရတယ်၊ ထင်းရှုဂိုဏ်းကို တိုက်မယ့်သိုင်းသမား
တွေဟာ မနည်းဘူး၊ သိုင်းလောကတစ်ခုလုံးလို့ဆိုရမယ်၊ သူ့သိုင်းပ
ညာဟာ ကျွန်တော်နဲ့မကွာလှဘူးဆိုတာ သိပ်မဟုတ်လှဘူးလို့ ဆိုရ
မှာပေါ့၊ အင်း... သူဟာ ရှောင်လင်ကျောင်းကို စိန်ခေါ်တယ်ဆိုတာ
တော်တော် စဉ်းစားစရာကောင်းနေတယ်"

အားလုံးမှာ ငြိမ်သက်စွာ စဉ်းစားနေကြလေတော့သည်။

တိမ်ဖြူနဂါးက ဆက်၍ပြောလိုက်လေ၏။

"အင်း... ဟူကျန်းစုဟာ မပိုင်ဘဲနဲ့လုပ်မှာ မဟုတ်ဘူး၊
သူ့မှာ လျှို့ဝှက်ချက်တစ်ခုတော့ ကျိန်းသေရှိရမယ်"

မဟူရာနဂါးက....

"ကဲ... ကျုပ်တို့လဲ အချိန်ရှိတုန်း ရှောင်လင်ကျောင်းကို သွား
ကြရအောင်"

နဂါးငါးကောင်သည် မတ်တတ်ထရပ်လိုက်ကြလေ၏။

ထိုက်စန်းတောင်ထိပ်၌ လိုဏ်ခေါင်းပေါင်းများစွာ ရှိ၏။

တောင်နံရံကိုတူးကာ ထွင်းထုထားသည့်လိုဏ်ခေါင်းများလည်း
သည်။ ထိုလိုဏ်ခေါင်းများ၌ လူသူနေထိုင်ကြသည်။ ထိုနေရာ
ထင်းရှဂိုဏ်း၏ဌာနချုပ်ပင် ဖြစ်ပါတော့သည်။

ထိုလိုဏ်ခေါင်းများရှေ့၌ အညိုရောင်ဝတ်စုံကိုဝတ်
ထားသည့် လူတစ်ဦးရှိသည်။ အဖြူရောင်ခါးစည်းကို စည်းထား
ဖြင့် စည်းကြိုးသည် ပေါ်လွင်နေသည်။ ထို့ပြင် ကြီးမားသော
ကြီး တစ်ချောင်းကိုလွယ်ထားသေးသည်။

ထိုသူမှာ ဥပဓိရုပ်ခန့်ညားပြီး အသက်လေးဆယ်ခန့်
သည်။

ထိုသူကား သိုင်းလောကတစ်ခုလုံး ကျော်ကြားနေသ
ထင်း ဏ်းချုပ် ဟူကျန်းစုပင် ဖြစ်တော့သည်။

ထင်းရှဂိုဏ်းချုပ်ရောက်ရှိလာသောအခါ လိုဏ်ခေါင်းအ
သီးမှ ဂိုဏ်းသားများထွက်လာပြီး အရိုအသေပေးကြသည်။

ဟူကျန်းစုက ခေါင်းတစ်ချက် ဆတ်ခနဲညိတ်လိုက်ပြ
နောက် ကြီးမားသည့် လိုဏ်ခေါင်းတစ်ခုထဲသို့ ဝင်လာတော့သည်

ထိုလိုဏ်ခေါင်းသည် ဟူကျန်းစု အမိန့်မရဘဲ မည်သူ
မဝင်ရချေ။ ထင်းရှဂိုဏ်းသားအများစုမှာ လိုဏ်ခေါင်းအပြင်တွင်
ရစ်ခဲ့ကြသည်။

ဟူကျန်းစုသည် လိုဏ်ခေါင်းအတွင်းသို့ ဝင်လာခဲ့သည်
လိုဏ်ခေါင်းလမ်းတစ်လျှောက် လျှောက်လာပြီးသောအခါ ရှေ့၌
ခါးတစ်ချပ် ပိတ်ဆို့ထားသည်ကိုတွေ့ရ၏။ ထိုတံခါးကား သံမဏိ
ခါးတည်း။



"ဝုန်း... ဝုန်း... ဝုန်း"

ဟူကျန်းစုသည် သံမဏိတံခါးကို လက်ဖြင့် သုံးချက်ပုတ်
လိုက်၏။

တံခါးပွင့်သွားလေတော့သည်။

ဟူကျန်းစုသည် နောက်မှပါလာသော အစောင့်နှစ်ယောက်
အား စောင့်ကြပ်နေရန်အချက်ပြလိုက်ပြီး သူက အခန်းတွင်းသို့ ဝင်
သွားလေ၏။

"ဂျိမ်း... ဂျလိမ်း... ဂျလိမ်း"

အခန်းတံခါးသည် ပြန်ပိတ်သွား၏။ သူသည် အခန်းထဲ၌
လှည့်ပတ်ကြည့်ရှုလိုက်သည်။

အခန်းသည် ပေငါးဆယ်ခန့် ကျယ်ဝန်းသဖြင့် ရှေ့ ဆက်
လိုဏ်ခန်းများအနက် အတော်ကျယ်သောအခန်းဖြစ်သည်ဟု ပြော
ရမည်။

အလယ်တွင် စားပွဲတစ်လုံးရှိပြီး စားပွဲပေါ်တွင် သံတိုသံစ
များ ပြည့်နှက်နေသည်။

အခန်းထောင့်တွင် ခုတင်တစ်လုံးရှိပြီး လူတစ်ယောက်လဲ
လျောင်းနေ၏။ ထိုလူသည် ဟူကျန်းစုကိုတွေ့သောအခါ ထထိုင်
လိုက်သည်။

"ဘယ့်နှယ့် အစောကြီးရောက်လာရတာလဲ"

"ခိုးမင်... ငါ အစောကြီးရောက်လာရတာပေါ့၊ မင်း တပ်
ဆင်နေတဲ့ကိစ္စကို စိတ်ပူနေရတာကိုး၊ အဲဒါပြီးမှ ငါ စိတ်အေးရမှာ၊
ငါ ရာဇာသံပေးထားတာ ရက်နှစ်ဆယ်ပဲလိုတော့တယ်"

ခုတင်ပေါ်မှလူသည် ထင်းရှူးကျေးရွာမှ ခုံးမင်ဖြစ်ပါတော့သည်။ မိုးကြိုးသိုင်းသမား ခုံးဟူ၏သားဖြစ်ပါသည်။

သူသည် ဖခင်သေဆုံးပြီးနောက် ထင်းရှူးကျေးရွာတွင် နေလိုစိတ် မရှိတော့သဖြင့် သိုင်းလောကအနှံ့လျှောက်သွားတော့သည်။ ထိုအခါ ဟူကျန်းစုနှင့်ခင်မင်ရင်းနှီးသော သိုင်းသမားဖြစ်လာလေသည်။

ပထမတွင် ဟူကျန်းစုသည် ခုံးဟူ၏သားမှန်း မသိပါ။ ခုံးမင်ကလည်း ခုံးဟူ၏သားဖြစ်ကြောင်း မပြောချေ။ သိလာသောအခါ ဟူကျန်းစုသည် သူသိသည့်အကြောင်းကိုမပြောဘဲ သူ့အား ရင်းနှီးခင်မင်လာအောင် စည်းရုံးသိမ်းသွင်းတော့သည်။

ခုံးမင်အား အလိုလိုက် အကြိုက်ဆောင်ပေးခဲ့သည်။ ဤနည်းဖြင့် ခုံးမင်သည် ဟူကျန်းစုအား အလွန်ပင် ရင်းနှီးသော သူငယ်ချင်းအဖြစ် သတ်မှတ်လိုက်တော့၏။

ဟူကျန်းစုသည် ထင်းရှူးဂိုဏ်းကို တည်ထောင်လိုက်သည်။

သူသည် ခုံးမင်အား လက်ကိုင်ထားပြီး သိုင်းလောကတစ်ခုလုံးကိုစိုးမိုးရန် စီမံလေတော့သည်။

သူသည် အကြံကြီး ကြံစည်သူ ဖြစ်၏။ သေးငယ်သောဂိုဏ်းကလေးများကို စုရုံးသိမ်းသွင်းလိုက်သောအခါ သူ၏ထင်းရှူးဂိုဏ်းသည် ဂိုဏ်းကြီးတစ်ဂိုဏ်း ဖြစ်သွားလေတော့သည်။

ဟူကျန်းစုသည် ဉာဏ်ကောင်းသူဖြစ်၏။ သိုင်းလောကကို စိုးမိုးလိုလျှင် ရှောင်လင်ကျောင်းအား စတင်ဖြိုခွဲရမည်ဟု စိတ်ကူးမိသည်။ ရှောင်လင်ကျောင်းပြိုကွဲလျှင် အခြားသိုင်းဂိုဏ်းများ အလိုလို



သူ့လက်အောက်သို့ ရောက်ရမည်ဟု တွက်ချက်သည်။

တကယ်တမ်းတွင် ရှောင်လင်ကျောင်းအား စိန်ခေါ်လျှင် အခြားဂိုဏ်းမှ သိုင်းဂိုဏ်းချုပ်ကြီးများအားလုံး ပါဝင်ကူညီကြမည်ကို ဟူကျန်းစု မတွေးမိပေ။

ယခု ဟူကျန်းစုက အပိုင်တွက်၍ထား၏။ ရှောင်လင်ဂိုဏ်း ပြိုကွဲလျှင် အခြားသိုင်းဂိုဏ်းအားလုံး ထင်းရှူးဂိုဏ်းလက်အောက်သို့ ကျရောက်ရမည်ဟု။

တစ်ခုတော့ ဟူကျန်းစု နားလည်သည်။ သူ့သိုင်းပညာသည် ရှောင်လင်ဂိုဏ်းချုပ်ကြီးကိုမဆိုထားနှင့် ဟူတန်းဂိုဏ်းချုပ်ကြီးကိုပင် မမီသေးကြောင်း သူ ကောင်းစွာ သိရှိပါသည်။

ထိုသို့သိရှိလျက်က အဘယ်ကြောင့် ရှောင်လင်ကျောင်းအား စိန်ခေါ်ရသနည်း။ သူ့၌ လျှို့ဝှက်ချက်ရှိပါသည်။ ထိုလျှို့ဝှက်ချက်မှာ ခုံးမင်ပင်ဖြစ်ပါသည်။

ခုံးမင်က ခုတင်ပေါ်မှ ထလာပြီး....

"မင်း မပူစမ်းပါနဲ့ကွာ၊ မင်းချိန်းတဲ့ရက်မတိုင်ခင် ငါက ငါးခုပြီးအောင် လုပ်ပေးမှာပါကွ"

ခုံးမင်၏စကားကိုကြားလိုက်သောအခါ ဟူကျန်းစု၏မျက်နှာမှာ သကာရည်လောင်းလိုက်သကဲ့သို့ ပြုံးချိုသွားလေတော့၏။

"အင်း... မိုးကြိုးသွားလက်နက်တစ်ခုတည်း ရှိတုန်းကတောင် သိုင်းလောကတစ်ခုလုံး ဖိန့်ဖိန့်တုန်အောင် ကြောက်ရသေးတာ၊ အခု ငါးခုတောင်ရမယ်ဆိုတော့ ဘာပြောကောင်းမလဲ"

ခုံးမင်က ကြားဖြတ်ပြောလိုက်၏။

"မင်းကို ရောင်လင်ဂိုဏ်းချုပ်ကြီး မပြောနဲ့ မိုးပေါ်က နတ်မင်းကြီးဆင်းပြီး ရင်ဆိုင်ရင်တောင် မနိုင်နိုင်တော့ဘူး၊ ဟား... ဟား... ဟား"

ဟူကျန်းစုကလည်း ရယ်မောလိုက်လေ၏။

"ဟုတ်မှလဲ လုပ်ပါကွာ"

ဟူကျန်းစုက ပြောလေ၏။

ခုံးမင်က....

"ဟုတ်ပါတယ်ကွ၊ မင်းကို သေချာပေါက် မိုးကြိုးသွား လက်နက်ငါးခု လုပ်ပေးမှာပါ၊ ငါ ညာပြောတာ မဟုတ်ဘူး၊ အခု ဝေဘ် နှစ်ခုပြီးနေပြီ၊ တစ်ခုတည်းနဲ့တောင် သိုင်းလောကကို ကိုင်လှုပ်နိုင်ပါတယ်ကွ၊ နှစ်ခုဆိုရင် ပြောစရာမရှိတော့ဘူး"

"ငါ ယုံပါတယ်ကွာ၊ ငါနဲ့မင်းဟာ သူငယ်ချင်းအရင်းကြီးပဲ ဥစ္စာ၊ ဟား... ဟား... ဟား"

ဟူကျန်းစုက ရယ်မော၍ ပြောလိုက်လေ၏။



## အခန်း(၃)

## ထင်းရှူးကိုက်ချော

နဂါးငါးကောင်သည် ရောင်လင်ကျောင်းတော်သို့ရောက်လာကြလေ၏။ ရောင်လင်ကျောင်းတော်တွင် သိုင်းလောကထိပ်သီးများရောက်ရှိနေကြောင်းတွေ့ရသည်။

နဂါးငါးကောင်စလုံး ကျောင်းထိုင်ဆရာတော် စုကျိုးအား ရိုသေစွာ ရှိခိုးကြလေ၏။

"အေး... အေး... ဒကာကြီးတို့ လာကြပြီလား"

"တပည့်တော်တို့ နောက်တောင်ကျနေပြီ မှတ်တယ်"

မဟူရာနဂါးက လျှောက်ထားလိုက်၏။

ကျောင်းထိုင်ဆရာတော်က....

"နောက်မကျပါဘူး... အချိန်တော်ပါပဲ"

နဂါးငါးကောင်က သူတို့၏ထင်မြင်ယူဆချက်များကို ကျောင်းထိုင်ဆရာတော်အား ပြောကြသည်။

ထိုအခါ ကျောင်းထိုင်ဆရာတော် မျက်မှောင်ကုပ်သွားလေတော့၏။

"ဒကာကြီးတို့ ပြောတာ စဉ်းစားစရာပဲ၊ ဟူကျန်းစုက ကျုပ်ကိုစိန်ခေါ်ရင် အားလုံးကိုရင်ဆိုင်ရမယ်ဆိုတာ မသိဘူးလား မသိဘူး"

**"သိတော့ သိလိမ့်မယ်"**

**မဟူရာနဂါးက** ပြောလေ၏။

ကျောင်းထိုင်ဆရာတော်က....

"သိရက်သားနဲ့ လုပ်တာဆိုရင်တော့ ဟူကျန်းစုဟာ အတော် မိုက်မဲတယ်လို့ ပြောရမှာပဲ"

မဟူရာနဂါးက....

"မှန်ပါဘုရား၊ ဟူကျန်းစုဆီမှာ အကြံအစည်တစ်ခုရှိနိုင်ပါတယ်၊ သူဟာ အရင်က ဂိုဏ်းတွေကို ရာဇသံပို့ရင် ခုနစ်ရက်ထက်ပိုပြီး အချိန်ပေးလေမရှိပါဘူး၊ အခုပဲ ရက်သုံးဆယ်တောင် ပေးထားတယ်ဆိုတော့ သူ့မှာလဲ နိုင်လောက်တဲ့ အင်အားမပြည့်သေးဘူးနဲ့တူပါတယ်ဘုရား"

ကျောင်းထိုင်ဆရာတော်သည် ခေါင်းညိတ်နားထောင်နေလေ၏။ အရှေ့သိုင်းရာဇာရှောက်ထင်းက ဝင်ပြောလေ၏။

"ကျုပ်တို့ တစ်ခုခုတော့ လုပ်သင့်ပြီ"

ဟူတန်းဂိုဏ်းချုပ်က ထောက်ခံလေ၏။

"ဟုတ်တယ် သူတို့က စမတိုက်ခင် ကျုပ်တို့အင်အားတွေစုစည်းပြီး ဟူကျန်းစုကိုအရင်တိုက်ရင် ကောင်းမယ်ထင်တယ်"

ခွန်းလွန်ဂိုဏ်းချုပ်ကလည်း ထောက်ခံ၏။

"သိပ်ကောင်းတယ်၊ အဲဒါ သူ့နည်းပဲ၊ သူက ဂိုဏ်းငယ်က



လေးတွေကို လျှပ်တပြက် တိုက်ခိုက်ခဲ့တယ်မဟုတ်လား၊ ကျုပ်တို့ကလဲ သူ့ကိုလျှပ်တပြက် တိုက်ခိုက်ရမယ်"

ရှောင်လင်ကျောင်းထိုင်ဆရာတော်က မေးလိုက်၏။

"တိုက်တာက အကြောင်းမဟုတ်ပါဘူး၊ အခု ထင်းရှုဂိုဏ်းရဲ့ဌာနချုပ်ကိုကော သိပြီလား၊ သူ့ဌာနချုပ်ကိုသိဖို့ အရေးကြီးတယ်"

ဟူတန်းဂိုဏ်းချုပ်က....

"ထိုက်စန်းတောင်မှာ သူတို့ဌာနချုပ် ရှိပါတယ်"

ရှောင်လင်ကျောင်းထိုင်ဆရာတော်က....

"ထိုက်စန်းတောင်ဆိုတာ အင်မတန် မြင့်တယ်၊ ရှည်လဲရှည်လျားတယ်၊ နေရာအတိအကျမသိဘဲနဲ့ သွားတိုက်လို့မဖြစ်ပေဘူး၊ နေရာအတိအကျသိရင်တောင် အစီအစဉ်ကို အသေအချာရေးဆွဲမှဖြစ်မယ်"

ထိုအခါ တိမ်ဖြူနဂါးက ဝင်ပြောလေ၏။

"ထင်းရှုဂိုဏ်းဌာနချုပ်ဖြစ်နိုင်တဲ့ တောင်ထိပ်နှစ်ခုကို တပည့်တော် စုံစမ်းထားပါတယ်၊ နောက် နှစ်ရက်လောက်ကြာရင် အတိအကျသိရှိရပါလိမ့်မယ်"

ကျောင်းထိုင်ဆရာတော်က ခေါင်းညိတ်လေ၏။

"ကောင်းပြီ... ဒီလိုဆိုရင် ကျုပ်တို့တိုက်ခိုက်ဖို့ အစီအစဉ်ရေးဆွဲကြမယ်"

သိုင်းလောကထိပ်သီးများသည် ခေါင်းချင်းရိုက် တိုင်ပင်ကြလေတော့၏။

နောက်ငါးရက်ကြာသောအခါ လူနှစ်ဆယ်ခန့်စီ ပါဝင်သော

အဖွဲ့ကလေးများသည် တစ်ဖွဲ့ပြီးတစ်ဖွဲ့ ထိုက်စန်းတောင်သို့ ရောက်ရှိလာကြလေတော့၏။

သူတို့သည် ထိုက်စန်းတောင်၏အရှေ့ဘက်မှ မတက်ချေ။ အရှေ့ဘက်သည် လမ်းသာ၏။ အစောင့်များ များစွာ ချထားနိုင်၏။ ထို့ကြောင့် တက်ရခက်ခဲသော အနောက်တောင်ဘက် တောင်တက်လမ်းကို ရွေးချယ်လိုက်ကြလေ၏။

လူနှစ်ဆယ်ခန့်ပါဝင်သောအဖွဲ့များသည် စုစုပေါင်းဆယ်ဖွဲ့ခန့်ရှိသည်။ နဂါးငါးကောင်ဦးဆောင်သောအဖွဲ့များ သိုင်းရာဇာလေးယောက် ဦးဆောင်သောအဖွဲ့များ၊ ရှောင်လင်ဂိုဏ်း၊ ဟူတန်းဂိုဏ်း၊ ခွန်းလွန်ဂိုဏ်းနှင့် ဝါမေဂိုဏ်းတို့မှ ဦးဆောင်သောအဖွဲ့များ ဖြစ်ကြပေသည်။

အဖွဲ့တိုင်းတွင် ပါဝင်သောသိုင်းသမားများသည် ထိပ်တန်းအဆင့်ရှိလေသည်။ ထို့ကြောင့် သူတို့၏လှုပ်ရှားမှုမှာ မြန်ဆန်သလောက် ညင်သာသိမ်မွေ့မှုရှိလေ၏။ မကြာမီ ထိုအဖွဲ့ဆယ်ဖွဲ့သည် ထင်းရှူးဌာနချုပ်ရှိရာသို့ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့တော့၏။

အရှေ့ဦးတွင် ဟူကျန်းစုသည် တိုက်သံခိုက်သံများ မာန်သွင်းအော်ဟစ်သံများကို ကြားလိုက်ရသဖြင့် မျက်လုံးများ ပြူးကျယ်သွားရလေ၏။

ဟူကျန်းစုသည် တောက်ခေါက်လိုက်၏။ ကင်းချထားသူများ အိပ်နေကြသလောဟု တွေးလိုက်သည်။

ထို့နောက် ဓားကိုကိုင်ဆွဲ၍ ဂူအတွင်းမှ ထွက်ခွာလေတော့သည်။



ဟူကျန်းစုသည် အပြင်ရောက်သည်နှင့်တိုက်ပွဲအခြေအနေကို တွေ့မြင်ရတော့သည်။

များပြားလှသောသိုင်းသမားများသည် သူတို့ဌာနချုပ်ကို ထိုးဖောက်ဝင်ရောက်ပြီး တိုက်ခိုက်နေကြပေပြီ။

သူသည် ခုံးမင်ရှိရာ လိုဏ်ဂူသို့သွားရန် ဆုံးဖြတ်လိုက်၏။ ခုံးမင်သည် မိုးကြိုးသွားလက်နက်နှစ်ခုကို တပ်ဆင်ထားပြီးပြီ မဟုတ်ပါလား။ ထိုမိုးကြိုးသွားလက်နက်ဖြင့် ဤရန်သူများကို တိုက်ခိုက်ရပေတော့မည်။

သူသည် ခုံးမင်ရှိရာဂူသို့ ထွက်လာလေ၏။

ထိုအခါ အဖြူရောင်လူရိပ်တစ်ရိပ်က သူ့အား တားဆီးလာလေတော့၏။ ထိုသူသည် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသောလူရွယ်တစ်ယောက်ဖြစ်ကြောင်း တွေ့ရှိရသည်။

"ဟူကျန်းစု... ခင်ဗျား ဘယ်ကိုပြေးမလို့လဲ၊ ခင်ဗျားပြေးလို့ မလွတ်ပါဘူးဗျာ"

ထိုလူရွယ်က ပြောလေ၏။

ဟူကျန်းစု အံကြိတ်လိုက်သည်။

"မင်းတို့က အလစ်တိုက်တာကိုး"

"ဟား... ဟား... ဟား၊ ခင်ဗျားတို့ကများ ပြောရတယ်ရှိသေးသလား၊ ခင်ဗျားတို့ဂိုဏ်း အလစ်တိုက်လို့ ဂိုဏ်းသေးဂိုဏ်းမွှားလေးတွေ အကုန်ကုန်ပြီ၊ သိုင်းလောကစည်းကမ်းကို မစောင့်ထိန်းတဲ့ ခင်ဗျားဂိုဏ်းကို ဘာသိုင်းလောကစည်းကမ်းမှ ပြန်ထိန်းဖို့မလိုဘူးဗျ၊ ကဲ... ကဲ... ခင်ဗျား အဖမ်းခံလိုက်ပါ၊ ခင်ဗျား၊ ငယ်သားတွေလဲ သေ

သူသေ၊ ကြေသူကြေ၊ အဖမ်းခံရသူက အဖမ်းခံရဖြစ်ကုန်ပါပြီ"

လူရွယ်က ပြောလိုက်လေ၏။

ထိုအခါ ဟူကျန်းစုက ဟက်ဟက်ပက်ပက် ရယ်မောလေတော့၏။

"မင်း ကျုပ်ကို ဖမ်းနိုင်မယ်ထင်လို့လား"

"ခင်ဗျား သဘောပေါက်သင့်ပါတယ်ဗျာ၊ သိုင်းလောကသက်တမ်းတစ်လျှောက် ကြည့်လိုက်စမ်း၊ သိုင်းလောကကိုစိုးမိုးဖို့ကြံစည်တဲ့လူမှန်သမျှ ဘယ်သူမှ သက်ဆိုးမရှည်ကြဘူးဗျ၊"

လူရွယ်က သေချာစွာ ပြောပြလေသည်။

ဟူကျန်းစုက **ဒေါသဖြစ်သွားသည်**။ သူ့အား လက်နက်ချအညံ့ခံရန် ပြောကြား**နေသည်မ**ဟုတ်ပါလား။ သူသည် သူ့လက်အောက်ငယ်သား**များကို ကြည့်**လိုက်သည်။ မှန်သည်။ သူ့လက်အောက်ငယ်သားများ **အတုံးအရုန်း** နှိမ်နင်းခံနေရပြီ။

ထို့ကြောင့် ဟူကျန်းစုသည် မာန်သွင်းအော်ဟစ်ပြီး လူရွယ်ထံသို့ ခုန်ဝင်လိုက်၏။ လူရွယ်၏ရင်ဝသို့လက်ဝါးဖြင့် ရိုက်ချလိုက်သည်။ သူ့လက်ဝါးရိုက်ချက်မှာ လျင်မြန်ပြီး အားပါလေသည်။

လူရွယ်ကလည်း ကိုယ်တစ်ခြမ်းစောင်းပြီး ညာလက်ဝါးဖြင့်ပြန်လည်ခုခံပေးလိုက်၏။ ထိုအခါ လက်ဝါးနှစ်ခုရိုက်မိသွားတော့သည်။

"ဝုန်း...."

နှစ်ယောက်စလုံး တုန်ခါသွား၏။

လူရွယ်မှာ နောက်သို့ခြေလှမ်းဝက်မျှ ဆုတ်ခွာပေးလိုက်ရ



သည်။ အတွင်းသားအရာ၌ ဟူကျန်းစုက မသိမသာလေး သာနေသည်။ သို့သော် ဤမျှလောက်နှင့်တော့ အနိုင်ရရန် မသေချာပေ။

"မင်း မဆိုးဘူး၊ ဘယ်သူလဲ"

"တိမ်ဖြူနဂါး ထင်းကျန်"

"ဩော်... တိမ်ဖြူနဂါးကိုး"

တိမ်ဖြူနဂါးက ဓားကိုဆွဲထုတ်လိုက်၏။

ဓားသည် ဝင်းလက်သွားသည်။ အဖြူရောင်ဝတ်စုံကဲ့သို့ပင် ဓားမှာလည်း အဖြူရောင်ဖြစ်သည်။

ဟူကျန်းစုသည် ဓားရောင်ဝင်းလက်သွားသည်ကိုကြည့်ပြီး ရင်ထိတ်သွား၏။ ဓားသည် ဓားကောင်းတစ်လက်ဖြစ်ကြောင်း ရိပ်မိလိုက်သည်။

မကြာမီ အဖြူရောင်အလင်းတန်းဖြစ်ပေါ်လာကာ တိမ်ဖြူနဂါး၏ဓားသည် ဟူကျန်စုအား လွှမ်းခြုံသွားလေတော့၏။

ဟူကျန်းစုကလည်း ဓားကို တစ်ချက်မျှ ရိုက်ထုတ်လိုက်သည်။

"ချွမ်း... ချလွမ်း"

ဟူကျန်းစု အမှန်တကယ် ရင်ထိတ်သွားရပေပြီ။ သူ၏ပြိုင်ဘက် တိမ်ဖြူနဂါးသည် သာမည တစ်ဦးမဟုတ်ကြောင်း သိလိုက်ရလေပြီ။

တိမ်ဖြူနဂါးသည် သူ၏အကျော်ကြားဆုံးနဂါးသိုင်းကွက်များကိုထုတ်၍ အဆက်မပြတ် တိုက်ခိုက်လိုက်၏။

သိုင်းရာဇာလေးယောက်မှာလည်း ရန်သူထိပ်သီး သိုင်းသ

မားများကို တစ်ယောက်ပြီးတစ်ယောက် သတ်ဖြတ်သုတ်သင်ပစ်လေ၏။ ထင်းရှုဂိုဏ်းသားများ အတုံးအရုန်းကျဆုံးကုန်သည်။

ဤသို့ ဖြင့်သိုင်းရာဇာလေးယောက်သည် လိုဏ်ဂူဝတစ်ခုသို့ ရောက်ရှိလာခဲ့တော့သည်။

ထင်းရှုဂိုဏ်းသားလေးယောက် စောင့်ကြပ်နေကြောင်း တွေ့ရသည်။

**သိုင်းရာဇာတစ်ယောက်က....**

**"ဟေ့... ဒီကောင်တွေကို ရှင်းပစ်လိုက်"**

**သူ့အော်သံမှာ မဆုံးခင်** သိုင်းရာဇာသုံးယောက်တို့သည် ဂူပေါက်ဝ၌တွေ့ရသော သိုင်းသမားလေးယောက်အား သုတ်သင်ပြီးလေပြီ။ ရန်သူသိုင်းသမားများ စူးရှကျယ်လောင်သောအသံနက်ကြီးများနှင့်အော်ပြီး အသက်ထွက်သွားကြသည်။

အရှေ့သိုင်းရာဇာက ပြောသည်။

"ဟေ့... ဒီကောင်တွေ ဒီဂူကို အစောင့်ချထားပုံထောက်ရင် ဒီဂူထဲမှာ တစ်ခုခုရှိရမယ်"

အနောက်သိုင်းရာဇာက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ဒီထဲမှာ တစ်ခုခုရှိရမယ်"

သိုင်းရာဇာလေးယောက်သည် လိုဏ်ဂူထဲသို့ဝင်ခဲ့ကြတော့သည်။ ထိုအခါ သံမဏိတံခါးတစ်ချပ်သည် သူတို့အား ပိတ်ဆို့ထားဆီးထားကြောင်း တွေ့ရသည်။

"ကဲဟေ့... လူကုန်း၊ မင်းပဲ တံခါးဖွင့်ပေတော့"

မြောက်ပိုင်းသိုင်းရာဇာ လူကုန်းမှာ သူတို့ထဲတွင် အတွင်းအား အကောင်းဆုံးဖြစ်၏။ ထို့ကြောင့် အရှေ့ပိုင်း သိုင်းရာဇာက ပြောလိုက်ခြင်းဖြစ်ပါသည်။

မြောက်ပိုင်းလူကုန်းသည် သံမဏိတံခါးအား လက်ဝါးရိုက်လိုက်၏။

"ဒုန်း...."

သံမဏိတံခါးသည် အနည်းငယ်မျှ တုန်ခါသွားသည်။ ပွင့်တော့ မပွင့်ချေ။

လူကုန်း မျက်မှောင်ကုပ်သွား၏။ သူ့အတွင်းအား သူ ယုံကြည်သည်။ ဤသံမဏိတံခါးသည် အတွင်းအားရိုက်ဖွင့်၍ မရနိုင်သလော။

လူကုန်းသည် ထပ်မံ၍ တစ်ကြိမ်ရိုက်လိုက်သည်။

"ဒုန်း...."

ဤအကြိမ်တွင်လည်း တံခါးလှုပ်သွားရုံမျှသာ ရှိသည်။ တံခါးမပွင့်ချေ။

တောင်ပိုင်းသိုင်းရာဇာ ကျုံးစန်း....

"မင်း ရိုက်လေ၊ ဒါ သံမဏိတံခါးကွ၊ မင်း အားကုန်တာပဲ အဖတ်တင်မယ်၊ တံခါးကတော့ ပွင့်မှာ မဟုတ်ဘူး"

အရှေ့ပိုင်းသိုင်းရာဇာ ချောက်ထင်းက အားလုံးကို မေးလေ၏။

"တံခါးကို ဘယ်လိုဖွင့်မလဲ"

တောင်ပိုင်းသိုင်းရာဇာက ရှင်းပြလိုက်သည်။

"လျှို့ဝှက်ခလုတ်ကို ရှာကြပါ၊ လျှို့ဝှက်ခလုတ်ရှိရမယ်"

သိုင်းရာဇာလေးယောက်တို့သည် ခလုတ်ကိုရှာဖွေကြလေ တော့၏။ မကြာမီ အရှေ့ပိုင်းသိုင်းရာဇာထံမှ အော်သံထွက်ပေါ်လာ လေ၏။

"ဒီမှာ တွေ့ပြီဟေ့...."

အရှေ့ပိုင်းသိုင်းရာဇာသည် ခလုတ်အား နှိပ်လိုက်လေ၏။ သိုင်းရာဇာလေးယောက်တို့သည် ဂူအတွင်းသို့ လှမ်းဝင်သွားလေ တော့၏။ အထဲမှ ရန်သူက ရုတ်တရက် တိုက်ခိုက်မည်ကိုတော့ သူတို့ နိုးရိမ်သည်။ အားလုံး အကာအကွယ်ပြုလုပ်သွားကြလေ၏။

ခုတင်ပေါ်တွင် ခုံးမင် အိပ်နေလေ၏။

သူသည် ညက တစ်ညလုံး မအိပ်ရသဖြင့် ယခု နှစ်နှစ်မြိုက် မြိုက်အိပ်ပျော်နေခြင်း ဖြစ်၏။

ညက မိုးကြိုးသွားလက်နက်ကိုတပ်ဆင်ခဲ့သည်။ ထိုအလုပ် ကို အလွန်စိတ်ပါဝင်စားစွာ လုပ်ကိုင်ခဲ့သဖြင့် မိုးလင်းခါနီးမှအိပ်ပျော် သွားခြင်းဖြစ်သည်။

သိုင်းရာဇာလေးယောက် ခုန်ဝင်လာသောအခါ ခုံးမင်သည် အိပ်ချင်မူးတူးဖြင့် ခုတင်ပေါ်၌ထထိုင်လေ၏။

သိုင်းရာဇာလေးယောက်သည် ခုန်ဝင်လာသည်ကိုကြည့် ပြီး...

"မင်းတို့ ဘယ်သူတွေလဲ"

ခုံးမင်က မေးခွန်းထုတ်လိုက်၏။

"မင်းတို့ကို သုတ်သင်မယ့်လူတွေပဲ"

အရှေ့ပိုင်းသိုင်းရာဇာက ဤသို့ပင် ဖြေလိုက်သည်။



ထိုအခါ ခုံးမင်သည် မျက်လုံးကျယ်သွားပြီး စားပွဲခုံဆီသို့ လှမ်းခုန်ဝင်လိုက်တော့၏။ မိုးကြိုးသွားလက်နက်ဆန်းကို အရယူရန် ဖြစ်တော့သည်။

မြောက်ပိုင်းသိုင်းရာဇာ လူကုန်းက ကြားဖြတ်လက်ဝါးဖြင့် ရိုက်လိုက်သည်။ ခုံးမင်သည် မိုးကြိုးသွားလက်နက်ကို မယူနိုင်တော့ ချေ။ မြောက်ပိုင်းသိုင်းရာဇာ၏ရိုက်ချက်ကို ခုခံပေးလိုက်ရသည်။

"ဝုန်း...."

လက်ဝါးချင်းထိရိုက်သံ မြည်ဟည်းထွက်ပေါ်လာသည်။ ခုံး မင်သည် မိုးကြိုးသွားလက်နက်ကို မယူနိုင်တော့ပါ။ ယူနိုင်သည့်အ ခွင့်အလမ်းသည် ပိတ်သွားပြီဖြစ်ပါသည်။

အရှေ့ပိုင်းသိုင်းရာဇာသည် ခုန်ဝင်လာပြီး ခုံးမင်အား တိုက် ခိုက်လေ၏။ အရှေ့ပိုင်းသိုင်းရာဇာနှင့် ခုံးမင်သည် အပြန်အလှန် တိုက်ခိုက်နေကြသည်။

ခုံးမင်၏သိုင်းပညာသည် သူ့ဖခင် ခုံးဟူကဲ့သို့ပင် တိပ်သီး အဆင့်ရှိသည်ဖြစ်ရာ အရှေ့ပိုင်းသိုင်းရာဇာမှာ ခုံးမင်ကို အနိုင်မရဘဲ ဖြစ်နေပေသည်။

ခုံးမင်သည် လက်ဝါးတစ်ချက် ရိုက်လိုက်၏။ အရှေ့ပိုင်း သိုင်းရာဇာက သတိထားပြီး ခုခံရသည်။

"ဝုန်း...."

ပြင်းထန်သောအသံကြီး မြည်ဟည်းထွက်ပေါ်လာ၏။ အ ရှေ့ပိုင်းသိုင်းရာဇာလည်း ခြေလှမ်းသုံးလှမ်းမျှ ဆုတ်ပေးလိုက်ရ သည်။ ခုံးမင်ကား ခြေလှမ်းတစ်လှမ်းမျှသာ ဆုတ်ပေးရသည်။

အရှေ့ ပိုင်းသိုင်းရာဇာထက် နှံးမင်က အတွင်းအား သာကြောင်း
သိလိုက်ရလေပြီ။

ခုံးမင် နှာခေါင်းရှုံ့လိုက်၏။

"တစ်ယောက်နဲ့အများတိုက်ခိုက်တာ ရှက်စရာမကောင်း
ဘူးလား။ ဒါဟာ သိုင်းလောကထုံးစံ မဟုတ်ဘူးကွ"

မြောက်ပိုင်းသိုင်းရာဇာသည် ရယ်မောလိုက်၏။

"မင်းတို့လို အောက်လမ်းသိုင်းသမားတွေကိုဖြစ်သလို အ
နိုင်ယူတာဟာ နည်းတောင်နည်းသေးတယ်၊ မင်းတို့က သိုင်းလောက
ထုံးစံကို အလေးထားလို့လား"

ပြောပြောဆိုဆို တောင်ပိုင်းသိုင်းရာဇာက ဝင်ရောက်တိုက်
ခိုက်လိုက်သည်။ ယခုအခါ အရှေ့ပိုင်းသိုင်းရာဇာနှင့်တောင်ပိုင်းသိုင်း
ရာဇာတို့ နှစ်ယောက်ပေါင်း တိုက်နေကြလေပြီ။

ခုံးမင်သည် အကွက်လည်အောင် မနည်းခုခံနေရ၏။ သူ
တို့ နှစ်ယောက်ပေါင်းတိုက်သော်လည်း ခုံးမင်ကို အနိုင်မရဘဲရှိနေ
သည်။

ထိုအခါ အနောက်ပိုင်းသိုင်းရာဇာနှင့် မြောက်ပိုင်းသိုင်းရာ
ဇာတို့လည်း ခုံးမင်အား ဝိုင်းဝန်းတိုက်ခိုက်ကြတော့၏။ ထိုအခါ အ
ခြေအနေမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွား၏။ ခုံးမင်မှာ တစ်စတစ်
ရှုံးနိမ့်လာသည်။ အကွက်ပေါင်း တစ်ရာကျော်သောအခါ ခုံးမင်သည်
တောင်ပိုင်းသိုင်းရာဇာ၏သွေးကြောပိတ်ခြင်းကို ခံလိုက်ရတော့
သည်။

"ဝုန်း…"



ခုံးမင်မှာ ဝုန်းခနဲ လဲကျသွား၏။

မြောက်ပိုင်းသိုင်းရာဇာက သက်ပြင်းချလိုက်၏။

"ဟင်း… ဒီလူရဲ့သိုင်းပညာက ကြောက်စရာပဲ"

တောင်ပိုင်းသိုင်းရာဇာက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်… သူဟာ ဟူကျန်းစုထက်တောင် နိမ့်ကျမှာ
မ ဟုတ်ဘူး၊ သာရင်သာ သာမှာ"

အရှေ့ပိုင်းသိုင်းရာဇာက စားပွဲပေါ်မှ မိုးကြိုးသွားလက်နက်
များကို ကြည့်လိုက်၏။

"ဒါက ဘာလဲမသိဘူး"

အားလုံးက လှမ်းကြည့်လိုက်ကြသည်။

စားပွဲပေါ်တွင် တစ်ပုံစီပုံထားသော ပစ္စည်းများရှိနေပြီး
တစ်နေရာတွင် သတ္တုဘူးကလေးတစ်ခုရှိနေ၏။ ထိုသတ္တုဘူးက
လေးသည် (၈)လက်မခန့်ရှည်ပြီး (၃)လက်မခန့် ဖျက်ကျယ်၏။ ဘူး
အဖုံးပေါ်တွင် ဘုကလေးသုံးဘုရှိ၏။ သတ္တုဘူး၏မျက်နှာစာတစ်
ဘက်တွင် အပေါက်ငယ်ကလေးများ များစွာ ရှိနေ၏။

အရှေ့ပိုင်းသိုင်းရာဇာက လှမ်းကိုင်ရန် ဟန်ပြင်လိုက်သည်။

"ဟေ့… ဟေ့၊ မကိုင်နဲ့"

ထူးခြားသော ဟန့်တားသံကိုကြားလိုက်ရသည့် တစ်ခဏ
အားလုံးပင် သမင်လည်ပြန် လှည့်ကြည့်လိုက်ကြ၏။ ရှောင်လင်
ကျောင်းမှ ဆရာတော် ဟူကွမ်းပေတည်း။

ဟူကွမ်းသည် သက်ပြင်းချရင်း ပြောလိုက်၏။

"အင်း… ဟူကျန်းစုက ဒါကြောင့် သိုင်းလောကို စိုးမိုးဖို့ကြံ

စည်ရဲတာပဲ"

ဆရာတော်ဟူကွမ်း၏စကားကို သိုင်းရာဇာအားလုံး နား
လည်ကြပေ။

အရှေ့ပိုင်းသိုင်းရာဇာက....

"ဘာလဲ ဆရာတော်၊ ဘာကိုတွေ့လို့လဲ"

ဟူကွမ်းက....

"ဟောဟိုမှာ... လဲနေတဲ့လူဟာ ခုံးမင်ပဲ၊ မင်းတို့ ကြားဖူး
မှာပေါ့"

သိုင်းရာဇာလေးယောက်မှာ ထိတ်လန့်သွားကြလေ၏။

အရှေ့ပိုင်းသိုင်းရာဇာက....

"မိုးကြိုးသိုင်းသမား ခုံးဟူရဲ့သား ခုံးမင် ဟုတ်လား"

ဟူကွမ်းက ခေါင်းညိတ်၏။

မြောက်ပိုင်းသိုင်းရာဇာက အော်ကြီးဟစ်ကျယ်ပြောလို
သည်။

"ဒါဆို ကျုပ် သိပြီ၊ ဟောဒီပစ္စည်းဟာ မိုးကြိုးသွားတွေ
ဖြစ်ရမယ်"

ဟူကွမ်းက ခေါင်းညိတ်၏။

"ဟုတ်တယ်... ဒီလက်နက်တွေဟာ မိုးကြိုးသွားတွေပါ
ဒါကြောင့်မို့ မကိုင်နဲ့လို့ ပြောတာ"

မြောက်ပိုင်းသိုင်းရာဇာက ပြောလိုက်သည်။

"အင်း... မိုးကြိုးသွား... မိုးကြိုးသွား၊ နာမည်ကျော်
လောက် အထင်ကြီးစရာလဲ ဘာမှမရှိပါကလား"



ဟူကွမ်းက သက်ပြင်းချလိုက်၏။

"မင်းတို့အထင်သေးတဲ့ အဲဒီသတ္တုဘူးထဲမှာ အဆိပ်အပ်က
လေးတွေ ထောင်နဲ့ချီပြီး ထည့်ထားတယ်၊ မိုးကြိုးသွားလက်နက်ပုန်း
ကို ပစ်ခတ်ရင် ခြေလှမ်းသုံးဆယ်အကွာက လူတောင် ဘယ်လောက်
ကိုယ်ဖော့ပညာကောင်းပါစေ ရှောင်လို့မလွတ်ပါဘူး"

တောင်ပိုင်းသိုင်းရာဇာက သံသယရှိစွာ မေးလေ၏။

"ဟုတ်ပါ့မလား"

ဟူကွမ်းက....

"မိုးကြိုးသိုင်းသမားဟာ ဒီလက်နက်ပုန်းကို ဘယ်နှစ်ကြိမ်
သုံးခဲ့သလဲဆိုတာ မင်း သိသလား"

တောင်ပိုင်းရာဇာက လက်နှစ်ချောင်းထောင်ပြ၏။

"နှစ်ကြိမ်ပါ"

"မင်းတို့ကြားဖူးသားပဲ၊ အဲဒီနှစ်ကြိမ်စလုံး ဘယ်သူကများ
ရှောင်တိမ်းနိုင်ခဲ့လို့လဲ"

တောင်ပိုင်းသိုင်းရာဇာမှာ ငြိမ်သွား၏။

သူတို့သည် မိုးကြိုးသွားအကြောင်းကို ကောင်းစွာ ကြားဖူး
ထားခဲ့သည်။

ခုံးဟူသည် သိုင်းလောက၌ မိုးကြိုးသွားလက်နက်ကိုနှစ်
ကြိမ်သာ အသုံးပြုခဲ့သည်။ ပျံလွှားသိုင်းသမား ရဲ့ဝင်းနှင့်ယှဉ်ပြိုင်
စဉ်က တစ်ကြိမ်နှင့် အရိပ်မဲ့သိုင်းသမား ထင်းဝါနှင့်ယှဉ်ပြိုင်စဉ်က
တစ်ကြိမ် ပေါင်းနှစ်ကြိမ်ဖြစ်သည်။

ပျံလွှားသိုင်းသမား ရဲ့ဝင်းသည် ပျံလွှားဓားသိုင်းဖြင့် နာ

မည်ကျော်ခဲ့သည်။ သူ့ဓားသိုင်းသည် ရေပက်မဝင်ဟု ဆိုကြသည့် သို့သော် ပျံလွှားဓားသိုင်းသည် မိုးကြိုးသွားလက်နက်ကို မခုခံနိုင်ခဲ့ချေ။

ထိုနည်းတူ အရိပ်မဲ့သိုင်းသမားထင်းဝါသည်လည်း ကိုယ်ဖျောက်ပညာကောင်းလှ၏။ နာမည်ကိုက အရိပ်မဲ့သိုင်းသမားဟု အမည် တွင်ခဲ့ခြင်းက ကိုယ်ဖျောက်ပညာ မည်မျှကောင်းလှသည်ကို သိနိုင်၏။

သိုင်းလောကတွင်လည်း ကိုယ်ဖျောက်ပညာအရာ၌ နံပါတ်တစ်အဆင့်ရှိသူဖြစ်သည်။ သူဖြတ်သန်းလိုက်လျှင် အရိပ်ပင် မတွေ့ရဟု ပြောစမှတ်ပြုကြရသည်။

ဤမျှ ကိုယ်ဖျောက်ပညာကောင်းလှပါလျက် အရိပ်မဲ့သိုင်းသမားသည် မိုးကြိုးသွားလက်နက်ပုန်းကို မရှောင်နိုင်ခဲ့ချေ။ ဤလက်နက်ပုန်းကြောင့် ဒုက္ခိတဖြစ်သွားရရှာသည်။

ဤသည်ကို သိုင်းရာဇာလေးယောက် ကြားဖူးပါလျက် မိုးကြိုးသွားလက်နက်ပုန်း၏အစွမ်းကို မယုံကြည်ကြချေ။

ဟူကွမ်းက....

"ခုံးမင် ပျောက်နေတယ် မှတ်တယ်၊ သူက ဒီမှာ ဟူကျန်းရုံနဲ့လာပြီး ပူးပေါင်းနေတာကိုး၊ သူတို့က ပူးပေါင်းပြီး မိုးကြိုးသွားလက်နက်တွေ ဒီမှာ လာလုပ်နေကြတာကိုး"

ဆရာတော် ဟူကွမ်းသည် ခုံးမင်အား ပွေ့ချီလိုက်၏။

"ဒီမိုးကြိုးသွားလက်နက်ဟာ သိုင်းလောကမှာမရှိသင့်ဘူး၊ အထက်လမ်း အောက်လမ်းသိုင်းလောကအတွက် အင်မတန် အန္တ



ရာယ်ကြီးတယ်၊ မင်းတို့ ဒီလက်နက်တွေကို ဖျက်ဆီးပစ်လိုက်ကြပါ'

"တင်ပါ့ ဘုရား"

သိုင်းရာဇာလေးယောက်က ဝန်ခံလိုက်ကြ၏။ ဆရာတော် ဟူကွမ်းသည် ခုံးမင်အား ခေါ်ဆောင်ကာ ဂူအတွင်းမှထွက်သွားလေ၏။

အတန်ကြာမှ သိုင်းရာဇာလေးယောက်သည် ဂူတွင်းမှပြေးထွက်လာပြီး အပြင်မှ ရန်သူများကို လက်စသတ်လိုက်လံရှင်းလင်းလေ၏။ ထင်းရှုဂိုဏ်းသားများသည် ရဲဝံ့စွာ ခုခံတိုက်ခိုက်ကြသဖြင့် ပွဲမှာ လက်စမသတ်နိုင်ဘဲ ဖြစ်နေလေ၏။

သိုင်းရာဇာလေးယောက်ထွက်လာပြီး မကြာမီ ပေါက်ကွဲသံကြီးထွက်ပေါ်လာပြီး ခုံးမင်နေထိုင်သောဂူကြီးသည် ပြိုကျသွားလေ၏။

ရှောင်လင်ကျောင်းမှ တရုတ်ဘုန်းတော်ကြီးများသည် ထင်းရှုဂိုဏ်းသားများကို တစ်ယောက်စီ လိုက်လံရှင်းလင်းနေ၏။ ထင်းရှုဂိုဏ်းသားများမှာ ရေရှည်တွင် ခေါင်းမမာနိုင်တော့ချေ။ လက်မြှောက်အရှုံးပေးကြရတော့သည်။

ထိုအခါမှ ဂိုဏ်းချုပ်များသည် ဟူကျန်းစုအား လိုက်လံရှာဖွေကြလေတော့၏။

နဂါးလေးကောင်မှာလည်း သူတို့၏ညီတော် တိမ်ဖြူနဂါးအား မတွေ့သဖြင့် လိုက်လံရှာဖွေနေကြသည်။

ထိုအခါ တောင်စောင်းတစ်နေရာတွင် ပြင်းထန်စွာတိုက်ခိုက်နေကြသော လူနှစ်ယောက်အား တွေ့လိုက်ကြရတော့သည်။

မဟူရာနဂါးက....

"ဟော... ဟိုမှာ ညီလေး မဟုတ်လား"

အနီရောင်နဂါးက ပြေးရင်း ပြောသည်။

"ဟုတ်တယ်...ဟာ... သူနဲ့တိုက်နေတာ ဟူကျန်းစုပဲ၊ ကျွန်တို့ အမြန်ဆုံးသွားကူမှ ဖြစ်မယ်"

နဂါးလေးကောင်သည် ပြောရင်း ပြေးလွှားသွားကြလေတော့၏။ ဂိုဏ်းချုပ်များလည်း ထိုနေရာသို့ ပြေးလွှားသွားကြလေသည်။

သို့သော် သူတို့သည် ထိုနေရာသို့ အရောက်မသွားနိုင်ချေ

အဘယ့်ကြောင့်ဆိုသော် တိမ်ဖြူနဂါးနှင့်ဟူကျန်းစုတို့ တိုက်ခိုက်နေသည့်နေရာသည် အလွန်တရာ ကျဉ်းမြောင်းသောတောင်စောင်းဖြစ်နေသောကြောင့်တည်း။

သူတို့သည် တစ်ဘက်ကိုကပ်၍ တိုက်နေကြရ၏။ အခြားတစ်ဘက် ချောက်ကြီးဖြစ်နေသဖြင့် ချောက်ထဲ မကျစေရန် သတိထားပြီး တိုက်နေရသည်။ ကူမည့်သူများ အနေဖြင့် တစ်ယောက်လမ်းသို့တက်သွားပြီး မည်သူမျှ မကူညီနိုင်ချေ။

နဂါးလေးကောင်မှာ တောက်တခေါက်ခေါက်ဖြစ်သွားကြ၏။ သူတို့သည် ကူညီချင်ပါလျက် မကူညီနိုင်ဘဲဖြစ်နေရသည်မဟုတ်ပေလော။

ထို့ကြောင့် နဂါးလေးကောင်နှင့်ဂိုဏ်းချုပ်များသည် လက်မှိုင်ကျကာ တိမ်ဖြူနဂါးနှင့်ဟူကျန်းစုတို့၏တိုက်ပွဲကို ငေးကြည့်နေကြရလေတော့၏။ ငေးကြည့်နေရုံမှအပ သူတို့ ဘာမျှမတတ်နိုင်တော့



ချေ။

တိုက်ပွဲမှာ ပြင်းထန်နေ၏။ ဟူကျန်းစုမှာ စိတ်ပူစပြုနေလေပြီ။ သူတို့သည် ဓားသိုင်းကွက်ငါးရာကျော်သုံးပြီးခဲ့ကြပြီ မဟုတ်ပါလော။ သို့သော် တိမ်ဖြူနဂါးကို သူအနိုင်မရခဲ့သေးပါချေ။

သူတို့တိုက်ခိုက်ရသည်မှာ ပို၍ကျဉ်းကြပ်လာ၏။ ဟူကျန်းစုသည် သူ ကျရောက်နေသည့်နေရာမှထွက်နိုင်ရန် အကြိမ်ကြိမ် ကြိုးစားခဲ့သည်။ သို့သော် တိမ်ဖြူနဂါးက ထွက်မရအောင် ပိတ်ဆို့ထားခဲ့သဖြင့် မထွက်နိုင်ဘဲ ဖြစ်နေသည်။

သိုင်းကွက်များပြားရှည်ကြာလာသဖြင့် နှစ်ယောက်စလုံး မောပန်းလာသည်။ အတိမ်းအစောင်းမခံနိုင်သော အခြေအနေသို့ ဆိုက်ရောက်လာလေပြီ။

ဟူကျန်းစုသည် အံကိုတင်းတင်းကြိတ်ထား၏။ အတွင်းအားကိုစုစည်းကာ တစ်ကွက်ချင်း တိုက်ခိုက်လေတော့သည်။

တိမ်ဖြူနဂါးထင်းကျန်မှာလည်း သုံးကြိမ်တိတိ ရှုံးနိမ့်ရန်ကြုံခဲ့သည်။ သို့ရာတွင်မူ ဟူကျန်းစု လောကြီးနေသည့်အတွက် သူ ထိုရှုံးနိမ့်မှုမှ လွတ်မြောက်ခဲ့ရသည်။

ယခုလည်း မောပန်းနေလေပြီ။ တစ်ကွက်ချင်း တိုက်ခိုက်နေရသည်။ သူ့တစ်ကိုယ်လုံး ချွေးများ စို့ရွှဲနေခဲ့ရလေပြီ။ သူသည် ဟူကျန်းစုအား ဤအတိုင်း တိုက်ခိုက်နေလျှင် သူပင်ရှုံးနိမ့်နိုင်ကြောင်း တွေးမိသည်။

အကြောင်းမှာ သူ အားအင် ကုန်ခမ်းလာသောကြောင့ ဖြစ်ပါသည်။ ယခုပင် ဓားလွတ်ကျနေချင်ပြီ မဟုတ်ပါလော။ ဓားကို

မြဲအောင် မကိုင်နိုင်တော့ပြီမဟုတ်ပါလော။

တိမ်ဖြူနဂါးသည် အံကိုတင်းတင်းကြိတ်၍ အားတင်းလိုက်ရ၏။ ထိုစဉ် ဟူကျန်းစုသည် အတွင်းအားထည့်ပြီး တိုက်ခိုက်လာသည်ကိုကြုံရလေ၏။

တိမ်ဖြူနဂါး ရင်ထိတ်သွားရသည်။ သူ အားကုန်ချိန်မှ ဟူကျန်းစု အတွင်းအား ထည့်သုံးလာသည့်အချက်ကို သူသဘောမကျချေ။

ဟူကျန်းစု၏ပြင်းထန်သောဓားချက်သည် နှေးကွေးလေးလံသော်လည်း အားပါသည်။ သူ့အနေဖြင့် ခုခံရန် ခက်သည်။

ထို့ကြောင့် သူသေ ကိုယ်သေ တိုက်ကွက်ဖြစ်သော နဂါးရေသောက်သိုင်းကွက်ကို အသုံးပြုလိုက်လေတော့သည်။

အဖြူရောင်အလင်းတန်းသည် စက်ဝိုင်းပုံသဏ္ဌာန်ထွက်ပေါ်လာပြီးနောက် ရုတ်တရက် အောက်သို့ဆိုက်ဆင်းလာ၏။

ထိုအချိန်တွင် ဟူကျန်းစုကလည်း ဓားကိုစွေစောင်းခုတ်ချသည်။ ဓားနှစ်စင်း ပြင်းထန်စွာ တွေ့ထိကြလေပြီ။

"ချွင်... ချလွင်"

"ဟာ..."

ကြည့်နေသူများ ဟာခနဲ ဖြစ်သွားကြ၏။

ဟူကျန်းစု၏ဓားမှာ ကျိုးပြတ်ထွက်သွားသည်။ တိမ်ဖြူနဂါးထင်းကျန်၏ဓားက ဟူကျန်းစု၏ဦးဆစ်အား ခုတ်မိသွား၏။ တစ်ပြိုင်တည်းလိုလိုပင် ဟူကျန်းစု၏ဘယ်လက်ကလည်း တိမ်ဖြူနဂါး၏ရင်ဝသို့ လာထိသည်။



"ဝုန်း..."

တိမ်ဖြူနဂါးမှာ နောက်သို့လွင့်စင်သွား၏။ ဟူကျန်းစု၏ခြေထောက်တစ်ဖက်လည်း ပြတ်ထွက်သွားသည်။ ဟူကျန်းစုသည် ဟန်ချက်ပျက်ကာ တောင်ထိပ်မှ အသူရာတမျှ နက်သော ချောက်ထဲသို့ ကျသွားလေတော့၏။

## အခန်း(၄)

## ကျဆုံးလေသောတိမ်ဖြူနဂါး

အားလုံးပင် မှင်သက်ငေးကြောင်နေမိကြသည်။ တိမ်ဖြူနဂါးထင်းကျန်သည် ကံအားလျော်စွာ တောင်နံရံဘက်သို့ကပ်၍ ကျလေသည်။ အကယ်၍ ချောက်ဘက်သို့ကျလျှင် သူလည်း ဟူကုန်းရှ နောက်သို့လိုက်ရမည် မလွဲပါချေ။

ဦးစွာ သတိဝင်လာသူမှာ မဟူရာနဂါးဖြစ်၏။ မဟူရာနဂါးသည် တိမ်ဖြူနဂါးဆီသို့ ပထမဦးစွာ ပြေးလွှားသွား၏။ သူသည် တိမ်ဖြူနဂါးအား ပွေ့ထူလိုက်သည်။

တိမ်ဖြူနဂါးသည် မောပန်းနေရာမှ ရင်ဝအရိုက်ခံလိုက်ရသောအခါ ရင်ဝ၌မခံနိုင်အောင် နာကျင်နေမိတော့သည်။ သူသည် ဝေါခနဲထိုးအန်လိုက်၏။ တိမ်ဖြူနဂါး၏ပါးစပ်မှ သွေးများအန်ထွက်လာသည်။ သူ၏ဝတ်ရုံဖြူမှာ ရဲရဲနီသွားလေတော့သည်။ မဟူရာနဂါးက အမောတကောခေါ်၏။

"ညီလေး... ညီလေး"

တိမ်ဖြူနဂါးက အားယူပြောလိုက်၏။



"အစ်ကိုကြီး"

မဟူရာနဂါးက မေးလိုက်၏။

"ညီလေး မောနေမယ်၊ အမောဖြေပါကွယ်"

"အစ်ကိုကြီး"

"ညီလေး ဘာပြောချင်လို့လဲ၊ ပြော... ပြောချင်ရင်ပြော"

တိမ်ဖြူနဂါးက အားယူလိုက်သည်။

"အစ်ကိုကြီး... ညီ... ညီလေးရဲ့သား... သားကို ညီလေးနေရာရောက်အောင် ကြိုးစား... ကြိုးစားပေးပါ"

"အို... ညီလေး ဘာပြောနေတာလဲ၊ ညီလေး မသေနိုင်ဘူး၊ ညီလေး မသေစေရဘူး"

နဂါးလေးကောင်မှာ ဝိုင်းအုံမကြည့်ပါချေ။ ကြည့်ရန်လည်း နေရာက မရှိပါချေ။ ဂိုဏ်းချုပ်ကြီးများမှာလည်း နဂါးလေးကောင် နောက်မှ တန်းစီရပ်နေရလေသည်။

ထိုစဉ် လူကြားထဲမှသမားတော်သိုင်းသမားသည် တိုးထွက်လာလေ၏။ ခက်ရာခက်ဆစ် ရှေ့သို့တက်လာရ၏။

အနီရောင်နဂါးက သမားတော်သိုင်းသမားကို ပြောလိုက်၏။

"ကျုပ်ညီလေးကို ကြည့်ပေးပါဦးဗျာ"

သမားတော်သိုင်းသမားသည် တိမ်ဖြူနဂါးကို ခက်ရာခက်ဆစ်ကျော်ဖြတ်ကာ မဟူရာနဂါးနှင့် ခေါင်းချင်းဆိုင်စစ်ဆေးကြည့်ရှုလေ၏။ ထို့နောက် ဆေးဘူးကိုထုတ်ကာ ဆေးလုံးတစ်လုံး ထုတ်ယူလိုက်၏။ မဟူရာနဂါး လက်ထဲသို့ထည့်ကာ...

"ဒီဆေးလုံးကို တိုက်လိုက်ပါ၊ သူ့ဝေဒနာ ခဏတော့ သက်သာသွားလိမ့်မယ်"

မဟူရာနဂါးသည် ဆေးလုံးကို တိမ်ဖြူနဂါးပါးစပ်တွင်းသို့ ထည့်ပေးလိုက်၏။

ထိုအခါ တိမ်ဖြူနဂါးသည် မှိန်းကျသွားတော့သည်။

သမားတော် သိုင်းသမားက ပြောလိုက်၏။

"သူ့ကို နေရာကျယ်ကျယ်ဆီ ဘယ်လို့ရဂါပြီ၊ ကဲ... သယ်ကြ၊ သယ်ကြ"

မဟူရာနဂါးသည် တိမ်ဖြူနဂါးကို ပွေ့ချီလိုက်၏။ ထို့နောက် တောင်ထပ်တစ်ယောက်သွားလမ်းမှ သယ်ယူခဲ့လေတော့သည်။

ရှောင်လင်၊ ဟူတန်း၊ ဝါမေနှင့်ခွန်းလွန်ဂိုဏ်း လေးဂိုဏ်းမှ ဂိုဏ်းချုပ်ကြီးများသည် ထင်းရှူဂိုဏ်း၏ဌာနချုပ်အား လက်စသတ်ဖျက်ဆီးပစ်လိုက်တော့၏။ ထို့နောက် အားလုံးပင် ထိုက်စန်းတောင်မှ ပြန်လာကြတော့၏။

လူလေးယောက် သို့မဟုတ် နဂါးလေးကောင်....

အဝါရောင်၊ အနီရောင်၊ အပြာရောင်နှင့် အနက်ရောင်ဟူသည့်အရောင်များက ကွဲပြားသော်လည်း လူပုံသဏ္ဍာန်များက ကွဲပြားမှုမရှိလှပါ။ ခါးစည်းကြိုးမှာ အားလုံးရွှေရောင်ပင်ဖြစ်ပါသည်။



ခါးစည်းကြိုးအတွင်းဓားကို ဓားအိမ်မရှိဘဲ စိုက်ထားကြပုံလည်း တူညီပါသည်။ ဓားရိုးတိုင်တွင် နဂါးတစ်ကောင် ရစ်ခွေနေပုံကို ထွင်းထုထားပါသည်။

ထိုပုံသဏ္ဍာန်မှာ နဂါးဂိုဏ်းသားအားလုံး၏ပုံသဏ္ဍာန် ဖြစ်ပါသည်။ နဂါးဂိုဏ်းသားလက်အောက်ခံသိုင်းသမားရော၊ ခေါင်းဆောင်များပါ ဤပုံသဏ္ဍာန်အတိုင်း ဝတ်ဆင်ကြပါသည်။

နဂါးလေးကောင်သည် အခန်းတစ်ခုရှေ့၌ ငြိမ်သက်စွာရှိနေကြ၏။ သူတို့သည် ကျောက်ရုပ်မျက်နှာများနှင့်ငြိမ်သက်စွာ ရှိနေကြပါသည်။ သူတို့နေရာ၌ ထိုင်နေသည်မှာ ထိုက်စန်းတောင်မှ ဆင်းလာကတည်းက ဖြစ်သည်။

တစ်နေ့နှင့်တစ်ည ရှိခဲ့ပြီဖြစ်သည်။

သူတို့သည် အနားယူရန်လည်း သတိမရကြပါ။ အစားအသောက် စားသောက်ရန်လည်း သတိမရကြပါ။ အခန်းတံခါးကိုသာ ရှုးစိုက်ကြည့်နေကြပါသည်။

ထိုအခိုက် အခန်းတံခါးသည် ပွင့်သွား၏။ နဂါးလေးကောင်၏မျက်လုံးများသည် အရောင်တောက်ပသွားသည်။

တည်ကြည်သောလူတစ်ယောက် ထွက်လာသည်။ ထိုလူ၏မျက်နှာမှာ မအိပ်ရသေးသဖြင့် ချောင်ကျနေ၏။ ထိုချောင်ကျနေခြင်းက မျက်နှာထား ဗိုမိုနက်ရှိုင်းသယောင် မြင်နေကြရသည်။

နဂါးလေးကောင်သည် ထိုလူကိုတွေ့ရသောအခါ ထခုန်လိုက်ကြ၏။

"သမားတော်ကြီး..."

အားလုံးကပင် ပြုံးတူခေါ်လိုက်ကြသည်။

သမားတော်သိုင်းသမားက သက်ပြင်းချလိုက်၏။ ထို့

နောက် ဦးခေါင်းကို လေးပင်စွာ ခါယမ်းလိုက်သည်။

"ကျုပ် အတတ်နိုင်ဆုံး ကြိုးစားခဲ့ပါတယ်၊ ဒါပေမယ့် သူ့

ခန္ဓာကိုယ်ထဲက ကလီစာတွေ ပျက်စီးသွားတာကိုတော့ ကျုပ် ဘယ်

လိုမှအကောင်းပကတိဖြစ်အောင် မလုပ်နိုင်တော့ပါဘူး၊ ဟူကျန်းရ

ရဲ့ ရိုက်ချက်ဟာ အတော်ပြင်းတယ်၊ သူဟာ နောက်ဆုံး အတွင်းအား

ကို ထုတ်သုံးသွားခဲ့ပုံရပါတယ်"

"ဟင်...."

နဂါးလေးကောင်၏အာမေဋိတ်သံမှာ ပြိုင်တူထွက်လာ

တော့သည်။

သမားတော် သိုင်းသမား ဆက်လက်ပြောဆိုလေ၏။

"တစ်ခုပဲ ကျုပ်တတ်နိုင်တယ်"

စကားကိုပြောပြီး တစ်ပိုင်းလက်စနှင့် ရပ်တန့်ထားလေ၏

မဟူရာနဂါးက....

"ပြောပါ... သမားတော်ကြီးပြောပါ"

"သူ မကြာခင် သေဆုံးရတော့မယ်၊ ဒီအခါမှာ သူဝေဒနာ

ခံစားရအောင် ကျုပ် ကူညီနိုင်ပါတယ်၊ ခင်ဗျားတို့ အားလုံး သူ့ကို

နှုတ်ဆက်နိုင်အောင်တော့ ကျုပ်ကူညီနိုင်ပါတယ်"

သမားတော်ကြီးက မျက်နှာအောက်ချ၍ ပြောလိုက်ခြင်း

ဖြစ်ပါသည်။

မဟူရာနဂါးသိပါသည်။ သမားတော်သိုင်းသမားက အ



တွင်းအားဖြင့် အသက်ဆက် ကုသထားခြင်းပင် ဖြစ်ရပါမည်။ သ

မားတော်သိုင်းသမား၏စကားဆုံးသောအခါ နဂါးလေးကောင်သည်

အခန်းထဲသို့ပြေးဝင်ကြတော့သည်။

ခုတင်ပေါ်၌ တိမ်ဖြူနဂါး လဲလျောင်းနေသည်။ သူ၏မျက်

နှာမှာ သူ ဝတ်ဆင်ထားသည့် ဝိတ်ဖြူထက်ပင် ပို၍ ဖြူနေပါသည်။

နားထင်ချိုင့်နေသော သူ့မျက်နှာမှာ ပို၍ပင် ချုံးကျနေပါသည်။

အဝါရောင်နဂါးမှာ နှုတ်ခမ်းကိုကိုက်လိုက်ပါသည်။ မျက်

ဝန်းတွင် မျက်ရည်စများ ရစ်ဝဲတွဲခိုလာသည်။ တိမ်ဖြူနဂါးကို သူအ

ချစ်ဆုံးဖြစ်သည် မဟုတ်ပါလော။

တိမ်ဖြူနဂါးသည် သူတို့ထဲတွင် အငယ်ဆုံးဖြစ်၏။ သိုင်းပ

ညာတွင်လည်း အတော်ဆုံးဖြစ်၏။

ထို့ကြောင့် အားလုံးက ဝိုင်းဝန်း ချစ်ခင်ကြသည်။ ညီငယ်

တိမ်ဖြူနဂါးသည် အစ်ကိုကြီးများ၏စကားကို မည်သည့်အခါမှ မ

ဖယ်ရှားခဲ့ဖူးချေ။

ယခု တိမ်ဖြူနဂါး ဝေဒနာခံစားနေရပေပြီ။ နဂါးလေး

ကောင်စလုံး မျက်ရည်များ ရစ်ဝဲလာကြသည်။ သူတို့ကြည့်နေစဉ်

တိမ်ဖြူနဂါး၏မျက်လုံးများ ပွင့်လာလေ၏။

မဟူရာနဂါးက ကြိုးစား ပြုံးပြလိုက်၏။ မျက်ရည်များကို

တိမ်ဖြူနဂါးမမြင်စေရန်လည်း ပုတ်ခတ်ပုတ်ခတ် ပြုလုပ်လိုက်ပြီး

ကွယ်ပျောက်သွားစေလေပြီ။

"ညီလေး... သတိရပြီလား"

တိမ်ဖြူနဂါးက မသိမသာ ခေါင်းညိတ်ပြ၏။

"ညီလေး... မကြာခင် သက်သာသွားမှာပါ"

မဟူရာနဂါး၏စကားသံသည် ခြောက်ကပ်နေ၏။ မဟူ

နဂါးသည် ပြောရင်း သူ့အသံကို သတိထားလိုက်မိ၏။

အဝါရောင်နဂါးကလည်း...

"ဟုတ်တယ် ညီလေး၊ ဘာမှမပူနဲ့၊ ညီလေး ပြန်နေကေ

သွားမှာပါ၊ အခု သမားတော်သိုင်းသမားက ညီလေးကို ကုသပေ

တယ်၊ မကြာခင် ညီလေး နေကောင်းသွားမှာပါ"

တိမ်ဖြူနဂါး၏ပါးစပ် တလှုပ်လှုပ်ဖြစ်လာသည်။ နဂါးငေ

ကောင်စလုံး ဂရုစိုက်ကြည့်လိုက်၏။ တော်တော်နှင့် စကားသံထွ

လာပေ။ အတန်ကြာမှ...

"ကျွန်တော့်ကို နှစ်သိမ့်နေကြတာ ကျွန်တော်သိပါတယ်

တိမ်ဖြူနဂါး၏စကားကို အားလုံးပင် နားစိုက်ထောင်ကြ

၏။ ထိုအခါကျမှ အားလုံးကြားသည်။

အပြာရောင်နဂါးက...

"ညီလေး... မောနေမယ်၊ စကားမပြောပါနဲ့၊ အစ်ကိုကြီး

ပြောမယ့်စကားကိုသာ နားထောင်"

တိမ်ဖြူနဂါးက...

"ညီလေး ပြောရမယ်"

"ပြောရမယ်ဆိုရင်လဲ ပြောသာပြော၊ အစ်ကိုကြီးတို့ နာ

ထောင်နေမယ်"

မဟူရာနဂါးက ပြောလိုက်ခြင်းဖြစ်ပါသည်။

တိမ်ဖြူနဂါး၏ပါးစပ် တလှုပ်လှုပ်ဖြစ်လာပြန်သည်။



မဟူရာနဂါးက အားပေးလိုက်၏။

"ညီလေး ပြောသာပြောပါ၊ အစ်ကိုကြီးတို့ နားထောင်နေပါ

တယ်"

တိမ်ဖြူနဂါးက ကြိုးစားပြောလိုက်၏။

"ညီလေးရဲ့သား... သားကို"

မဟူရာနဂါးက ကပျာကယာ ပြောလိုက်၏။

"စိတ်ချပါ ညီလေး၊ မင်းရဲ့သားရှေ့ရေး တိုးတက်ဖို့ကို ငါတို့

လေးယောက်စလုံး တာဝန်ယူပါတယ်၊ မင်းရဲ့နေရာရောက်တဲ့အထိ

ငါတို့ပြုစုပျိုးထောင်ပေးပါ့မယ်"

အပြာရောင်နဂါးက...

"ဟုတ်တယ်"

အဝါရောင်နဂါးကလည်း ကတိပေးသည်။

"ငါလဲ ကတိပေးပါတယ်"

ထိုကတိစကားများကိုကြားသောအခါ တိမ်ဖြူနဂါး၏မျက်

ပေါ်တွင် ပြုံးယောင်သမ်းသွားလေ၏။ ထို့နောက် မျက်စိပြန်မှိတ်

သွားသည်။

အတန်ကြာသောအခါ ခန္ဓာကိုယ်တစ်ချက်တုန်ခါသွားပြီး

မိကျသွားလေတော့၏။ တိမ်ဖြူနဂါးကျဆုံးသွားပြီ ဖြစ်လေသည်။

မဟူရာနဂါးသည် အံကြိတ်ပြီး ခေါင်းမော့ထားသည်။ မျက်

ရည်များ အောက်သို့ကျလာမည်ဆိုသောကြောင့် ဖြစ်၏။ သို့သော်

မျက်ရည်များကတော့ စီးကျလာသည်သာ။

အဝါရောင်နဂါးနှင့်အနီရောင်နဂါးတို့ကမူ ငိုရှိုက်နေကြ၏။

အပြာရောင်နဂါးကမူ မျက်ရည်မကျပါ။ ပါးစပ်မှ တတွတ်တွတ် ရွတ်နေပါသည်။

"စိတ်ချပါ ညီလေး၊ ညီလေးတောင်းတဲ့ကတိကို ငါတို့ဘ တော့မှမမေ့ဘူး၊ ညီလေးဖြစ်ချင်တာကို မဖြစ်ဖြစ်အောင်လုပ် မယ်၊ ညီလေးဟာ ရန်သူကိုအနိုင်တိုက်ရင်း သေဆုံးသွားရတာ ဒီတော့ ညီလေးပြောခဲ့တဲ့စကားကို အကောင်အထည်ဖော်ရင်း ည လေးကို ဂုဏ်ပြုမှာပဲ"

ထိုစကားများကို တိမ်ဖြူနဂါး မကြားနိုင်တော့ပါ။ အက ၍ ကြားနိုင်မည်ဆိုပါကလည်း သစ္စာရှိလှသော သူ၏ သွေးသော ညီအစ်ကိုများကို ကျေးဇူးတင်မိမည်မှာ မလွဲပါချေ။



## အခန်း(၅)

### နဂါးငယ်

ဆောင်းရာသီ ကျရောက်လာပေပြီ။ လေတစ်ချက် ဝှေ့ယမ်း တိုက်ခတ်လိုက်သောအခါ သစ်ရွက်ခြောက်များသည် လေအကြော မြေခကြရတော့သည်။

ထိုအခိုက် အဖြူရောင်အလင်းတန်းတစ်ခုသည် ဝင်းလက် သွား၏။ သစ်ရွက်ခြောက်များ အဖြူရောင်အလင်းတန်းပေါ်လာ သောအခါ ပို၍ ကျလာသည်။

"ဖြောင်း... ဖြောင်း... ဖြောင်း"

လက်ခုပ်သံနှင့်အတူ အဝါရောင်ဝတ်စုံဝတ် လူတစ်ယောက် ထွက်ပေါ်လာလေ၏။ ထိုသူကား အဝါရောင်နဂါး ချိုထင်းပင် ဖြစ် တော့သည်။

အဖြူရောင်အလင်းတန်းဖြစ်ပေါ်စေသူက လူငယ်လေး တစ်ယောက်ဖြစ်သည်။ ထိုလူငယ်လေးသည် ဓား(ကိုခါးစည်းကြိုးအ တွင်း ပြန်လည်ထည့်သွင်းပြီး အဝါရောင်နဂါး ချိုထင်းကို ဦးညွှတ် ဂါရဝပြုလိုက်လေ၏။

ချို့ထင်းက....

"အင်း... ဘာလိုလိုနဲ့ (၇) နှစ်တောင် ရှိလာပြီပဲ"

လူငယ်က....

"ဘဘ... ကျွန်တော့် ဓားပညာက...."

အဝါရောင်နဂါး ချို့ထင်းက ပြုံးလိုက်သည်။

"အခုဆိုရင် မင်းဟာ ကျုပ်တတ်သလောက် အကုန်တတ်နေပါပြီ၊ တကယ်ဆိုရင် မင်းဟာ ဘဘထက်တောင် တတ်နေတယ်လို့ ဆိုရမယ်၊ မင်းအရွယ်တုန်းကဆိုရင် ဘဘဟာ မင်းလောက် ဘယ်တတ်ပါ့မလဲ"

လူငယ်၏မျက်နှာတစ်ပြင်လုံး ရဲခနဲဖြစ်သွား၏။ ချီးကျူးစကားကို လူငယ် ခံနိုင်ပုံမရပါ။

"ဘဘကလဲ...."

လူငယ် သည်မျှသာ ပြောနိုင်သည်။

အဝါရောင်နဂါး ချို့ထင်းက....

"ဘဘက အမှန်အတိုင်းပြောနေတာ၊ မင်းကို မြှောက်နေတာမဟုတ်ဘူး။ မင်း... ဘဘတို့ နဂါးလေးကောင်ဆီမှာ ပညာသင်ခဲ့တာ လေးနှစ်ရှိနေပြီ၊ ဘဘတို့ရဲ့ ဓားပညာတွေကို မင်းရခဲ့ပြီ၊ နောက်နှစ် အနီရောင်နဂါးဆီရောက်သွားပြီးရင် မင်းက နဂါးလေးကောင်ရဲ့ ကိုယ်ပွားဖြစ်သွားပြီ"

လူငယ်မှာ ခေါင်းငုံ့သွား၏။

အဝါရောင်နဂါးက လူငယ်အား စိုက်ကြည့်လိုက်၏။ လူငယ်၏မျက်နှာမှာ ကြီးလာလေလေ တိမ်ဖြူနဂါးထင်းကျန်နှင့် တူ



လေလေ ဖြစ်နေပါသည်။ အဝါရောင်နဂါးအဖို့ ထင်းကျန်နဂါးကို သတိရစရာဖြစ်နေတော့သည်။

လူငယ်၏အမည်မှာ တင်းမိန်ဖြစ်သည်။

နဂါးလေးကောင်သည် ပေးထားသောကတိအား မမေ့ကြပါ၊ သူတို့သည် တင်းမိန်အား ပြုစုပျိုးထောင်ကြပါသည်။ တင်းမိန်အား ဓားသိုင်းပညာကို တစ်နှစ်စီ သင်ကြားပေးကြပါသည်။

တင်းမိန်သည် ငယ်ရွယ်သူဖြစ်သော်လည်း အလွန်ပင်ဉာဏ် ကောင်းလေသည်။ သင်ကြားပေးသောဓားပညာများကို လျှင်မြန်စွာ တတ်မြောက်ခဲ့ပါသည်။

ထို့ကြောင့် တစ်ဦးထံတွင် နှစ်နှစ်မျှ နေပြီးသောအခါ နဂါးလေးကောင်တတ်ထားသမျှ ဓားပညာရပ်အားလုံး တင်းမိန်သင်ယူရရှိသွားတော့သည်။

အဝါရောင်နဂါးက ပြောလိုက်၏။

"မင်း မနက်ဖြန် အနီရောင်နဂါးဆီ သွားရမယ်"

တင်းမိန် ခေါင်းညိတ်လိုက်၏။

အဝါရောင်နဂါးက....

"အခုပုံစံအတိုင်းဆိုရင် မင်းဟာ သူ့ဆီမှာ တစ်နှစ်ပြည့်အောင်တောင် နေရမယ်လို့မထင်ဘူး။ မင်းဟာ ငါသင်သမျှအားလုံးကို လွယ်လွယ်ကူကူတတ်မြောက်သလို အနီရောင်နဂါးသင်ပေးမယ့်ပညာတွေကိုလဲ လွယ်လွယ်ကူကူတတ်မြောက်မှာပါပဲ၊ ဒါပေမယ့် ငါ တို့တတ်ထားတဲ့ပညာတွေက မလွယ်ကူဘူးကွ"

"ဘဘ ချီးကျူးတာကို ကျေးဇူးတင်ပါတယ်ဗျာ"

"ကဲ... ကဲ... အနားယူပေတော့"

တင်းမိန် ဦးညွတ်ကာ ထွက်သွားသည်။

အဝါရောင်နဂါးမှာ တင်းမိန်အား ကြည့်ရင်း တိမ်ဖြူနဂါးကို သတိရနေသည်။ တိမ်ဖြူနဂါးသာရှိလျှင် ထက်မြက်လှသော သားအတွက် မည်မျှဂုဏ်ယူလိုက်မည်နည်း။

အဝါရောင်နဂါး သက်ပြင်းချလိုက်သည်။ ထို့နောက် ဖြည်းညင်းစွာ အိမ်လေးဘက်သို့ ပြန်လျှောက်သွားလေတော့၏။

ရာသီစက်ဝန်းမှာ တစ်ပတ်ပြီးတစ်ပတ် လည်ခဲ့လေပြီ။

တင်းမိန် အနီရောင်နဂါးထံ ရောက်ရှိနေသည်မှာ (၇) လခန့်ရှိသွားပြီ ဖြစ်သည်။ ထို (၇) လအတွင်း သူသည် အနီရောင်နဂါး၏ ဓားပညာအားလုံးကို ရယူနိုင်ခဲ့ပြီဖြစ်သည်။

တင်းမိန်သည် ဉာဏ်ကောင်းသည့်အပြင် ဝီရိယပါ သိပ်ကောင်း၏။ ယခုလည်း အိပ်မပျော်နိုင်သေးဖြင့် ဓားဆွဲကာ ကွက်လပ် အတွင်းသက်ဆင်းလာတော့သည်။ သူသည် သူတတ်မြောက်ထား သည့်သိုင်းကွက်များကို စတင်လေ့ကျင့်လေတော့၏။

အဖြူရောင်အလင်းတန်းသည် ပေါ်ထွက်လာတော့သည်။ ဓားသည် ဤမျှပင် မြန်ဆန်သည်။ ဓား၏လှုပ်ရှားမှုမှာ မြန်ဆန်လွန်းသဖြင့် အလင်းတန်းတစ်ခုဖြစ်သွားတော့၏။

ဓားရှိန်ဟပ်သဖြင့် သစ်ပင်ပန်းပင်များပင် လှုပ်ရှားနေသည်။ တင်းမိန်၏လှုပ်ရှားမှုမှာ နဂါးတစ်ကောင် ကနေသည့်နှယ်ဖြစ်နေသည်။ ဓားကွက်မြန်လာသည်နှင့်အမျှ အလင်းတန်းသည်လည်း ဝိတ်ဖုံးလာတော့သည်။



အဖြူရောင်အလင်းတန်းနှင့်နဂါးတစ်ကောင်ပုံပေတည်း။ သေချာစွာကြည့်လျှင် နဂါးလေးကောင်၏ဟန်များ ပါဝင်နေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ထိုစဉ်....

"ချွတ်...."

သစ်ကိုင်းခြောက်နင်းသံ ထွက်ပေါ်လာသည်။

တင်းမိန် ထိတ်ခနဲဖြစ်သွား၏။ ခြေသံကြားရာသို့ လျှပ်တပြက် ကြည့်လိုက်သည်။

ထိုအခါ သစ်ပင်များအကြားမှ ထက်လယ်အောက်အလင်းတန်းသုံးတန်းခွဲထွက်ကာ တင်းမိန်ရှိရာသို့ ပြေးလာလေတော့၏။

တင်းမိန်က ဓားကိုဝှေ့ယမ်းလိုက်၏။

"ချွမ်း... ချွမ်း... ချွမ်း"

မြေပေါ်သို့ဓားပါးကလေးများ ပြုတ်ကျသွား၏။ အလင်းတန်းများက ထပ်ကာ ထပ်ကာ ပေါ်လာသည်။ တင်းမိန်ကလည်း ထပ်ကာထပ်ကာ ဝှေ့ယမ်းလိုက်၏။

"ချွမ်း... ချွမ်း... ချွမ်း"

ဓားပါးလေးများ အားလုံးပြုတ်ကျလွင့်စဉ်ကုန်၏။

တင်းမိန်က ရပ်မနေပါ။ ဓားကို ဝှေ့ယမ်းကာကွယ်ရင်း ဓားပါးလေး ထွက်နေသည့်နေရာဘက်သို့ ခုန်ဝင်လိုက်လေ၏။ ဝတ်စုံနီ ဝတ်ဆင်ထားသော လူတစ်ယောက်ကိုတွေ့ရသဖြင့် ချက်ချင်း ဓားကို ရုပ်သိမ်းလိုက်ရသည်။

သို့သော် ဓားကိုရုပ်သိမ်း၍မရတော့ပေ။ ဝတ်စုံနီက ပစ်

ပတ်ကျွမ်းထိုး၍ ရှောင်တိမ်းလိုက်ရသည်။

တင်းမိန်သည် ထိုအခါကျမှ ဓားကိုရုပ်သိမ်း၍ ရသွားသည်။

တင်းမိန် ဦးသောက်ဂါရဝပြုလိုက်၏။

"ကျွန်တော့်ကို ခွင့်လွှတ်ပါဘဘ"

ဝတ်စုံနီက ရယ်မောလိုက်၏။ သူ၏ရယ်သံတွင် ကျေနပ်နှစ်သိမ့်မှုများ ပါဝင်နေသည်။

"ကိစ္စမရှိပါဘူး... ငါ ရှောင်နိုင်ပါတယ်ကွာ၊ မင်း ဓားပညာ တကယ်ပြည့်စုံပါတယ်"

ထိုသူမှာ အနီရောင်နဂါးလှုံ့စု ဖြစ်လေသည်။

လှုံ့စုက....

"လူလေး မင်းမှတ်ထားဖို့က သိုင်းပညာဆိုတာ ဘယ်တော့မှကုန်ဆုံးတယ် မရှိဘူးဆိုတာပဲ၊ ဒီလိုပဲ ကိုယ်သာသိုင်းပညာအတော်ဆုံး အထက်မြက်ဆုံးလို့ ဘယ်တော့မှမယူဆနဲ့"

"ဟုတ်ကဲ့ ဘဘ"

"ကဲ... မင်း ဒီမှာ တစ်လလောက်ပဲ နေရတော့မယ်၊ ဒီတစ်လအတွင်းမှ ကျေညက်အောင် လေ့ကျင့်ရမယ်"

"ဟုတ်ကဲ့... ဘဘ၊ ကျွန်တော့် လေ့ကျင့်ပါတယ်"

"အေး... အေး... ခုတော့ နားချိန်မှာ နားပါ၊ အိပ်ချိန်မှာ အိပ်ပါ၊ ဒါမှ အမြဲလန်းဆန်းနေမယ်"

"ကျွန်တော် ညှိုးနွမ်းခြင်းမရှိပါဘူး ဘဘ"

"ညှိုးနွမ်းခြင်းတော့ မရှိပါဘူး၊ ဒါပေမယ့် စိတ်အာရုံမှာတော့ ပင်ပန်းနေမယ်၊ ဒါကြောင့် လေ့ကျင့်ချိန် လေ့ကျင့်၊ နားချိန်မှာ



နား၊ ကြားလား"

"ဟုတ်ကဲ့ ဘဘ"

"ကဲ... သွားတော့"

တင်းမိန်သည် အိမ်ကလေးဆီသို့ ခပ်သွက်သွက် လျှောက်သွားလေတော့၏။

အနီရောင်နဂါးလှုံ့စုသည် တင်းမိန်၏ကျောဆီသို့ ငေးမောကြည့်နေသည်။ ထို့နောက် ခေါင်းတဆတ်ဆတ် ညိတ်တော့သည်။

"တင်းမိန်... တင်းမိန်၊ မင်းဟာ ဖအေတူ သားပါပဲကွယ်"

အနီရောင်နဂါးလှုံ့စုက တမ်းတမ်းထတပြောလိုက်လေ၏။

## အခန်း(၆)

## တောင်ပိုင်းသိုင်းရာဇာ၏ ဖြစ်တွေ

စမ်းချောင်းသည် ရစ်ခွေစီးဆင်းနေ၏။ စမ်းရေမှာ အလွန်ကြည်လင်လှပြီး ရေအောက်မှ အရာအားလုံးကိုမြင်တွေ့နေရသည်။ ငါးကလေးများ ကူးခတ်နေသည်ကိုလည်း အတိုင်းသား တွေ့မြင်နေရပေသည်။

ထိုစမ်းချောင်းနှင့်မနီးမဝေးတွင် ဝါးတဲကလေး တစ်တဲရှိ၏။ အကျအနဆောက်လုပ်ထားသော ဝါးတဲဖြစ်၍ ခိုင်ခိုင်ခန့်ခန့်ပင် ဖြစ်ပါ၏။ ထိုတဲအိမ်ကလေးမှ မီးခိုးရောင်ဝတ်ဆင်ထားသော လူတစ်ယောက်ထွက်လာသည်။

အသက်ငါးဆယ်ကျော်ခန့်သော ထိုလူတွင် ရွှေနားကွင်းနှစ်ဖက် ဝတ်ဆင်ထားသဖြင့် ခပ်ကြောင်ကြောင်ပုံသဏ္ဌာန် ရှိနေလေသည်။

ထိုလူသည် စမ်းချောင်းရှိရာသို့လျှောက်လာသည်။ စမ်းချောင်းသို့ရောက်သောအခါ ကြိုးတစ်ချောင်းကိုထုတ်လျက် ငါးများချိတ်တပ်ဆင်လေ၏။



ထို့နောက် ရေထဲသို့ကြိုးချကာ ငါးမျှားလေတော့သည်။ ဤသို့ဖြင့် ငါးကြီးသုံးကောင်မျှ ဖမ်းမိသည်။ ထို့နောက် အိမ်ပြန်သွားလေတော့သည်။

မကြာမီ တဲအိမ်ကလေးအတွင်းမှ သင်းပျံ့သော ငါးကင်နံ့ထွက်ပေါ်လာတော့၏။ ထိုစဉ် လူတစ်ယောက်သည် စမ်းချောင်းအတိုင်း လမ်းလျှောက်လာလေ၏။

သူ့ပုံသဏ္ဌာန်မှာ စာပေသမားပုံသဏ္ဌာန်ပေါက်နေသည်။ သူသည် အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။ သူ့ခါးတွင် ဓားမရှိသော်လည်း အရက်အိုးတစ်အိုးကိုချိတ်ဆွဲထားလေသည်။

ထိုလူသည် စမ်းချောင်းအတိုင်း လျှောက်လာသဖြင့် တဲအိမ်ကလေးရှိရာသို့ ရောက်ရှိလာလေတော့သည်။ တဲအိမ်အတွင်းမှ သင်းပျံ့သောငါးကင်နံ့ရရှိလေရာ ထိုလူသည် နှာခေါင်းတရှုံ့ရှုံ့ ဖြစ်သွားလေတော့သည်။

"တောင်ပိုင်းသိုင်းရာဇာကတော့ ငါးကင်တဲ့နေရာမှာ ပထမတန်းစား တော်တဲ့လူပဲ"

ထိုသူက ရေရွတ်လိုက်၏။

"ဘယ်သူလဲကွ.... ငါးကင်တာ အတော်ဆုံးလူလို့ပြောတာ"

အော်ပြောသံနှင့်အတူ အိမ်ထဲမှကြိုးတစ်ချောင်း လွင့်ပျံ့လာသည်။ ကြိုးထိပ်တွင် ဓားပါးလေးတစ်ချောင်း ချည်ထားပြီး ထိုဓားက အပြာရောင်ဝတ်စုံနှင့်လူကို တိုက်ခိုက်တော့သည်။

အပြာရောင်ဝတ်စုံနှင့်လူကလည်း လျင်မြန်သည်။ အရက်အိုးနှင့်ဓားကို ခုခံသည်။ သုံးကွက်မျှ တိုက်ခိုက်ပြီးသောအခါ တိုက်

နိုက်မှ ရပ်တန့်သွားလေတော့သည်။

"ဟား... ဟား... ဟား... မင်းနဲ့မတွေ့တာကြာပြီ၊ ဒါ
မယ့် မင်းဟာ အရင်ကထက် တော်လာတယ်"

ထိုလူက....

"ဒါပေမယ့် ကျုပ် ခင်ဗျားကို မီမှာ မဟုတ်ပါဘူးဗျာ"

"ဟား... ဟား... ဟား တစ်နေ့တော့ မီလာမှာပေါ့ဗျာ"

တောင်ပိုင်းသိုင်းရာဇာသည် တဲအောက်သို့ဆင်းလာပြ
ပြောသည်။

"ကျုပ်ဆီကို နယ်စားကြီး လာမယ်ဆိုလို့ဗျ၊ ကျုပ် ငါးကင်
ထားတယ်"

ထိုလူ မျက်မှောင်ကုပ်သွားလေ၏။ ပြီးမှ ရယ်မောလိုက်
ပြီး....

"ကောင်းပါလေရဲ့... ကျုပ်မှာလဲ အရက်တစ်အိုးပါလာ
တယ်၊ အရက်တော့ ကောင်းတယ်ဗျ"

သူတို့နှစ်ယောက်သည် တဲအိမ်ပေါ်သို့တက်လိုက်တော့
သည်။

သူတို့နှစ်ယောက်သည် ငါးကင်နှင့်အရက်ဝိုင်းဖွဲ့ကြလေ၏
တောင်ပိုင်းသိုင်းရာဇာက ငါးကင်ကို တစ်ချက်ဖဲ့စားလိုက်၏။

ထို့နောက် အရက်ခွက်ကိုမော့ချလိုက်ပြီး....

"မင်း အခုတလော ဘာလုပ်နေသလဲ၊ လုပ်စရာ အလုပ်မ
ရှိတော့ ပျင်းစရာကြီးဖြစ်နေမှာပေါ့ကွ"

အပြာရောင်ဝတ်စုံနှင့်လူက ပြန်ဖြေသည်။



"သိပ်ပျင်းစရာတော့ မရှိလှပါဘူးဗျ၊ ကျုပ်မှာ အားနေတဲ့အ
ချိန်ပိုင်းမှမရှိလှတာ၊ အချိန်အားတိုင်း ကျုပ်အရက်သောက်နေတော့
အားချိန် မရှိတော့ဘူးပေါ့ဗျာ"

"ဒါဖြင့်လဲ ပြီးတာပေါ့ကွာ"

"မပြီးဘူးဗျ၊ ခင်ဗျားကို ပြောစရာရှိတယ်"

"ဟား... ဟား... ဟား... ပြောစရာရှိတာများ ပလ္လင်ခံ
နေရသေးသလားကွာ။ ပြောမှာ ပြောရောပေါ့"

"ပလ္လင်ခံရတယ်ဗျ... ကိစ္စက အရေးကြီးတယ်"

"ဘာများလဲကွ"

"သိုင်းလောကမှာ လှုပ်လှုပ်ရှားရှားဖြစ်တော့မယ်ဗျ"

တောင်ပိုင်းသိုင်းရာဇာ မျက်မှောင်ကုပ်သွားမိသည်။

"ငါလဲ ဘာမှမကြားမိပါလား၊ ဘယ်လိုအကြောင်းခံများ
ကြားမိလို့လဲ"

အပြာရောင်ဝတ်စုံနှင့်လူက တိုးတိုးလေသံနှင့် ပြောသည်။

"ထင်းရှူကိုဏ်း...."

"ဘာ... ထင်းရှူကိုဏ်း...."

"ဟုတ်တယ်... ထင်းရှူကိုဏ်း ပြန်ပေါ်လာပြီ"

တောင်ပိုင်းသိုင်းရာဇာမှာ ကွက်ခနဲ မျက်နှာပျက်သွား၏။

"မင်း ဘယ်က ကြားလာတာလဲ"

အပြာရောင်ဝတ်စုံနှင့်လူက အတိအကျဖြေ၏။

"ကျုပ် သတင်းရလာတာဗျ၊ အခု သူ့ကို လူအင်အားစုနေ
တယ်၊ ကျုပ်တို့ဆီမှာရှိတဲ့ပစ္စည်းကိုပြန်ယူဖို့ ကြိုးစားမယ်တဲ့ဗျ"

"ဟာ... မင်းဦးရွှာက မဟုတ်သေးပါဘူးကွာ၊ ငါတို့ဆီမှ ပစ္စည်းရှိနေတာကို ဘယ်သူမှမသိကာပဲကွာ၊ ဒါက အထူးလျှို့ဝှ ချက်ပဲကွ"

"မဟုတ်ဘူး... မဟုတ်ဘူး၊ ခင်ဗျားရဲ့ အထူးလျှို့ဝှက်ချ က ပေါက်ကြားသွားပြီဗျ"

တောင်ပိုင်းသိုင်းရာဇာက မျက်နှာပျက်သွား၏။

"ဘယ်လို ပေါက်ကြားသွားရတာလဲကွာ"

"ကျုပ်လဲ မသိဘူး"

တောင်ပိုင်းသိုင်းရာဇာက ပိုင်းဖြတ်သောလေသံဖြင့်ပြေ လိုက်၏။

"ငါ့ဆီက ပစ္စည်းတော့ မရဘူးကွ၊ အဲ... ငါ သေရင်တော့ ရမှာပေါ့"

အပြာရောင်ဝတ်စုံနှင့်လူက....

"အခု ကျုပ်လဲ စိတ်မချလို့ အိမ်ပြန်မလို့ဗျ၊ ခင်ဗျားကိုသ ရတာနဲ့ ဝင်သတိပေးတာ၊ ဒီအကြောင်းကို နဂါးဂိုဏ်းကိုတောင်ဝင် သတင်းပို့ထားသေးတယ်၊ သူတို့လဲ အံ့သြသွားတာပဲဗျ၊ ကဲ... ကျု သွားမယ်"

အပြာရောင်ဝတ်စုံနှင့်လူသည် အရက်အိုးအား ထားခ ထားခဲ့ကာ တဲအိမ်အတွင်းမှ ထွက်ခွာသွားလေတော့၏။

ထိုသူထွက်သွားပြီး များမကြာမီ လူတစ်ယောက်ရောက် လာတော့သည်။ ထိုလူ၏လှုပ်ရှားမှုမှာ လွန်စွာ ညင်သာလှသည် ထိုလူရောက်ရှိလာသည်ကို တောင်ပိုင်းသိုင်းရာဇာ လုံးဝမသိလို



ပေ။

ထိုလူသည် တဲအိမ်အနီးသို့ချဉ်းကပ်ပြီး ထရံပေါက်မှနေ၍ ချောင်းကြည့်လိုက်လေ၏။

တဲထဲတွင် တောင်ပိုင်းသိုင်းရာဇာသည် ထိုင်ရင်း ငိုင်နေ လေသည်။ အတန်ကြာမှ သက်ပြင်းတစ်ချက်ချလိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။

ထို့နောက် စားပွဲပေါ်ရှိ စာအုပ်များအနက်မှ တစ်အုပ်ကိုဆွဲ ယူလိုက်၏။ ထိုစာအုပ်မှာ ခြောက်လက်မခန့်ထူပေသည်။

တောင်ပိုင်းသိုင်းရာဇာသည် ထိုစာအုပ်ကို တစ်ချက်ကြည့် ပြီးနောက် ပြန်ပိတ်လိုက်၏။ စာအုပ်ကိုပြန်ထားလိုက်၏။

ထိုစဉ် မီးဖိုပေါ်၌တင်ထားသော ငါးကင်တူးနံ့ထွက်လာသ ဖြင့် ကမန်းကတန်း မီးဖိုချောင်သို့ဝင်ရတော့သည်။ ငါးကင်အား လှည့်ပေးရသည်။ ငါးကင်သည် တစ်ဘက်၌တူးနေသည်။

ထိုအခိုက် သူ့နားထဲ၌ ပေ့ါပါးသောခြေသံကို ကြားလိုက်ရ သည်။ တောင်ပိုင်းသိုင်းရာဇာသည် အပြင်ခန်းသို့ပြန်ထွက်လိုက်ရာ အလင်းတန်းကလေးများစွာ သူ့ဆီသို့ဝင်လာသည်။

"ဒီလို ဘယ်ရမလဲ"

လူရိပ်တစ်ရိပ်သည် အိမ်ပေါ်မှခုန်ဆင်းပြေးသွား၏။ ထိုသူ သည် မျက်နှာကိုပဝါဖြင့် စည်းနှောင်ထားသည်။ တောင်ပိုင်းသိုင်းရာ ဇာသည် ထိုလူထံသို့ ခုန်ဝင်လိုက်သည်။

"မင်း ဘယ်သူလဲ"

တောင်ပိုင်းသိုင်းရာဇာက တစ်ပါတည်း ဓားကိုဆွဲထုတ်ပြီး

မေးမြန်းလိုက်၏။ လူစိမ်းသည် စူးရှသေးငယ်သောအသံဖြင့် ရယ်လေတော့၏။ ထိုသူက အသံဖျက်ထားပေပြီ။ ပဝါနက်ကို ကျွ အောင်ချွတ်မှ ထိုလူမည်သူဖြစ်သည်ကို သိရပေတော့မည်။

တောင်ပိုင်းသိုင်းရာဇာက....

"မင်းဟာ ကျုပ်ရဲ့အခွင့်မရဘဲနဲ့ တဲပေါ်တက်လာခဲ့တယ် ဒီအတွက် မင်းဟာ အပြစ်ပေးခံရလိမ့်မယ်"

ထိုလူက စူးရှသေးငယ်သောအသံဖြင့် ရယ်လိုက်သည်။

"ခင်ဗျားက ကျုပ်ကို အပြစ်ပေးနိုင်မတဲ့လား"

ထိုလူအသံဖျက်ထားကြောင်း သေချာလေပြီ။

တောင်ပိုင်းသိုင်းရာဇာသည် လက်ကိုတစ်ချက်လှုပ်ခါလိုက်ရာ ကြိုးလွတ်ဓားကလေးသည် တောင်ပိုင်းသိုင်းရာဇာထံမှ လျှ မြန်စွာ ပြေးထွက်သွားတော့၏။ သူ၏တိုက်ခိုက်မှုမှာ လျှပ်တပြက် လျှင်မြန်လှသည်။ ဓားပါးလေးမှာ မျက်နှာဖုံးစွပ်၏ ရင်ဝသို့ဝ ရောက်သွားလေတော့၏။

မျက်နှာဖုံးစွပ်လူသည် ထိုကြိုးတပ်ဓားကိုရှောင်တိမ်းနိုင် ပေသည်။ သို့သော် တောင်ပိုင်းသိုင်းရာဇာက လက်ကိုထပ်ကာ ထပ် ကာ လှုပ်လိုက်ရာ ကြိုးတပ်ဓားသည် မျက်နှာဖုံးစွပ်လူအား ထပ်ကာ ထပ်ကာ တိုက်ခိုက်လေတော့သည်။

မျက်နှာဖုံးစွပ်လူသည် ထိုအခါ ဓားကိုဆွဲထုတ်ပြီး ခုခံသည်။

သူတို့သည် သိုင်းကွက်နှစ်ဆယ်ခန့် အသုံးပြုတိုက်ခိုက်ကြ ပြီးချေပြီ။ သို့သော် တောင်ပိုင်းသိုင်းရာဇာသည် ထိုလူအား တစ်ချက် မျှထိခိုက်အောင် မပြုလုပ်နိုင်သေးပေ။



ထိုစဉ် မြင်းခွာသံသဲ့သဲ့ကိုကြားလိုက်ရလေ၏။

တောင်ပိုင်းသိုင်းရာဇာသည် စိတ်ထဲမှကျိတ်၍ ပြုံးလိုက် သည်။ မကြာမီ နယ်စားကြီးရောက်ရှိလာပေတော့မည်။ ထိုအခါ မျက်နှာဖုံးစွပ်အနေနှင့် သူနှင့် မည်မျှလက်ရည်တူစေကာမူ သူနှင့် နယ်စားကြီးနှစ်ယောက်ကိုတော့ ခုခံနိုင်မည်မဟုတ်ချေ။

မျက်နှာဖုံးစွပ်သည် မြင်းခွာသံကြားလိုက်ရသည်နှင့် ရုတ် တရက် သိုင်းကွက်ကိုပြောင်းလိုက်၏။ ပြင်းထန်စွာ တိုက်ခိုက်တော့ သည်။

ထိုအခါ တောင်ပိုင်းသိုင်းရာဇာ ရင်ထိတ်သွားရသည်။ တ ကယ် ယှဉ်ပြိုင်လာသောအခါ မျက်နှာဖုံးစွပ်က သာသယောင်ရှိလာ သည်။ သူ၏ကြိုးတပ်ဓားသည် မျက်နှာဖုံးစွပ်ကို လုံးဝမထိတော့ချေ။

"ဝိုး... ဝိုး... ဝိုး"

ကြိုးတပ်ဓားသည် လွတ်နေသည်။ တစ်ချီတွင် ကြိုးတပ် ဓားသည် မျက်နှာဖုံးစွပ်၏ဓားလက်ကိုင်ရိုးကို ပတ်မိလေ၏။

တောင်ပိုင်းသိုင်းရာဇာသည် မျက်လုံးပြူးသွားသည်။

မျက်နှာဖုံးစွပ်သည် ကြိုးကိုဆောင့်ဆွဲလိုက်၏။ ထိုအခါ တောင်ပိုင်းသိုင်းရာဇာမှာ ရှေ့သို့ငိုက်ဆင်းလာသည်။ ထိုအခါ မျက် နှာဖုံးစွပ်ပြုလုပ်ထားသောပဝါသည် လျှောကျသွားလေ၏။

တောင်ပိုင်းသိုင်းရာဇာမှာ မင်တက်မိသွားသည်။ ထိုအချိန် ၌ မျက်နှာဖုံးစွပ်သည် လက်ဝါးတစ်ချက် အလစ်ရိုက်ထုတ်လိုက် သည်။

"ဝုန်း..."

တောင်ပိုင်းသိုင်းရာဇာသည် တဒင်္ဂအတွင်း ပြန်လှန်ခုခံရန် သတိရလိုက်သည်။ သို့သော် ထိုတဒင်္ဂလေးသည် တစ်သက်ဖြစ်သွားသည်။ ပြန်လှန်ခုခံရန် ဟန်ပြင်သော်လည်း တောင်ပိုင်းသိုင်းရာဇာမှာ ခုခံသည့် အခြေအနေသို့ မရောက်တော့ပေ။

ကြိုးပြတ်သည့်စွန်ပမာ တောင်ပိုင်းသိုင်းရာဇာမှာ နောက်သို့ လွင့်စင်သွားတော့သည်။

"ဝုန်း...."

မျက်နှာဖုံးစွပ်သည် ပေါ်သွားသည့်သူ့မျက်နှာကိုတစ်ချက် သပ်လိုက်ပြီး ပဝါကိုပြန်စည်းလိုက်၏။ သူသည် တောင်ပိုင်းသိုင်းရာဇာကို သွားရောက်ကြည့်မနေတော့ပေ။ သူ့လက်ကို သူယုံသည်။

သူသည် တဲအိမ်အတွင်း ပြန်ဝင်သွား၏။ စာအုပ်စင်မှ တောင်ပိုင်းသိုင်းရာဇာထုတ်ကြည့်သည့် စာအုပ်ကို ရှာဖွေလိုက်သည်။

ထိုစာအုပ်သည် စာအုပ်မဟုတ်ပါ။ စာအုပ်သဏ္ဌာန်ပြုလုပ်ထားသည့် သေတ္တာကလေးဖြစ်နေပါသည်။ ထိုလူသည် စာအုပ်သေတ္တာအတွင်း ကြည့်လိုက်သည်။

"ဟား... ဟား... ဟား"

ကျယ်လောင်စွာ သူ ရယ်မောလိုက်သည်။

သေတ္တာတွင်းမှပစ္စည်းကိုရ၍ လွန်စွာ ကျေနပ်သွားလေ၏။



## အခန်း(၇)

## ပေးအပ်သောတာဝန်

လေတစ်ချက် ဝှေ့ယမ်းတိုက်ခတ်လိုက်သောအခါ ပန်းရနံ့များ သင်းပျံ့စွာပါလာသည်။ သစ်ရွက်များကို လေတိုးသည့်အခါ မြည်ဟီးနေသည့်အသံသည် ဤနေရာ၌ဒေသ၌ ဂီတသံဖြစ်လေ၏။

ရောင်စုံပန်းခင်းကြီးသည် လှပနေ၏။ တစ်ဘက်တွင် လူသွားလမ်းရှိပြီး သစ်ပင်များ၏တစ်ဘက်တွင် အသေးစားရေတံခွန်ကလေးရှိ၏။ လွန်စွာသာယာကြည်နူးဖွယ်ကောင်းသည့် သဘာဝဥယျာဉ်ကြီးပင် ဖြစ်ပါသည်။

ဥယျာဉ်ရှေ့တွင် လူငယ်တစ်ယောက် မတ်တတ်ရပ်နေ၏။ လေတိုက်နေသဖြင့် သူ၏ဝတ်စုံဖြူသည် တလူလူလွင့်နေသည်။ ခရီးသွားရသည်မှာ များသွားသဖြင့် သူ၏ဝတ်စုံဖြူမှာ နီကျင်ကျင်ဖြစ်နေပေပြီ။ အဖြူရောင်သည် အနီရောင်ဖြစ်နေပေပြီ။

ရွှေရောင်ခါးစည်းကြိုးကတော့ သူဝတ်ဆင်ထားသမျှအထဲတွင် အတောက်ပဆုံးဖြစ်နေသည်။ ထိုခါးစည်းကြိုးကြားတွင် ဓား

တစ်ချောင်းကိုထိုးစိုက်ထား၏။

သူသည် အသက်ဆယ့်ရှစ်နှစ်မျှသာ ရှိသေး၏။ လူငယ်၏ မျက်နှာက နုနယ်သည်။ သို့သော် ခန္ဓာကိုယ်အဆက်အပေါက်မှာ ကြံ့ခိုင်၏။ ကျစ်လစ်သောကြွက်သားတို့ဖြင့် ဖွဲ့စည်းသည့်ခန္ဓာကိုယ်ရှိပေသည်။

လူငယ်သည် ခေါင်းစည်းသည့်ကြိုးဖြင့် ဆံပင်ကိုစုစည်းလိုက်ပြီး လမ်းမသို့လျှောက်သွားလေတော့၏။ ဤသို့ဖြင့် လူငယ်သည် သစ်ပင်ကြီးများပေါက်ရောက်နေသည့်လမ်သို့ ရောက်ရှိသွားလေ၏။

ထိုစဉ် သစ်ပင်နှစ်ပင်နောက်မှ လှံနှစ်ချောင်းထွက်လာပြီး လူငယ်အား ထိုးလိုက်၏။ လူငယ်သည် နည်းပါးလှသောလေတိုးသံကို ကြားလိုက်ရပြီး ဖျတ်ခနဲခုန်တက်လိုက်၏။ ခန္ဓာကိုယ်မှာ ပေါ့ပါးစွာ မြောက်တက်သွားသည်။

ပြန်ကျလာသောအခါ လှံရှည်နှစ်ချောင်းကို လျင်မြန်သွက်လက်စွာ ရှောင်တိမ်းပြီး လှံသမားနှစ်ယောက်၏သွေးကြောကို ထိုးစိတ်လိုက်သည်။

"ဝုန်း... ဝုန်း"

လှံကိုင်လူနှစ်ယောက်မှာ လဲကျသွားသည်။ လူငယ်သည် ပတ်ဝန်းကျင်ကိုတစ်ချက် အကဲခတ်ကြည့်လိုက်ပြီး ဆက်၍လျှောက်သွားလေတော့သည်။

နောက်ထပ် ခြေလှမ်းဆယ်လှမ်းမျှ လျှောက်အပြီးတွင် သစ်ပင်လေးပင်နောက်မှ လူလေးယောက်ထွက်ပေါ်လာတော့သည်။ လူ



လေးယောက်သည် လျှပ်တစ်ပြက် လေးဘက်လေးတန်မှ တိုက်ခိုက်လေတော့၏။ သူတို့သည် ပုံးပေါင်းတိုက်ကွက်အတွက် အထူးလေ့ကျင့်ထားသူများဖြစ်ကြောင်း သိလာရတော့သည်။

တိုက်ခိုက်ပုံမှာ စနစ်ကျသည်။ သူတို့အချင်းချင်း ထိခိုက်စေမည့်တိုက်ခိုက်မှုမျိုးကို ရှောင်သည်။ လှံရှည်လေးချောင်းသည် လူငယ်၏ခန္ဓာကိုယ်အနှံ့အပြားသို့ ပြိုင်တူဝင်ရောက်လာလေတော့၏။

လူငယ်က မာန်တစ်ချက်သွင်းလိုက်ပြီး ခုန်လိုက်၏။ လှံရှည်များ၏ထိုးချက် လွဲချော်သွားတော့သည်။

ပြန်ကျလာသောအခါ ကိုယ်ကိုစောင်းလိုက်ပြီး ထိုးဝင်လာသောလှံရှည်ကို ရှောင်ပေးလိုက်သည်။ လှံရှည်သည် ထိုလူလက်ထဲမှ ထွက်ပြီး လူငယ်လက်ထဲသို့ပါလာသည်။ ထိုလှံရှည်ဖြင့် အခြားလှံသုံးချောင်းကိုရိုက်ချလိုက်သည်။

"ဖြောင်း....."

လှံသုံးချောင်းမှာ လွတ်မထွက်ချေ။ ထိုလူသုံးယောက်သည် နောက်ဆုတ်သွား၏။

လူငယ်သည် လှံရှည်ကိုင်သူသုံးယောက်ကို ရင်ဆိုင်လိုက်သည်။ လှံရှည်ကိုင်သူတို့မှာ ပြေးရလည်းအခက်၊ ရင်ဆိုင်ရလည်းအခက် ဖြစ်နေတော့၏။

လူငယ်သည် လှံရှည်ကိုကိုင်ပြီး မုန်တိုင်းတိုက်သကဲ့သို့ ဝင်ရောက်တိုက်ခိုက်တော့၏။

"ဖြောင်း... ဖြောင်း... ဖြောင်း"

လှံရှည်ကိုင်သူတို့မှာ တစ်ယောက်ပြီးတစ်ယောက် လွင့်စဉ်

ထွက်သွား၏။ မည်သူမှ အနားမကပ်နိုင်တော့ပေ။

လူငယ်သည် ဆတ်ခနဲလှည့်ကြည့်လိုက်၏။ လူတစ်ယောက်သည်ရပ်ကာ လက်ခုပ်တီးနေလေ၏။ ထိုလူသည် အနက်ရောင်ဝတ်စုံရှည်ကို ဝတ်ဆင်ထားသည်။ ချက်ချင်းပင် ထိုလူဆီသို့ လူငယ်ပြေးလေတော့၏။

နဂါးဂိုဏ်း....။

ဆိုင်းဘုတ်တစ်ခုကိုကျော်လွန်ပြီး လူငယ်ပြေးလေတော့သည်။

အနက်ရောင်ဝတ်စုံနှင့်လူမှာ အခြားသူမဟုတ်ပါ။ မဟူရာနဂါး ချင်းရှောင်ပင် ဖြစ်ပါတော့သည်။ မဟူရာနဂါးမှာ ပြုံးရွှင်နေသည်။

"တင်းမိန်... မင်းဟာ အဖြူရောင်နဂါးဘွဲ့ကို ရထိုက်ပါပြီ"

တင်းမိန်မှာ မဟူရာနဂါး၏စကားကိုကြားလိုက်ရသောအခါ ကြက်သီးမွေးညင်းများ ထသွားလေ၏။ လူငယ်အား တိမ်ဖြူနဂါးဘွဲ့ ပေးအပ်လိုက်လျှင် လူငယ်သည် ဦးရီးတော်လေးယောက်နှင့် အဆင့်တူဖြစ်သွားပေလိမ့်မည်။

လူငယ်က....

"ကျွန်တော်... ကျွန်တော် နုပါသေးတယ်၊ ကျွန်တော်..."

သူ့စကားမဆုံးမီ မဟူရာနဂါးက ကြားဖြတ်ပြောလိုက်၏။

မဟူရာနဂါးက....

"မင်း... တိမ်ဖြူနဂါးဘွဲ့ကိုလက်ခံရမှာ ဝန်လေးနေသလား၊ ဒါမှမဟုတ် ငါတို့နဲ့အဆင့်တူဖြစ်သွားလို့ ငါတို့ကို အားနာနေတာလား"

တင်းမိန်မှာ ဘာမျှမပြောနိုင်တော့ပါ။



မဟူရာနဂါးသည် အဝေးသို့ကြည့်ရင်း တဖြည်းဖြည်း ရေရွတ်နေလေသည်။

"ညီလေး... မင်းကိုပေးခဲ့တဲ့ကတိအတိုင်း ကျုပ်တို့ဆောင်ရွက်ပြီးပါပြီ"

သူသည် ထိုစကားများကို တစ်လုံးချင်း ရေရွတ်နေသည်။ ထို့နောက် တင်းမိန်ကိုကြည့်သည်။

"လူကလေး... ထတော့၊ ဘဘက မင်းကို တိမ်ဖြူနဂါးဘွဲ့ ပေးဖို့ စောင့်နေတာပါ"

တင်းမိန်သည် ဒူးထောက်ထိုင်နေရာမှ ထလိုက်သည်။ မဟူရာနဂါးက တင်းမိန်အား ပခုံးဖက်ပြီး ခေါ်သွားလေတော့၏။

အဆောင်သို့ရောက်သောအခါ မဟူရာနဂါးက တိမ်ဖြူနဂါးဘွဲ့ ပေးအပ်သည်။ တိမ်ဖြူဓားကိုလည်း ပေးအပ်သည်။ တင်းမိန်က သူ ယခင် ကိုင်နေကျဓားကို ဖယ်ထုတ်ပစ်လိုက်ပြီး တိမ်ဖြူဓားကို ခါးစည်းကြိုးအတွင်း ထိုးထည့်လိုက်တော့သည်။

လက်ခုပ်သံများ ဆူညံစွာ ထွက်ပေါ်လာလေတော့၏။ တင်းမိန်မှာ မျက်ရည်များလည်လာ၏။ မဟူရာနဂါးအပြင် နဂါးဂိုဏ်းသားအားလုံးက သူ့အား တိမ်ဖြူနဂါးအဖြစ် ကောင်းချီးသြဘာပေးနေကြသည် မဟုတ်ပါလော။

မဟူရာနဂါးက ကျေနပ်စွာ ပြုံးလိုက်သည်။ ထို့နောက် လက်ကို တစ်ချက် မြှောက်ယမ်းလိုက်သောအခါ ရုပ်ခြည်းအသံများ တိတ်ဆိတ်သွားတော့သည်။

"ဒီကနေ့ ကျုပ်တို့ဂိုဏ်းမှာ နဂါးငါးကောင်ပြန်ဆုံရမယ်၊ န

ဂါးတစ်ကောင် ဘက်ပဲ့နေတာ အတော်ကြာနေပြီ၊ ကဲ... အားလုံး လွတ်လွတ်လပ်လပ်ပျော်ပျော်ပါးပါး စားသောက်ကြပေတော့"

"ဟေး..."

နဂါးဂိုဏ်းသားများ ဆူညံစွာ အော်ဟစ်ကြသည်။ စားသောက်ဖွယ်ရာများကို အသင့်ယူစားသောက်နိုင်ရန် ပြင်ထားရာ ဂိုဏ်းသားများသည် ပျော်ရွှင်စွာ စားသောက်ကြလေတော့၏။

မဟူရာနဂါးက တင်းမိန်အား ပြောလိုက်၏။

"မင်းက သာမန်ဂိုဏ်းသားအဖြစ်က နဂါးတစ်ကောင်ဖြစ်တဲ့ အတွက် မင်းဟာ အဆင့်များစွာကိုကျော်ဖြတ်ခဲ့သူ ဖြစ်တယ်၊ ဒါကြောင့် မင်းအပေါင်းအသင်းတွေကို နှုတ်ဆက်လိုက်ပါဦး၊ မင်းဟာ နောက်ပိုင်းမှာ နဂါးတစ်ကောင်လို ဣန္ဒြေသိက္ခာနဲ့ နေထိုင်ရတော့မယ်"

တင်းမိန်သည် မဟူရာနဂါးအား ဂါရဝပြုကာ သူ၏အပေါင်းအသင်းဟောင်းများရှိရာသို့ ထွက်ခွာသွားတော့၏။

မဟူရာနဂါးသည် တင်းမိန်၏ကျောပြင်ကိုကြည့်နေ၏။ ထို့နောက် ဖြည်းညင်းစွာ ရေရွတ်နေတော့သည်။

"အင်း... မင်း တိမ်ဖြူနဂါးဖြစ်မှတော့ တိမ်ဖြူနဂါးရဲ့တာဝန်ကို ထမ်းဆောင်ရတော့မှာပေါ့၊ အင်းလေ... မင်းအဖေရဲ့တာဝန်ပဲလေ"

သူသည် စင်မြင့်ပေါ်မှ ဆင်းသက်ကာ သူ့အခန်းဆီသို့ပြန်သွားလေတော့၏။

နဂါးဂိုဏ်းသားများသည် ပျော်ရွှင်စွာစားသောက်ပြီး ကိုယ့်



အခန်းဆီသို့ ကိုယ်စီကိုယ်စီ ပြန်သွားကြပြီဖြစ်သည်။ တင်းမိန်မှာ ဂိုဏ်းသားများအားလုံးနှင့် စကားစမြည်ပြောကာနှုတ်ဆက်နေရသဖြင့် ပင်ပန်းနွမ်းနယ်နေသည်။

တင်းမိန်သည် အပန်းပြေလိုပြေငြား လရောင်ရရာ အခန်းအပြင်သို့ ထွက်လိုက်၏။ လမင်းကြီးက ထိန်ထိန်သာနေသည်။ သို့သော် ခုနစ်စင်ကြယ်က အမြီးထောင်နေလေပြီ။

တင်းမိန်သည် ဥယျာဉ်ထဲထွက်လျှောက်ကာ သီးသန့်ဆောင်ဘက်သို့ ထွက်ခဲ့တော့၏။

သီးသန့်ဆောင်သည် မဟူရာနဂါး၏ အဆောင်ဖြစ်ပေသည်။ တင်းမိန်သည် ဖြေညင်းစွာလျှောက်သွားနေ၏။ သူ့အား မဟူရာနဂါးက သန်းခေါင်ကျော်လျှင် လာခဲ့ဟု မှာကြားလိုက်ပါလေ၏။

သူသိသည်။ သူ့အား တာန်တစ်ခုခု ပေးအပ်တော့မည်ဟု အလိုလို သိနေသည်။ မည်သည့်တာဝန် ဖြစ်မည်နည်း။ ထိုတာဝန်ကိုတော့ သူမသိပေ။ တင်းမိန်သည် သီးသန့်ဆောင်သို့ရောက်ရှိလာလေ၏။ အစောင့်နှစ်ဦးသည် တင်းမိန်အား ဂါရဝပြုကာ အတွင်းဆောင်သို့ဝင်ခွင့်ပေးလိုက်သည်။

အခန်းတစ်ခုလုံးအား ကောဇောအပြည့် ခင်းထား၏။ အခန်းအလယ်တွင် မဟူရာနဂါးသည် တင်ပျဉ်ခွေထိုင်၍ အတွင်းအားကျင့်နေသည်။

တင်းမိန်က အသံမထွက်စေရန် သတိထားပြီး အခန်းတွင်းသို့ဝင်သည်။ မဟူရာနဂါးနှင့်မလှမ်းမကမ်း သင့်တင့်ရာနေရာ၌ ထိုင်၏။

အတွင်းအားကျင့်နေသော မဟူရာနဂါးက မျက်လုံးဖွင့်ကြည့်၏။

"တိမ်ဖြူနဂါး ရောက်လာပြီကိုး"

တင်းမိန်ဟု မခေါ်ဘဲ သူ့အား တိမ်ဖြူနဂါးဟုခေါ်လိုက်သဖြင့် တင်းမိန်သည် ကြက်သီးထသွားလေ၏။

တင်းမိန်က မဟူရာနဂါးအား ဦးညွတ်ဂါရဝပြုလိုက်၏။

မဟူရာနဂါးသည် တင်းမိန်အား စိုက်ကြည့်လိုက်သည်။ တင်းမိန်သည် သူ၏သွေးသောက်ညီ ထင်းကျုန်စုနှင့် တစ်နေ့တခြား တူလာသည်ဟု သတိထားလိုက်မိသည်။

"တင်းမိန်"

"ဟုတ်ကဲ့ ဘဘ"

"မင်းကို တာဝန်တစ်ခုပေးရမယ်"

"ဟုတ်ကဲ့"

"အေး... တာဝန်ကတော့ အသစ်မဟုတ်ပါဘူး၊ မပြီးဆုံးသေးတဲ့တာဝန်တစ်ခုကို မင်းက ဆက်ပြီး ထမ်းဆောင်ဖို့ပါပဲ"

တင်းမိန် မော့ကြည့်လိုက်သည်။

"တကယ်တော့ ဒီတာဝန်ကို ငါတို့နဂါးလေးကောင်ယူဖို့ပါပဲ"

မဟူရာနဂါးသည် စကားဖြတ်လိုက်၏။ တင်းမိန်ကို စိုက်ကြည့်လိုက်သည်။

"ဒါပေမယ့် အခု ဒီတာဝန်ကို ငါတို့နဂါးလေးကောင် တာဝန်မယူတော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါတို့ နဂါးလေးကောင်ထမ်းဆောင်ရင် ဒီတာဝန်ဟာ ကျေပွန်မှကျေပွန်မယ်၊ နဂါးလေးကောင်လုံး အသတ်ခံသွားရချင် သွားနိုင်တယ်၊ ငါတို့သေမှာကြောက်လို့ ဒီတာဝန်ကို မထမ်းဆောင်တာမဟုတ်ပါဘူး၊ မအောင်မြင်မှာ စိုးရိမ်လို့ပါ"

"ကျွန်တော် နားလည်ပါတယ် ဘဘ"

"အေး... ဒီတော့ ဒီတာဝန်ကို မင်းကိုပဲပေးအပ်ဖို့ ငါတို့နဂါးလေးကောင်က ဆုံးဖြတ်လိုက်ကြတယ်"

"ဟုတ်ကဲ့"

"ဒီတာဝန်ကို ပေးအပ်ခြင်းဟာ မင်းကိုစိတ်ချရခြင်းဆိုတာမင်း သိနားလည်လိမ့်မယ်"

"ဟုတ်ကဲ့... သိနားလည်ပါတယ်၊ ဘာတာဝန်လဲဆိုတာကိုသာ ပြောပါဘဘ"

မဟူရာနဂါးက တင်းမိန်အား ခေါ်လိုက်၏။

"ငါ့နားကို တိုးလာစမ်း"

တိမ်ဖြူနဂါးတင်းမိန်သည် မဟူရာနဂါးအနီးသို့ တိုးကပ်သွားသည်။ ထို့နောက် တီးတိုးပြောတော့၏။

တင်းမိန်၏မျက်လုံးများမှာ တည်ကြည်လေးနက်သွားသည်။

"စိတ်ချပါ ဘဘ၊ ကျွန်တော်အောင်မြင်အောင် ကြိုးစားပါ့မယ်လို့ ကတိပေးပါတယ်"

မဟူရာနဂါးသည် ကျေနပ်စွာ ပြုံးလိုက်တော့သည်။

## အခန်း(၇)

## ပျောက်သောသူများ

လရောင်းပြိုးပြက်လင်းလက်နေသည်။ ထိုညမျိုး၌ ခရီးသွားတစ်ယောက် ရှိနေသည်။ ထိုသူကား အဖြူရောင်ဝတ်စုံကိုဝတ်ဆင်ထားသော တိမ်ဖြူနဂါး တင်းမိန်ပင်တည်း။

တင်းမိန်သည် မြင်းစီးရင်း မဟူရာနဂါးပြောပြလိုက်သည့်အကြောင်းအရာများကို တွေးတောစဉ်းစားနေသည်။ ထိုစဉ် သူ့မျက်လုံးထဲ၌ ရိပ်ခနဲ လူရိပ်တစ်ရိပ်ဖြတ်ပြေးသွားသဖြင့် သူ့အတွေးစများကို ဖြတ်တောက်သွားရသည်။

ထိုလူရိပ်သည် သူ့ရှေ့ရှိ တောင်ကုန်းထက်၌ ထွက်ပြေးပျောက်ကွယ်သွားခြင်းဖြစ်သည်။

များမကြာမီ ထိုလူရိပ်သည် တောင်ကုန်းထက်၌ ပြန်ပေါ်လာသည်။ သူသေချာစွာ ကြည့်သည်။ လူ့ရိပ်မှ လူရိပ်ဖြစ်ပါသည်။ အကြည့်မမှားပါ။

ထိန်လင်းသောလရောင်ကြောင့် ထိုလူရိပ်၏ပုံသဏ္ဌာန်ကို ထင်ရှားစွာ တွေ့မြင်နေရသည်။ ယောကျ်ားသဏ္ဌာန် မဟုတ်ပါ။မိန်းမသဏ္ဌာန်ဖြစ်ပါသည်။



တင်းမိန် အလွန်စိတ်ဝင်စားသွား၏။ ဤနေရာသည် လူသူခေါင်ပါသည်။ အနီးဆုံးရွာသည်ပင် တစ်ညအိပ်ခန့် ကွာဝေးပါသည်။

ဤသို့ဆိုလျှင် ဤမိန်းကလေး မည်သူနည်း။ မည်သည့်အရပ်ကနည်း။ မည်သည့်အတွက် တောကြီးမျက်မည်းထဲသို့ ရောက်ရှိနေရပါသနည်း။ တင်းမိန်မှာ အတွေးများ ရှုပ်ထွေးသွား၏။

သူသည် သူ့တာဝန်ကို ပြန်သတိရသည်။ တာဝန်အရ ဆက်လက်ထွက်ခွာရပေမည်။

သို့သော် သူသည် ထိုနေရာမှ ထွက်ခွာမရသလိုဖြစ်နေ၏။ နောက်ဆုံး တောင်ကုန်းပေါ်သို့ ခြေဦးတက်ကြည့်ရန် ဆုံးဖြတ်လိုက်တော့သည်။

သူသည် မြင်းပေါ်မှဆင်းလိုက်၏။ မြင်းကို သစ်ပင်တစ်ပင်တွင် ချည်နှောင်လိုက်သည်။ ထို့နောက် တောင်ကုန်းပေါ်သို့ အပြေးတက်လေ၏။

လေသည် တဟူးဟူးတိုက်ခတ်နေ၏။ မိန်းကလေး၏ ဆံစများသည် လေထဲ၌ လွင့်မျောနေသည်။ လရောင်ဖြင့် မိန်းကလေးကိုထင်ရှားစွာ တွေ့မြင်နေရသည်။ ထိုမိန်းကလေးမှာ အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။

မိန်းကလေးမှာ အသက်နှစ်ဆယ်ခန့်သာ ရှိသေးကြောင်း တွေ့ရှိရသည်။

မိန်းကလေးမှာ တောင်ကုန်းပေါ်မှ အဝေးသို့ငေးမျှော်ကြည့်နေကြောင်းတွေ့ရသည်။ တင်းမိန်သည် မိန်းကလေး၏လှပ

သောမျက်နှာကို လရောင်ဖြင့်ထင်ရှားစွာ တွေ့ရှိနေရသည်။

မိန်းကလေးသည် မျက်နှာတွင်သာ လှပသည်မဟုတ် ခန္ဓာ ကိုယ်အချိုးအစားကလည်း လှပလှသည်။ မြင်ရသူအသက်ရှူ မှားလောက်အောင် လှသည်။

တင်းမိန့်မှာ မိန်းကလေးကိုတွေ့သောအခါ အသက်ရှူမှား သွားသည်။ မိန်းကလေးထံမှ အကြည့်ကိုလွှဲဖယ်မရနိုင်တော့ချေ ဤသို့အားဖြင့် သူသည် မိန်းကလေးကိုသာ တရှိုက်မက်မက် ကြည့် နေတော့သည်။

မိန်းကလေးသည် အပြာရောင်ခေါင်းစည်းပဝါလေးကို လုံ ချေနေရာမှ ရုတ်တရက် ခန္ဓာကိုယ်တုန့်ခါသွား၏။ တင်းမိန့်ရှိရာသို့ ရုတ်တရက် ကြည့်လိုက်သည်။

မိန်းကလေး အံ့အားသင့်သွား၏။ သူမ ၏နောက်ဘက်၌ အသံမကြား ဘာမကြားလူစိမ်းတစ်ယောက် ရောက်ရှိနေသည် မ ဟုတ်ပါလော။

ထို့နောက် မိန်းကလေးသည် ချာခနဲလှည့်ပြေးလေတော့ ၏။ တင်းမိန့်သည် ဖျတ်ခနဲ ခုန်ထွက်ကာ မိန်းကလေး၏ပြေးလမ်းကို ပိတ်ဆို့လိုက်သည်။

"နေ… နေပါဦး၊ ကျုပ်ကို မကြောက်ပါနဲ့"

တင်းမိန့်က ပြုံး၍ ပြောလိုက်၏။

မိန်းကလေးက ဘာမျှမပြောချေ။ တင်းမိန့်ကို မျက်လုံးက လေး အပြူးသားဖြင့် စိုက်ကြည့်နေ၏။

တင်းမိန့်က….



"ကျုပ်နာမည်… တင်းမိန့်ပါ၊ မိန်းကလေးက ဘယ်သူလဲ၊ ဘာဖြစ်လို့ ဒီကိုရောက်နေတာလဲ၊ အနီးဆုံးရွာက တစ်ညအိပ် ခရီး လောက် ဝေးတယ်"

မိန်းကလေးသည် သူ့အား ဘာမျှပြန်မပြောဘဲ ရုတ်တ ရက် ဖြတ်ကျော်ပြေးထွက်သွား၏။ တင်းမိန့်က လျှပ်တပြက် ဖမ်းဆွဲ လိုက်ရာ မိန်းကလေး၏လက်မှ ပဝါစကိုသာ ဆွဲမိသွား၏။

တင်းမိန့်သည် ပဝါစကို ငုံ့ကြည့်လိုက်သည်။ ထို့နောက် မိန်း ကလေးကိုသတိရပြီး ဖျတ်ခနဲကြည့်လိုက်သောအခါ တောင်ပေါ်သို့ ပြေးတက်သွားကြောင်း တွေ့လိုက်ရတော့သည်။

တင်းမိန့်သည် ချက်ချင်း ပြေးလိုက်သွား၏။ တောင်ပေါ်၌ ကျောက်တုံးကြီးများ အများအပြားရှိရာ ထိုကျောက်တုံးကြီးများ နောက်ကွယ်၌မိန်းကလေးသည် ပျောက်ကွယ်သွားလေတော့သည်။

တင်းမိန့်သည် မှောင်ရိပ်ကျနေသောကျောက်တုံးကြီးများ ကို လှည့်လည်ကြည့်ရှုရှာဖွေသည်။ မိန်းကလေးအား လုံးဝမတွေ့ ချေ။

တင်းမိန့်သည် အတန်ကြာမျှ လိုက်လံရှာဖွေလေ၏။ သို့ သော် မိန်းကလေးကို လုံးဝရှာမတွေ့တော့ပေ။

တင်းမိန့် သက်ပြင်းချလိုက်ရသည်။ မိန်းကလေးနှင့် သူ သည် အသက်အားဖြင့် သိပ်မကွာလှပါ။ တိုတောင်းသောအချိန်အ တွင်း မိန်းကလေးသည် သူ့မျက်မှောက်ပျောက်ကွယ်သွားခဲ့လေပြီ။

တင်းမိန့်မှာ မိန်းကလေးကို တသသဖြစ်ကျန်ရစ်ခဲ့၏။ သူ သည် မိန်းကလေးထံမှဆွဲယူထားသောပဝါကို အသာယူ၍ နမ်းလိုက်

သည်။ သင်းပျံ့သောရနံ့ကလေး ရှိုက်လိုက်သည်။ မိန်းကလေး၏ကို
နံ့လေးပင်လော။

တင်းမိန့်သည် ပဝါအား သေချာစွာခေါက်ကာ အင်္ကျီအိ
အတွင်းသို့ ထည့်လိုက်၏။

"ကံမကုန်သေးရင်တော့ ပြန်ဆုံကြသေးတာပေါ့ကွယ်"

သူသည် တစ်ကိုယ်တည်း ပြောလိုက်သည်။ ထို့နောက်
တောင်ပေါ်မှပြန်ဆင်းလာခဲ့တော့၏။ မြင်းပေါ်တက်စီးပြီး မိန်းက
လေးပျောက်သွားသည့် တောင်ကုန်းပေါ်ငေးကြည့်လိုက်သည်။

ထို့နောက် မြင်းကို ဖနောင့်နှင့်အသာတို့ပြီး ခရီးနှင်လာ
တော့၏။ မိုးမလင်းမီ ရွာကြီးတစ်ရွာသို့ဆိုက်ရောက်လာလေတော့
သည်။ သူသည် ရွာထဲသို့မဝင်ပေ။ ရွာတောင်ဘက်ရှိဘုရားကျောင်
ပျက်တစ်ခုဆီသို့သာ ရှေးရှူဦးတည်သွား၏။

ဘုရားကျောင်းပျက်ရှေ့ရှိ သစ်ပင်တစ်ပင်တွင် မြင်း၏
ကြိုးကိုချည်လိုက်သည်။ ထို့နောက် ဘုရားကျောင်းပျက်ပေါ်သို့တက်
လာခဲ့တော့၏။

ဘုရားကျောင်းပျက်အတွင်း၌ နားခိုသူဟူ၍ မရှိပါ။ ဘုရား
ကျောင်းပျက်မှာလည်း အတော်ပျက်စီးနေပြီဖြစ်ပါသည်။ အမိုးအ
ကာများ ပေါက်ပြဲနေသလို ကြမ်းခင်းမှာလည်း ကျိုးပဲ့ပျက်စီးနေ
သည်။

တင်းမိန့်သည် ထောင့်တစ်နေရာအား လှဲကျင်းလိုက်ပြီး လဲ
လျောင်းလိုက်တော့၏။ သိုင်းသမားအတွက် နေရာထိုင်ခင်းကျက
နန မလိုပါ။ လူတစ်ယောက် လှဲစရာသာ လိုပါသည်။ ခရီးပမ်းလာ



သောတင်းမိန့်သည် မှေးခနဲ အိပ်ပျော်သွားတော့၏။

"ချွတ်...."

သစ်ကိုင်းခြောက်ကို လူနင်းမိသောအသံ။ ထိုအသံကိုကြား
လိုက်ရသောအခါမှ တင်းမိန့် ဖျတ်ခနဲ လန့်နိုးလာသည်။ ဓားရိုးပေါ်
သို့ လက်ကလည်း ရောက်သွားတော့သည်။

တင်းမိန့် နားစွင့်လိုက်၏။ ခြေသံသဲ့သဲ့ကိုကြားလိုက်ရပြီဖြစ်
၍ တစ်ကိုယ်လုံးရှိ အကြောများကို လျှော့ချပြီး ထိုခြေသံရှင်ကို စောင့်
နေလိုက်တော့သည်။

ခြေသံရှင်ကား ခြေသံကို ဖော့လျှောက်လာသည်။ အဆင့်
မြင့်သိုင်းပညာရှင်တစ်ဦးဖြစ်ကြောင်း တင်းမိန့် သိလိုက်သည်။ ထို့
နောက် ခြေသံသည် တဖြည်းဖြည်း ကျောင်းပြင်သို့ပြန်လျှောက်သွား
ပြန်၏။

"ရှပ်... ရှပ်... ရှပ်"

မကြာမီ ခြေသံပျောက်သွားသည်။

တင်းမိန့် ထခုန်လိုက်၏။

ဘုံကျောင်းရှေ့သို့ထွက်လာသည်။ ခြေသံရှင်ကို လုံးဝမ
တွေ့ရတော့ချေ။ အပြင်ဘက်တွင် လရောင်က လင်းထိန်နေသေး
သည်။ ခြေသံရှင်ကိုရှာဖွေတွေ့ရှိရပေမည်။ ယခုတော့ လုံးဝမတွေ့ရ
တော့ချေ။

ထို့နောက် ဘုရားကျောင်းပျက်မှထွက်ကာ ခြေသံရှင်ကိုခြေ
ရာခံလိုက်တော့၏။ အတန်ကြာလိုက်သောအခါမှ ခြေသံသဲ့သဲ့ကို
ကြားလိုက်ရလေ၏။ တင်းမိန့်သည် သစ်ပင်ကြီးတစ်ပင်နောက်သို့

ပုန်းကွယ်လိုက်လေ၏။

တင်းမိန်သည် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။ တောလမ်းကလေးကို လရောင်ဖြင့် ထင်ရှားစွာ တွေ့နေရသည်။ ထိုလမ်းကလေးပေါ်၌ လူတစ်ယောက်လျှောက်သွားနေလေသည်။

ထိုလူ၏ကိုယ်ဖော့ပညာမှာ အတော်ကောင်းမည်ဟု ခန့်မှန်းရသည်။ အဘယ့်ကြောင့်ဆိုသော် လေးပင်သောခြေသံကို မကြားရသောကြောင့် ဖြစ်၏။

အညိုရောင်ဝတ်စုံကို ဝတ်ဆင်ထားသော ထိုလူမှာ လရောင်ကြောင့် အမည်းရောင်ဝတ်စုံလို ဖြစ်နေသည်။ ထိုလူသည် ခြေလှမ်းနှစ်ဆယ်မျှလျှောက်ပြီး တုံ့ခနဲရပ်သွား၏။ ထိုလူ၏မျက်နှာပေါ်၌ သစ်ရွက်သစ်ခက်တို့၏အရိပ်ကျနေသဖြင့် ထိုလူ မည်သူမည်ဝါဖြစ်သည်ကို အတိအကျ မသိရချေ။

ထိုစဉ် ထိုလူသည် ခြေနှစ်ဘက်ခွဲကာ အသင့်ရပ်စောင့်လိုက်ပြီး....

"**ပုန်းမနေနဲ့ မိတ်ဆွေ**၊ မိတ်ဆွေရောက်နေတာကို ကျုပ်သိပါတယ်၊ **ထွက်ခဲ့ပါတော့ မိတ်ဆွေ**"

သူသည် တစ်ခွန်းချင်း ပြောလိုက်လေ၏။

ထိုလူသည် သူရှိနေသည်ကို မည်သို့သိရှိသွားပါသနည်း။ သူကလည်း ကိုယ်ဖော့ပညာသုံး၍ လျှောက်ခဲ့သည်သာ ဖြစ်သည်။ ထိုလူ၏အကြားအာရုံသည် သူ မှတ်ထင်ထားသည်ထက် ပိုမို၍ အစွမ်းထက်နေသလော။

သူ ဆက်လက်ပုန်းအောင်းနေ၍ မဖြစ်တော့ဟု ယူဆလိုက်



သည်။ တင်းမိန်သည် သက်ပြင်းချလိုက်ပြီး ထွက်ရန် ဟန်ပြင်လိုက်လေ၏။ ထိုစဉ်မှာပင် လူတစ်ယောက်သည် သစ်ပင်ချုံနွယ်များအကြားမှ ခုန်ထွက်လာတော့၏။

တင်းမိန် ကိုယ်ရှိန်သတ်လိုက်ရလေ၏။

ထိုခုန်ထွက်လာသောလူမှာ အပြာရောင်ဝတ်စုံနှင့် ဖြစ်သည်။ ထိုအခါမှ **တင်းမိန်** သိလိုက်သည်။ သူ့အပြင် လူတစ်ယောက်ရှိနေသေးသည်ဟု။

အပြာရောင်ဝတ်စုံနှင့်လူက တဟားဟားရယ်ရင်း ပြောသည်။

"ဟား... ဟား... ဟား... မင်းက မဆိုးပါလား၊ ကျုပ် ပုန်းနေတာကိုတောင် ချက်ချင်းသိတာပဲ၊ ဟား... ဟား... ဟား"

အညိုရောင်ဝတ်စုံနှင့်လူက....

"မင်း ကျုပ်နောက်လိုက်နေတာကို မသိဘူးထင်နေသလား"

သူသည် ပြောရင်းဆိုရင်း အပြာရောင်ဝတ်စုံနှင့်လူကို ကြည့်လိုက်၏။ ထိုလူကို မှတ်မိသွားဟန်တူသည်။

"ဩော်... ဘယ်သူများလဲလို့ မင်းကို၊ အတော်ပဲ ကျုပ်မှာ လူအင်အားလိုနေတာနဲ့ အတော်ပဲ ဖြစ်သွားတယ်၊ မင်း... ကျုပ်တို့နဲ့ ပြန်လက်တွဲမယ် မဟုတ်လား"

အပြာရောင်ဝတ်စုံနှင့်လူက ပြတ်သားစွာ ပြောချလိုက်၏။

"မတွဲဘူး"

အညိုရောင်ဝတ်စုံနှင့်လူက အံ့သြဟန်မပြချေ။

"ဒါနဲ့များ ကျုပ်နောက် တကောက်ကောက်လိုက်နေသလား၊ သက်သက်မယ့် အချိန်ဖြုန်းတာပဲ"

"ကျုပ်နောက်က လိုက်နေတာ အကြောင်းမဲ့လိုက်နေတာ မဟုတ်ဘူး၊ မင်းရဲ့လုပ်ရပ်တွေကို ရပ်တန်းက ရပ်ဖို့ပြောချင်လို့ပါ"

ထိုအခါ အညိုရောင်ဝတ်စုံနှင့်လူသည် အော်ဟစ်ရယ်မောလေတော့၏။

"ဟား... ဟား... ဟား"

"မင်း ဘာရယ်တာလဲ"

"ရယ်စရာရှိလို့ ရယ်တာပေါ့ကွ"

"ကျုပ် ရယ်စရာပြောနေတာ မဟုတ်ဘူး၊ မင်းယူလာတဲ့ ကျုပ်ပစ္စည်းကို ပြန်ပေးပါ"

"ဟား... ဟား... ဟား၊ မင်းက ဘယ်လောက် အစွမ်းရှိလို့ မင်းရဲ့ပစ္စည်းကို ပြန်တောင်းနေရတာလဲ၊ မင်းအစွမ်းရှိမယ်ထင်ရင် ကျုပ်ဆီကိုလာပြီး ယူနိုင်ပါတယ်"

"ကောင်းပြီ... ကျုပ်ယူမယ်"

အပြာရောင်ဝတ်စုံနှင့်လူက လျင်မြန်သလို အညိုရောင်ဝတ်စုံနှင့်လူလည်း လျှင်မြန်လှ၏။ ဓားကို ဘယ်လက်ဖြင့်ဖမ်းပြီး ညာလက်က စွန်ကုပ်သဏ္ဌာန်ဖြင့် အပြာရောင်ဝတ်စုံနှင့်လူအား ကုပ်ချလိုက်၏။ အပြာရောင်ဝတ်စုံနှင့်လူသည် ဓားကိုရုတ်သိမ်းပြီး နောက်သို့ခြေတစ်လှမ်းဆုတ်ကာ ရှောင်တိမ်းလိုက်ရလေတော့၏။

တင်းမိန်မှာ သွက်လက်ဖျတ်လတ်လှသော ထိုသူနှစ်ဦး၏ တိုက်ပွဲကိုမတွေ့ချင် မြင်လျက်သား ပက်ပင်းတွေ့နေရလေတော့၏။



အပြာရောင်ဝတ်စုံနှင့်လူသည် ဓားကိုစက်ဝိုင်းသဏ္ဌာန်ဝှေ့ယမ်းလိုက်လေ၏။ ထို့နောက် အညိုရောင်ဝတ်စုံနှင့်လူကို ဓားချက်သုံးချက်မျှ ထိုးသွင်းလိုက်လေ၏။

အညိုရောင်ဝတ်စုံနှင့်လူသည် ဓားမကိုင်ဘဲ ရှောင်တိမ်းနေ၏။ ထို့နောက် ဓားကိုင်လက်ကိုကုပ်၍ ဆွဲချလိုက်၏။ တစ်ခဏအတွင်း၌ သူတို့သည် အကွက်ပေါင်းနှစ်ဆယ်ကျော် တိုက်ခိုက်ကြလေ၏။

တိုက်ခိုက်မှုတိုင်းသည် ပြင်းထန်လှပြီး အလွန်ပင် လျင်မြန်လှလေ၏။

ရုတ်တရက် အညိုရောင်နှင့်လူသည် လွှားခနဲ ခုန်တက်သွား၏။ အပြာရောင်နှင့်လူကလည်း ထိုလူအတိုင်း ခုန်တက်၏။ လေထဲတွင် တိုက်ခိုက်ကြပြန်သည်။ သိုင်းကွက်ငါးကွက်ခန့် တိုက်ခိုက်မိကြလေ၏။

အတန်ကြာသောအခါ အညိုရောင်နှင့်လူ ပြန်ကျလာ၏။ အပြာရောင်နှင့်လူလည်း ပြန်ကျလာ၏။ သို့သော် လူကောင်းပကတိတော့ မဟုတ်ချေ။ ခန္ဓာကိုယ်မှာ ယိမ်းယိုင်နေ၏။ လက်ထဲမှဓားလည်း လွတ်ကျသွားပြီး ခန္ဓာကိုယ်ပြိုလဲကျသွားတော့၏။

အညိုရောင်နှင့်လူသည် သဘောကျစွာ ရယ်မောလေတော့၏။ သူက ဓားမထုတ်ဘဲ တိုက်ခိုက်သဖြင့် သူ့သိုင်းပညာက ပိုမို ကောင်းမွန်ကြောင်း သိရသည်။

တင်းမိန်သည် ထိုသူအား သေချာစွာကြည့်လိုက်ရာ ဟင်ခနဲ ဖြစ်သွားသည်။ ဓားဒဏ်ရာတစ်ချက် နဖူးပြင်၌ထင်ရှားစွာ တွေ့

မြင် လိုက်ရသောကြောင့် ဖြစ်သည်။ ထိုလူသည် ထိုဓားဒဏ်ရာဖြင့် ရယ်မောနေလေ၏။ ထို့နောက် ပြေးလွှားထွက်ခွာသွားတော့၏။

တင်းမိန်သည် အညိုရောင်ဝတ်စုံနှင့်လူ ပျောက်သွားသည် အထိ စောင့်နေ၏။ အညိုရောင်ဝတ်စုံနှင့်လူ ပျောက်ကွယ်သွားသော အခါမှသာ အပြင်ထွက်ပြီး အပြာရောင်ဝတ်စုံနှင့်လူကို ကြည့်လိုက်၏။ အပြာရောင်ဝတ်စုံနှင့်လူမှာ မသေသေးပါ။ ဒဏ်ရာပြင်းထန်စွာ ရှိနေပါသည်။ တင်းမိန်မှာ အပြာရောင်ဝတ်စုံနှင့်လူကို မွေ့ချီကာဒဏ် ကြေးဆေးတစ်လုံးကို တိုက်ကျွေးလိုက်၏။

ထိုလူ၏ခါးစည်းကြိုးနှင့်လွတ်ကျနေသော**ဓားကို အမှတ်** မထင် တင်းမိန် သတိပြုလိုက်မိသည်။ ထို့နောက် **ဓားကိုကောက်ယူ** ကာ ခါးစည်းကြိုးအတွင်း ပြန်ထည့်ပေးလိုက်၏။

ထိုအပြာရောင်ဝတ်စုံနှင့်လူအား မွေ့ချီကာ ဘုရားကျောင်း ပျက်ဆီသို့ ပြန်လျှောက်လာခဲ့တော့၏။ ဘုရားကျောင်းပျက်သို့ ရောက်မှ ထိုလူအား လဲလျောင်းစေပြီး အင်္ကျီကိုဖွင့်ကြည့်လိုက်သည်။

"ဟင်"

ရင်ဝတွင် အညိုအမည်းစွဲနေသော အကွက်တစ်ကွက်အား တွေ့လိုက်ရလေ၏။ ထိုလူသည် အညိုရောင်ဝတ်စုံနှင့်လူ၏ လက်ဝါး ချက်ကို ထိမှန်သွားပြီဖြစ်ကြောင်း သိလိုက်ရ၏။

တင်းမိန်သည် ထိုလူ၏သွေးကြောကို စစ်ဆေးကြည့်လေ ၏။ ထိုလူ၏သွေးလည်ပတ်မှုမှာ **အလွန်ပင်** နှေးကွေးနေသည်။ အ ချိန်မီကုသမှ သက်သာမည်ဖြစ်**ကြောင်း** တင်းမိန် ရိပ်စားမိလေ၏။

သူသည် အပြာရောင်ဝတ်စုံနှင့်လူကျောပြင်အား လက်ဝါး



လက်နှစ်ဖက်ဖြင့်ဖိကာ အတွင်းအားဖြင့် ကုသပေးလိုက်သည်။ ဤသို့ ကုသခြင်းမှာ ယာယီမျှသာဖြစ်သည်။ တကယ်ကုသလျှင် ဆေးမြစ် တစ်မျိုးကိုတိုက်ကျွေးကာ ကုသရမည်ဖြစ်ကြောင်း သူသိသည်။

ဤဆေးမြစ်မှာ ဤတောထဲ၌တွေ့မိကြောင်း သူ သတိရ သည်။ ဤဆေးမြစ်သည် အတွင်းဒဏ်ရာရသူများအတွက် အလွန် ပင် သင့်လျော်လှသည်။ ဤအချက်ကို အဝါရောင်နဂါးထံ၌ သိုင်းပ ညာသင်ယူစဉ်က သူ သိရှိထားသည်။

သူသည် အပြာရောင်ဝတ်စုံဝတ်လူကိုချထားပြီး ဆေးမြစ် ရှာရန် ထွက်ခဲ့တော့သည်။

ညဘက်ဖြစ်သဖြင့် သူ့အနေဖြင့် ဆေးမြစ်ရှာရန် အခက်အ ခဲရှိသည်။ သို့သော် လူတစ်ဦး၏အသက်ကိုကယ်ဆယ်နိုင်ရန် သူကြိုး စားရှာဖွေနေရပေသည်။

"ဟာ... တွေ့ပြီ"

သူသည် ဝမ်းသာအားရ တူးဖော်လေ၏။ အပြန်ခရီးမှာ ကား လွန်စွာလျင်မြန်လှသည်။ သို့သော် အာရုံကျင်း၍ အလင်းရောင် ပင် ရလာချေပြီ။ သူသည် မကြာမီပင် ဘုရားကျောင်းပျက်ဆီသို့ ပြန်လည် ရောက်ရှိလာလေ၏။

ဘုရားကျောင်းပျက်သို့ရောက်ရှိသောအခါ တင်းမိန်၏မျက် **လုံးအစုံမှာ** ပြူးကျယ်သွား၏။ လက်ထဲမှကိုင်လာသောဆေးမြစ်များ **သည်ပင်** ပြုတ်ကျသွားလေ၏။

**အဘယ့်ကြောင့်ဆိုသော်** အပြာရောင်ဝတ်စုံနှင့်လူသည် မရှိ **တော့သောကြောင့်ပေတည်း။**

"ဘယ်ရောက်သွားပါလိမ့်"

တင်းမိန် အလွန်အံ့ဩသွားလေသည်။

အပြာရောင်ဝတ်စုံနှင့်လူသည် အတွင်းဒဏ်ရာရရှိထားသည်။ သူက အတွင်းအားနှင့်ကုသပေးထားသည်မှာ ယာယီသာဖြစ်သည်။ လမ်းမလျှောက်နိုင်သေးပါ။ အနည်းဆုံး သုံးရက်ခန့် ကုသပေးပြီးမှ သက်သာမည်ဟု ခန့်မှန်းသည်။

ယခုအဘယ့်ကြောင့် ထိုလူ ပျောက်သွားရသနည်း။ ဆေးမြစ်သွားတူးနေသည့်အချိန်အတွင်း ထိုလူပျောက်ဆုံးသွားခြင်း ဖြစ်သည်။

ထိုစဉ် သူသည် တစ်စုံတစ်ရာကိုတွေ့လိုက်ရလေ၏။ ထိုတစ်စုံတစ်ရာသည်ကား ကြမ်းပြင်၌ရေးခြစ်ထားသည့်စာလုံးများပေတည်း။

"ကျေးဇူးတင်ပါတယ်... ကျုပ်တို့ပြန်ဆုံကြမှာပါ"

တင်းမိန် သက်ပြင်းချလိုက်မိသည်။

"ဩော်... သူထွက်သွားနိုင်ပြီကိုး။ သူ ခံနိုင်ရည်တော်တော်ရှိတဲ့ ပုဂ္ဂိုလ်ပဲ၊ ငါ့စမ်းသပ်တုန်းက သေမလောက်ဖြစ်နေတဲ့လူပဲ"

တင်းမိန်က တီးတိုးရေရွတ်လိုက်သည်။

"အင်း... ငါလာရှာတဲ့ ဆေးမြစ်တွေ အလကားဖြစ်သွားတာပဲ၊ သူတို့မှာလဲ ဆေးနည်းတွေရှိနေမှာပဲလေ"

တင်းမိန်သည် ခေါင်းရင်းဘက် အုတ်ခုံပျက်ပေါ်၌ ဆေးမြစ်များကို စုတင်ထားလိုက်သည်။

ထို့နောက် ကြမ်းပြင်ပေါ်၌ ပြန်ထိုင်ချလိုက်၏။ ထိုအခါ



ကြမ်းပြင်ပေါ်မှ ခြေရာများကို တင်းမိန်တွေ့ရှိလိုက်တော့သည်။ အလင်းရောင်ဝင်လာသဖြင့် တွေ့ရှိခြင်းဖြစ်ပါသည်။ ခြေရာမှာ နှစ်ခုဖြစ်သည်။ တင်းမိန် သဘောပေါက်သွားတော့သည်။ ထိုခြေရာရှင်များသည် ဝတ်စုံပြာနှင့်လူအား ခေါ်ဆောင်သွားကြပေပြီ။

ထိုခြေရာရှင်များသည် ဝတ်စုံပြာနှင့်လူ၏မိတ်ဆွေများသာဖြစ်ရပေမည်။ ရေးသားထားသောစာအရ ရှင်းလင်းနေပြီ မဟုတ်ပါလော။ တင်းမိန် စိတ်ချမ်းသာသွားလေ၏။

## အခန်း(၉)

## တောင်ပိုင်းသိုင်းရာဇာဟူသည်

ထင်းရှူးပင်များသာ အများဆုံးပေါက်သော တောအုပ်အလယ်ဖြစ်ပါသည်။ ကျောက်ဖြူနှင့်ပြုလုပ်ထားသောအဆောက်အအုံကြီးသည် ထီးထီးတည်ရှိနေ၏။ ထိုအဆောက်အအုံပိုင်ရှင်က ထင်းရှူးတောကြီးကို ပြုပြင်ဖန်တီးထားခြင်းဖြစ်ပါသည်။

ထိုအဆောက်အအုံပိုင်ရှင်မှာ ဆန်းကြယ်သောစိတ်ဓာတ်ရှိသူ ဖြစ်ပါသည်။ ထိုအဆောက်အအုံပိုင်ရှင်အကြောင်းမပြောမီ သိုင်းရာဇာလေးယောက်အကြောင်း ပြောရပေဦးမည်။

သူတို့သည် ရှောင်လင်၊ ဟူတန်။ **ခွန်းလွှန်နှင့် ဝါမေဂိုဏ်း**ချုပ်တို့လောက်ကား ပညာစုံမွမ်း**ထက်ကြပါ။ အရှေ့ပိုင်းသိုင်း**ရာဇာကျွမ်းကျင်သောလက်နက်မှာ **ကြိုးတင်စားဖြစ်သည်။**

သူသည် ရန်သူနှင့်တွေ့လျှင် **အသေအကြေ**တိုက်ခိုက်တတ်သလို သစ်ပင်ပန်းပင် များကိုလည်း ချစ်တတ်သူဖြစ်သည်။ သူ့နာမည်မှာ ရှောက်ထင်းဖြစ်ပါသည်။

အနောက်ပိုင်းသိုင်းရာဇာမှာ ဟို့ရှောင်ဖြစ်ပါသည်။ ဟို့ရှောင်မှာ ကြွယ်ဝချမ်းသာသောမိသားစုမှ ပေါက်ဖွားလာသူဖြစ်ပါ



သည်။ သူဝါသနာပါသည့်အရာမှာ နှစ်ခုရှိပါသည်။

တစ်ခုသည် လှုပ်ရှားနေရခြင်းဖြင့် အချိန်ကုန်၍ တစ်ခုသည် ထိုင်ခြင်းဖြင့် အချိန်ကုန်ရသောအရာနှစ်ခုကို စိတ်ပါဝင်စားသည်။

တစ်ခုမှာ သိုင်းပညာဖြစ်၍ တစ်ခုမှာ စစ်တုရင်ထိုးခြင်းဖြစ်သည်။ သူ့တစ်သက်တာ၌ သိုင်းပညာ ကစားခြင်းနှင့်စစ်တုရင်ထိုးခြင်းသာ ပြုလုပ်ခဲ့သည်။ **ထိုနှစ်ခုအတွက် သူ လူဖြစ်လာရသကဲ့သို့ရှိ**ပါသည်။

မြောက်ပိုင်းသိုင်းရာဇာမှာ လူကုန်**းဖြစ်ပါသည်။** လူကုန်းမှာ မိဘမဲ့ကြီးပြင်းလာရသောသူဖြစ်၏။ သူသည် သိုင်းပညာကို **စနစ်**တကျသင်ခဲ့ရသူ မဟုတ်ပေ။ ဆရာများစွာကို အတုခိုးခဲ့ရသူဖြစ်၏။ ကျေးငှက်တိရစ္ဆာန်များသည်ပင် သူ့ဆရာဖြစ်ခဲ့၏။ တိရစ္ဆာန်များ တိုက်ခိုက်မှုမှ သိုင်းကွက်များ တီထွင်ခဲ့ရသည်။

သူ၏သိုင်းကွက်များသည် အမြဲတစေရှုပ်ထွေးပြီး ထူးဆန်းလှသည်။ သူနှင့်ယှဉ်ပြိုင်ရသူတိုင်း အလွန်ဦးနှောက်ခြောက်ကြရသည်။

သူသည် အလွန် သဘောသကာယကောင်းသူ ဖြစ်၏။ မိဘမဲ့ဖြစ်သဖြင့် အောက်သက်ကြေသည်။ အပေါင်းအသင်းများကို အနာခံ၍ ပေါင်းသင်းသည်။ ထို့ကြောင့် မိတ်ဆွေအပေါင်းအသင်းအလွန်များပြားသူဖြစ်သည်။

သို့ရာတွင် သူသည် စင်းလုံးချောကောင်းသူတစ်ယောက်တော့ မဟုတ်ပြန်ချေ။ သူသည် အရက်အလွန်ကြိုက်သည့်ချွတ်ယွင်းချက် ရှိလေသည်။ အရက်ကောင်းဆိုသည်ကို မရမနေရှာဖွေသောက်

တတ်ပေသည်။

သူ့၌အိမ်ရှိသော်လည်း အိမ်တွင် ဖင်မြဲမြဲ ထိုင်လေ့မရှိပေ။ ခြေသလုံးအိမ်တိုင် လျှောက်သွားနေလေ့ရှိသည်။ အိမ်တွင် နေသည့်အချိန်ကနည်းပြီး သွားလာနေသည့်အချိန်က များနေလေ၏။

တောင်ပိုင်းရာဇာ ကျုံးစန်းသည် နယ်စားမျိုးနယ်မှ ဆင်းသက်လာသူဖြစ်သည်။ သူသည် အမြဲတစေ ခမ်းနားမှုကိုနှစ်သက်ပေသည်။ အမြဲတစေ ကြီးကျယ်ခမ်းနားစွာ နေထိုင်လေ့ရှိသည်။

သူ၏ခါးတွင် အဖိုးတန်ရတနာများ စီခြယ်ထားပေသည်။ ထို့အတူ သူသည် အဖိုးထိုက် အဖိုးတန်အင်္ကျီများကို ဝတ်ဆင်ထားတတ်ပေသည်။

သူ၏နေအိမ်ကိုလည်း ကြီးကျယ်ခမ်းနားစွာ တည်ဆောက်နေထိုင်သည်။ နန်းတော်သဖွယ်ကြီးမားပြီး ကြီးကျယ်ခမ်းနားသည်။ ယခုမြင်တွေ့နေရသော ကျောက်ဖြူနန်းတော်သည် တောင်ပိုင်းသိုင်းရာဇာကျုံးစန်း၏စံအိမ်ငါးခုအနက်မှ တစ်ခုဖြစ်သည်။

တင်းမိန် ထင်းရှူးတောစပ်သို့ထွက်လာသောအခါ အစောင့်များထွက်လာပြီး တင်းမိန်ကို ဟန့်တားတော့၏။ ကျုံးစန်းသည် သူသာ အထက်တန်းကျကျ နေသည်မဟုတ်။ သူ့ကိုယ်ရံတော်များကိုပါ ရွှေရောင်ဝတ်စုံများဖြင့် ခမ်းခမ်းနားနားဝတ်ဆင်စေသည်။ ထို့ကြောင့် ရွှေရောင်ဝတ်စုံဖြင့် သူ့ကိုယ်ရံတော်များကို တောက်တောက်ပပထားလိုက်ကြ၏။

တင်းမိန်က ကိုယ်ရံတော်အား စာပြသလိုက်သည်။

"ရော... ဒီစာကိုဖတ်ကြည့်ပါ"



"ဟုတ်ကဲ့... ကျွန်တော်တို့က တာဝန်ဝတ္တရားအရ တားရတာပါ"

ကိုယ်ရံတော်အကြီးအကဲက ပြောပြီး စာကိုယူဖတ်သည်။

"ကြွပါ ဆရာလေး၊ ကျွန်တော်တို့ကတော့ လာတဲ့လူတိုင်းကိုတားရတာပဲ"

ကိုယ်ရံတော်အကြီးအကဲသည် တင်းမိန်အား ခေါ်ဆောင်သွား၏။ အဆောင်တစ်ခုထဲခေါ်သွင်းသွားပြီး နေရာချပေးထားလေ၏။

တင်းမိန်သည် အခန်းကိုကြည့်ရင်း ပြုံးမိလေ၏။ သည်အခန်းသည် လွန်စွာ ခမ်းနားလှသည်မဟုတ်ပါလော။ သူတို့ နဂါးဂိုဏ်း၏ခန်းမဆောင်သည်ပင် သည်အခန်းကဲ့သို့ မခမ်းနားလှချေ။

တင်းမိန်သည် တောင်ပိုင်းသိုင်းရာဇာ ကျုံးစန်းအား စောင့်ရင်း အိပ်ပျော်သွားလေ၏။ တင်းမိန် အိပ်ရာမှနိုးသောအခါ နေမင်းကြီးပင် ဝင်လုဆဲဆဲ ဖြစ်နေလေပြီ။

**ထိုအချိန်တွင်** ကိုယ်ရံတော်တစ်ယောက်လည်း သူ့ရှေ့သို့ ရောက်ရှိလာလေ၏။ ကိုယ်ရံတော်က တင်းမိန်အား အရိုအသေပေးရင်း.....

"သခင်ကြီးနဲ့တွေ့ဖို့ လိုက်ခဲ့ပါ"

တင်းမိန်သည် အပျင်းဆန့်ပြီးနောက် ကိုယ်ရံတော်နောက်မှ လိုက်သွားလေ၏။

သူသည် လိုက်ပါသွားရင်း အခန်းများကို ကြည့်သွားလေသည်။ အခန်းတိုင်း ခမ်းနားလှစွာ ပြင်ဆင်ထားသည်။ အဆောက်အ

အုံကြီးသည် အပြင်မှကြည့်လျှင် ကြီးကျယ်ခမ်းနားၡ၏။ အတွင်း၌ ပို၍ ပင် ကြီးကျယ်ခမ်းနားပေသေးသည်။

အခန်းတိုင်း ကော်ဇောများ ခန်းလုံးပြည့်ခင်းကျင်းထား သည်။ ဤသို့ဖြင့် တောင်ပိုင်းသိုင်းရာဇာ ကျူးစန်းနေထိုင်သည့်အ ခန်းသို့ ရောက်ရှိလာလေတော့၏။

အခန်းဝတွင် လှံရှည်ကိုင် ကိုယ်ရံတော်လေးဦးက စော င့် ကြပ်နေသည်။ တင်းမိန်ဝင်လာသည်ကိုတွေ့သောအခါ ကိုယ်ရံတော် လေးဦးက လမ်းဖယ်ပေးကြသည်။

တင်းမိန် အခန်းထဲသို့ လှမ်းဝင်လိုက်၏။

အခန်းအလယ်တွင် ကျားသစ်ရေခင်းထားသော ထိုင်ခုံတစ် လုံးရှိ၏။ ထိုင်ခုံပေါ်၌ လူတစ်ယောက်ထိုင်နေသည်။ ထိုလူသည် အ သက်ငါးဆယ်ခန့်ရှိပြီး ဉပမိရုပ်ရည် အလွန်ကောင်းလေသည်။ ထိုလူ မှာ တောင်ပိုင်းသိုင်းရာဇာကျူးစန်းပင် ဖြစ်လေတော့သည်။

သိုင်းရာဇာကျူးစန်းသည် တင်းမိန်ကိုတွေ့ရသောအခါ အ လွန်ပင် စိတ်ပျက်သွားလေတော့သည်။ သူရင်ဆိုင်နေရသည့်အခက် အခဲမှာ အလွန်ကြီးမားလှသည်။ ဒါကို မဟူရာနဂါး မသိမဟုတ် သိပေသည်။ သူ့အနေဖြင့် မဟူရာနဂါးသည် ထက်မြက်သော နဂါး ဂိုဏ်းခွဲမှူးတစ်ယောက် ပို့လွှတ်လိမ့်မည်ဟု ယူဆမိသည်။

သူနှင့်မဟူရာနဂါး ဆွေးနွေးခဲ့သည်များကို မဟူရာနဂါးမေ့ လျော့သွားသည်လား မဆိုနိုင်။ သို့သော် မဟူရာနဂါးသည် ဇွဲစပ် သေချာသူဖြစ်လေသည်။

စာကို တောင်ပိုင်းသိုင်းရာဇာကျူးစန်း ဖတ်လိုက်ရ၏။ စာ



မှာ တိုတိုရှင်းရှင်းပင် ဖြစ်၏။ ကျူးစန်းအတွက် နဂါးတစ်ကောင်လွှတ် လိုက်ကြောင်း ဖော်ပြထားသည်။ ကျူးစန်းသည် ငယ်ရွယ်လှသော တင်းမိန်အား ကြည့်ပြီး စိတ်ပျက်နေမိသည်။

သူ သေသေချာချာကြည့်လိုက်သောအခါ တင်းမိန်ကို တွေ့ ဖူးသလိုလို မှတ်မိလေ၏။

"ကျွန်တော့်ကို မဟူရာနဂါးက လွှတ်လိုက်တာပါ"

ကျူးစန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါပြီ... ဒါထက် ငါ မေးစမ်းပါရစေဦး။ မင်းဟာ နဂါးဂိုဏ်းသား ရိုးရိုးလား၊ ဒါမှမဟုတ် အဆင့်ရှိသူတစ်ယောက်လား"

တင်းမိန်က ပြုံးပြီးဖြေလိုက်၏။

"ကျွန်တော် တိမ်ဖြူနဂါးပါ"

ကျူးစန်း၏မျက်လုံးမှာ ပြူးထွက်လာလေ၏။ ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး... မင်း... ဘာကြောင့် ကျုပ်ကိုလိမ်ညာရတာ လဲ"

"ကျွန်တော် အမှန်ကိုပြောတာပါ"

"တိမ်ဖြူနဂါး သေဆုံးသွားတာကို ငါ မသိဘူး မှတ်နေသ လား။ သူ သေတဲ့အချိန်မှာ မင်းဟာ ကလေးပဲ ရှိဦးမယ်"

တင်းမိန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်လေ... အခု ကျွန်တော်က အဲဒီနေရာကို ဆက်ခံတဲ့ လူတစ်ယောက်ပါ၊ တိမ်ဖြူနဂါးနေရာဟာ ဆက်ဆံခွင့် ရှိတဲ့နေရာပါ"

ကျုံးစန်း အံ့သြသွားလေသည်။

ကျုံးစန်းသည် သိုင်းလောကအကြောင်း နှံ့နှံ့စပ်စပ်သိမြ သူ ဖြစ်သည်။ နဂါးများ၏သိုင်းလောကအဆင့်အတန်းကိုလည်း သူ သိရှိထားပါသည်။

နဂါးများသည် သူတို့သိုင်းရာဇာလေးယောက်လောက် ထင်ပေါ်ကျော်ကြားခြင်းမရှိပါ။ ထင်ပေါ်ကျော်ကြားမှုမရှိခြင်းမှာ နဂါးများသည် လျှို့ဝှက်သိုသိပ်ကြ၍ဖြစ်ပါသည်။

တကယ်တမ်းတွင် နဂါးများ၏သိုင်းပညာသည် သူတို့သိုင်း ရာဇာလေးယောက်ထက် သာလွန်သည်ဟု သူ နားလည်ထားပါ သည်။

သူ့ရှေ့၌ရောက်ရှိနေသော နဂါးမှာ သာမန်နဂါးမဟုတ်ပါ။ မဟူရာနဂါးကဲ့သို့ နဂါးဆောင်တစ်ဦးဖြစ်သည်ဟု ပြောဆိုနေပါ သည်။

သူ မယုံကြည်ချင်ပါ။ သို့သော် မဟူရာနဂါးသည် အစွမ်းထက်သော လူတစ်ဦးကိုစေလွှတ်မည်မဟုတ်ဟု တွေးပြီး တိမ်ဖြူနဂါးဆိုသည့်အချက်ကို ယုံကြည်သွားပါသည်။

ကျုံးစန်းက....

"မင်း နာမည်ကကော"

"တိမ်ဖြူနဂါး တင်းမိန်ပါ"

ကျုံးစန်း မျက်မှောင်ကုပ်သွားပါသည်။

"တင်းမိန် ဆိုပါကလား"

ကျုံးစန်း တီးတိုးရေရွတ်လိုက်သည်။



ထို့နောက် ဆက်၍ မေးလိုက်သည်။

"မင်းက တိမ်ဖြူနဂါးထင်းကျန်နဲ့ ဘယ်လိုပတ်သက်သလဲ"

"ကျွန်တော့်ရဲ့ဖခင်ပါပဲ ခင်ဗျာ"

ကျုံးစန်း မျက်လုံးပြူးသွား၏။

"သြော်... ဒါကြောင့် မင်းက သူ့နေရာ ဆက်ခံတာကိုး"

သူသည် ယခုမှ တင်းမိန်ကို တွေ့ဖူးသလိုလို ရှိနေသည်ကို သတိရတော့သည်။ တင်းမိန်သည် ထင်းကျန်နှင့် အတော်ကြီးပင် တူနေပါသည်။ ကျုံးစန်းသည် ပေါင်ကိုတစ်ချက်ပုတ်လိုက်၏။

"ကောင်းတယ်... သိပ်ကောင်းတယ်၊ ဒီဂိုဏ်းဟာ မင်းအဖေ ဖြိုခွဲခဲ့တဲ့ဂိုဏ်းကွ၊ အခု မင်းက ဆက်ပြီး ဖြိုခွဲရမယ်"

တင်းမိန် ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ဘဘ... မဟူရာနဂါးက ကျွန်တော့်ဖခင်ကိုယ်စား ကျွန်တော်ကပဲ ဆောင်ရွက်ဖို့ ဦးတို့ဆီ စေလွှတ်လိုက်တာပါ၊ ကျွန်တော်ကလဲ ဒီတာဝန်ကိုလိုလိုချင်ချင် ထမ်းဆောင်ပါ့မယ် ခင်ဗျာ"

ကျုံးစန်းက ခေါင်းညိတ်လိုက်၏။

"အင်း... ဒီထင်းရှုဂိုဏ်းဟာ တကယ်ပဲ ဆိုးတာပဲ"

သူ၏မျက်လုံးများမှာ ရီဝေသွားသည်။ အတန်ကြာမှ ဖြည်းညင်းစွာ ပြောသည်။

"ကျုပ်အတွက် အကူအညီမလိုပါဘူး၊ ဒါပေမယ့် မဟူရာနဂါးက ကျုပ်အတွက် စိုးရိမ်တယ်လေ၊ မင်းကို ဒါကြောင့် လွှတ်လိုက်တာပေါ့"

"ဟုတ်ကဲ့... ထင်းရှူးဂိုဏ်းရဲ့ ပစ်မှတ်ဟာ ဦး ဖြစ်လာလိမ့်မယ်လို့ ဘဘက ယူဆပါတယ်၊ ဒါကြောင့် ကျွန်တော့်ကို ဒီကိုလွှတ်လိုက်တာပါ"

"ဟုတ်တယ်... မကြာခင် ကျုပ်အလှည့် ရောက်လာတော့မယ်၊ ဒါပေမယ့် ကျုပ် မကြောက်ပါဘူး"

"ကျွန်တော်ကလဲ စုံစမ်းချင်လို့သာ ရောက်လာတာပါ၊ ဦးရဲ့ သိုင်းပညာကို မလေးစားလို့မဟုတ်ပါဘူး၊ ဘဘ မဟူရာနဂါးကလဲ ဒီကနေ သဲလွန်စကို လိုက်စေချင်ပါတယ်"

ကျုံးစန်းက လက်ကာပြလိုက်သည်။

"ကိစ္စမရှိပါဘူး... တကယ်တော့ ကျုပ်က မင်းကိုကျေးဇူးတင်ရမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကို ကျုပ်တစ်ယောက်တည်းရင်ဆိုင်ရမှာကို သံသယဝင်လာလို့ပဲ"

တင်းမိန် စကားဆက်မပြောပါ။ ဆက်ပြောစရာ စကားလည်း သူ့မှာမရှိပါ။

ကျုံးစန်းက ဆက်ပြောလေ၏။

"တကယ်တော့ ထင်းရှူးဂိုဏ်းဟာ ကျုပ်နယ်ထဲမှာ အများဆုံး လှုပ်ရှားနေတာပါပဲ၊ သိုင်းလောကသားခြောက်ယောက်လဲ သေဆုံးသွားရတယ်၊ သိမ်းငှက်အာမခံဌာနကလဲ သူတို့လက်ချက်နဲ့ ပြိုကွဲခဲ့ရတယ်၊ နယ်စားကြီးရဲ့ဘဏ္ဍာငွေတွေလဲ ထင်းရှူးဂိုဏ်းက လုယူသွားခဲ့တယ်၊ ဒါပေမယ့် တခြားဓားပြဂိုဏ်းဟန်ဆောင်ပြီး လုယူခဲ့တာ ကျုပ် သိတာပေါ့"

တင်းမိန်က ငြိမ်သက်စွာ နားထောင်၏။



ကျုံးစန်းက ဆက်ပြောပြန်၏။

"သူတို့လှုပ်ရှားနေတာ ခြောက်လလောက်ရှိပြီ၊ ကျုပ်လဲ ကြိတ်ပြီး စုံစမ်းနေတာပဲ၊ ထင်းရှူးဂိုဏ်းကို ခုထက်ထိ ခြေရာခံလို့မရဘဲ ဖြစ်နေတယ်"

တင်းမိန်က ဝင်ပြောလိုက်၏။

"ဒီကိစ္စဟာ ထင်းရှူးဂိုဏ်းရဲ့လက်ချက်ဆိုတာကို ဘယ်လိုလုပ် အပ်ချမတ်ချ ပြောနိုင်ရတာလဲ"

"အင်း... ပြောပြရမှာပေါ့၊ ဒါက မေးသင့်မေးလိုက်တဲ့မေးခွန်းပါပဲ၊ သိုင်းလောကသား ခြောက်ယောက်သေတဲ့ကိစ္စ၊ သိမ်းငှက်အာမခံဌာန ပြိုကွဲတဲ့ကိစ္စ၊ နယ်စားကြီးရဲ့ဘဏ္ဍာငွေတွေ လုယက်ခံရတဲ့ကိစ္စတွေမှာ ကျုပ်အားလုံး စစ်ဆေးကြည့်တယ်၊ အားလုံး ရင်ဝမှာ အညိုအမည်းစွဲတဲ့ လက်ဝါးဒဏ်ရာတွေ ရှိနေပါတယ်၊ ဒီလက်ဝါးဟာ ဟူကျန်းစုရဲ့ ထင်းရှူးလက်ဝါးသိုင်းကွက်ပဲ၊ ပြီးတော့ ထင်းရှူးဂိုဏ်းပျက်စီးသွားခဲ့တယ်လို့ဆိုတယ်၊ ဒါပေမယ့် လူတစ်ယောက်ကိုတော့ ကျုပ်တို့ ခုထက်ထိ ရှာဖွေမတွေ့ခဲ့ပါဘူး"

တင်းမိန် စိတ်ဝင်စားသွား၏။

"ဘယ်သူလဲ"

"ဟူကျန်းစုရဲ့ လူယုံတော် လောင်စိမ်းဆိုတဲ့လူပဲ"

တင်းမိန်သည် လောင်စိမ်းဆိုသူကို မမြင်ဖူးပေ။ သူက ဟူကျန်းစု၏ထင်းရှူးဂိုဏ်းပြိုကွဲခဲ့စဉ်က ကလေးအရွယ် လူမမယ်သာ ဖြစ်ခဲ့သည် မဟုတ်ပါလော။

ကျုံးစန်းက ပြောလေ၏။

"အခုဆိုရင် အရှေ့ပိုင်းသိုင်းရာဇာ ရောက်ထင်းဟာ ထင်းရှုးကိုဏ်းရဲ့လက်ချက်နဲ့သေဆုံးသွားပါပြီ"

"ဟုတ်ကဲ့... ဒီသတင်းကို ဘဘမဟူရာက ပြောခဲ့ပါတယ်၊ ဒါပေမယ့် တခြား ရန်သူတစ်ယောက်ယောက် ဖြစ်နိုင်ပါသေးတယ်၊ ထစ်ခနဲရှိ ထင်းရှုးကိုဏ်းကို လက်ညှိုးထိုးဖို့မသင့်ပါဘူး"

ကျုံးစန်းက....

"ထင်းရှုးကိုဏ်းကလွဲလို့ တခြား ဘယ်သူမှမဖြစ်နိုင်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ သူဟာ ထင်းရှုးကိုဏ်းနဲ့ပတ်သက်နေတာကိုး၊ ဒါကြောင့် လုပ်ကြံခံလိုက်ရတာပေါ့"

"အရှေ့ပိုင်းသိုင်းရာဇာဟာ ထင်းရှုးကိုဏ်းနဲ့ပတ်သက်နေတယ်... ဟုတ်လား"

တင်းမိန်က အံ့ဩစွာ မေးမြန်းလိုက်၏။

ကျုံးစန်းက ခေါင်းညိတ်သည်။

"ထင်းရှုးကိုဏ်းနဲ့ပတ်သက်နေတယ်ဆိုလို့ တလွဲမထင်နဲ့ဦး၊ သူဟာ ထင်းရှုးကိုဏ်းရဲ့လျှို့ဝှက်ချက်ကို ထိန်းသိမ်းထားခဲ့တဲ့အတွက်ကြောင့် သူတို့ထင်းရှုးကိုဏ်းက သတ်တာပဲ"

တင်းမိန်မှာ ကျုံးစန်း၏စကားကို နားမလည်နိုင်အောင်ဖြစ်နေမိသည်။ သို့သော် သူဘာမျှဝင်မမေးပါ။ ကျုံးစန်းက သူ့ဘာသာပင် ဆက်ပြောပါသည်။

"အဲဒီလျှို့ဝှက်ချက်ကို **ထိန်းသိမ်း**ထားတဲ့လူသုံးယောက်ရှိပါသေးတယ်၊ ဒါပေမယ့် သူတို့ဟာလဲ **အန္တရာယ်**ကျရောက်တော့မယ်၊ ဒီလျှို့ဝှက်ချက်ဟာ အင်မတန် လုံခြုံပါတယ်၊ ဘယ်လိုပေါက်ကြား



သွားတယ်ဆိုတာ ကျုပ် စဉ်းစားလို့ကိုမရဘူး"

"လျှို့ဝှက်ချက် အရေးကြီးသလား"

"လျှို့ဝှက်ချက်ဆိုမှတော့ အရေးကြီးပြီပေါ့"

"ဒါဆိုရင် ဦးပြောတဲ့လူသုံးယောက်ရဲ့အသက်အန္တရာယ်ဟာလဲ စိုးရိမ်စရာဖြစ်နေပြီပေါ့"

ကျုံးစန်းက ခေါင်းညိတ်၏။

"စိုးရိမ်နေရပြီ"

ကျုံးစန်းက မေးလိုက်၏။

"မင်း တစ္ဆေသူရဲကို ယုံသလား"

တင်းမိန် အံ့အားသင့်သွား၏။ ကျုံးစန်း မည်သည့်ရည်ရွယ်ချက်ဖြင့် မေးသည်ကိုမသိချေ။ ထို့နောက် တင်းမိန် ဦးခေါင်းခါယမ်းလိုက်၏။

"အယုံအကြည် မရှိပါဘူး"

ကျုံးစန်းက ပြော၏။

"အင်း... ကျုပ်လဲ အယုံအကြည် မရှိပါဘူး"

တင်းမိန်က....

"ဦးမေးတာ အကြောင်းရှိမယ် ထင်ပါတယ်ဦး၊ ပြောသာပြောတာပါ ကျွန်တော်တို့ဟာ တစ်လှေတည်းစီး တစ်ခရီးတည်းသွားတွေ ဖြစ်နေပါပြီ"

"ဟုတ်တယ်... အကြောင်းရှိတယ်"

"ပြောပါခင်ဗျာ"

ကျုံးစန်းက ခေါင်းညိတ်လိုက်၏။

"မင်း ထင်းရှူကိုဏ်းရဲ့ အခြေအနေကို သိတယ်မဟုတ်လား"

"ထင်းရှူကိုဏ်းဟာ တစ်ချိန်က ပေါ်ပေါက်ခဲ့တယ်၊ အခု ပြိုပျက်သွားခဲ့ပြီ"

"အခု ဟူကျန်းစုဟာ ပြန်ပေါ်လာခဲ့တယ်၊ အရင်က တိမ်ဖြူနဂါးရဲ့ လက်ချက်နဲ့ ဟူကျန်းစု သေဆုံးသွားခဲ့တယ်လို့ သိခဲ့ကြတယ်မဟုတ်လား။ အခု ဟူကျန်းစု ပြန်ပေါ်လာပြီ"

"ဗျာ...."

တင်းမိန် အံ့အားသင့်သွားရလေသည်။

"မင်း အံ့သြသွားတယ်မဟုတ်လား၊ ကျုပ်ပိုပြီးတောင် အံ့သြသေးတယ်၊ သူဟာ ကျုပ်နယ်မြေထဲမှာ လှုပ်ရှားနေတာဆိုတော့ ကျုပ်က ပိုပြီးသိတယ်၊ ဟူကျန်းစုမှ ဟူကျန်းစု အစစ်ပါ"

"ဖြစ်နိုင်ပါ့မလားဗျာ... သူ သေသွားတာကို အားလုံးက မြင်တာပဲဥစ္စာ"

"သူများပြောတာဆိုရင် ကျုပ်က မယုံကြည်ဘူး၊ အခု ကျုပ်ကိုယ်တိုင် မြင်တွေ့ရတာပါ"

"ခင်ဗျာ...."

တင်းမိန်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေ၏။ သူ မယုံနိုင်အောင် ဖြစ်နေမိသည်။ သိုင်းရာဇာတစ်ဦး၏ပါးစပ်က ထုတ်ဖော်ပြောဆိုနေခြင်းဖြစ်၍ မယုံ၍လည်း မဖြစ်ပါ။

ကျိုးစန်းက....

"လွန်ခဲ့တဲ့နှစ်လလောက်က ကျုပ် အိပ်မပျော်တာနဲ့ လေသာဆောင်ကို ထွက်ခဲ့တယ်၊ အဲဒီအချိန်မှာ ကျုပ်ရဲ့ပန်းဥယျာဉ်ထဲကို



လူတစ်ယောက်ရောက်နေတယ်၊ ကျုပ်လဲ အသေအချာကြည့်လိုက်တယ်၊ ဘယ်သူများလဲလို့ပေါ့၊ လလည်းသာနေတော့ ဒီလူကို ကျုပ်ကောင်းကောင်းတွေ့လိုက်ရတာပေါ့၊ ဟူကျန်းစုမှ ဟူကျန်းစုပါပဲ၊ ကျုပ်ကို စိုက်ကြည့်နေတယ်၊ ကျုပ်လဲ ရုတ်တရက်ဆိုတော့ ထိတ်လန့်သွားတာပေါ့၊ ဟူကျန်းစုက သေနေပြီမဟုတ်လား၊ နောက်မှ ကျုပ်လဲ သတိဝင်လာပြီး ကိုယ်ရံတော်တွေကို ခေါ်လိုက်ရတယ်"

တင်းမိန် နားထောင်နေသည်။

ကျိုးစန်းက ဆက်ပြောလိုက်၏။

"ဒါပေမယ့် ဟူကျန်းစုက ကိုယ်ရံတော်တွေ မလာခင် ပျောက်သွားတော့တယ်၊ ကျုပ်လဲ စံအိမ်ထဲက ထွက်ပြီးလိုက်ရှာတာပဲ၊ မတွေ့တော့ပါဘူး၊ သူ ကိုယ်ရောင်ပျောက်သွားတာလဲ မြန်တယ်"

တင်းမိန်က ပြောလိုက်၏။

"အံ့သြစရာပါပဲ"

"ကျုပ်လဲ ကျုပ်ကိုယ်တိုင်မြင်လို့သာ ယုံရတာ၊ ဒီနောက်ပိုင်းမှာ ကျုပ်ကိုလုပ်ကြံဖို့ကြိုးစားတာ နှစ်ကြိမ်ရှိပြီ၊ နှစ်ကြိမ်စလုံး လုပ်ကြံဖို့ ကြိုးစားတာ မအောင်မြင်ဘူး"

"ဟုတ်ကဲ့ ဆက်ပြောပါဦး"

"အဲဒီနှစ်ကြိမ်ကို ပြောမယ်နော်၊ တစ်ကြိမ်ကတော့ တော်တော်ယုတ်မာတယ်၊ ဓားနဲ့လှံနဲ့ လုပ်ကြံတာမဟုတ်ဘူး၊ အစာထဲမှာ အဆိပ်ခပ်ပြီး လုပ်ကြံတာ"

"နောက်တစ်ကြိမ်ကတော့ မဆိုးပါဘူး၊ အဝေးက ဓားနဲ့ပစ်ပြီး လုပ်ကြံတာပါ၊ ဓားနဲ့ပစ်ပြီး လုပ်ကြံတာလောက်တော့ ကျုပ်

ကလဲ မမှုပါဘူး။ ကျုပ်က အမြဲသတိရှိနေတယ် မဟုတ်လား"

တင်းမိန် ခေါင်းညိတ်လိုက်၏။

"နောင်လဲ ဦး သတိထားရတော့မှာပဲ"

တင်းမိန်သည် ပြောဆိုရင်း လျှပ်တပြက် ဓားကိုဆွဲထုတ်ကာ ခုန်ထလိုက်၏။ သူသည် မျက်နှာကျက်ဆီသို့ ခုန်တက်သွားလေတော့၏။



## အခန်း(၁၀)

### သမားတော်သိုင်းသမား

မျက်နှာကျက်ကို ဓားဖြင့် ခွဲလိုက်သောအခါ မျက်နှာကျက်သည် အပေါက်ကြီးဖြစ်သွားလေတော့သည်။ လူရိပ်တစ်ခု ကျလာသည်။ လူရိပ်တစ်ခုမှာ ခုန်တက်သူ တင်းမိန်ဖြစ်၏။ ကျန်လူရိပ်မှာ လူစိမ်းဖြစ်သည်။ ကျလာသောလူစိမ်းမှာ မထနိုင်တော့ချေ။ တင်းမိန်၏ဓားချက် မိသွားသည်။

တင်းမိန်သည် ခါးစည်းကြိုးအတွင်းသို့ ဓားကိုထည့်သွင်းသည်။ ကျုံးစန်းမှာ လန့်သွား၏။ တင်းမိန် ဓားထုတ်လိုက်သောအခါ သူ့အား တိုက်ခိုက်ပြီဟု ထင်လိုက်မိ၏။ သို့ရာတွင် တင်းမိန်သည် သူ့အား တိုက်ခိုက်ခြင်းမဟုတ်ပေ။

ကျုံးစန်းသည် ပြုတ်ကျပြီးလဲနေသောလူငယ်အား ကြည့်လိုက်၏။ တင်းမိန်ကလည်း အလောင်းကိုကြည့်သည်။

"ဒီကိစ္စဟာ ဦးထင်သလို ထင်းရှုဂိုဏ်းက ပါဝင်ပတ်သက်နေတာ သေချာသွားပါပြီ"

ထိုအခိုက် လူသုံးယောက်သည် အခန်းထဲသို့ခုန်ဝင်လာ၏။

တင်းမိန်ကလည်း တိုက်ခိုက်ရန် အသင့်ပြင်လိုက်သည်။ ကျုံးစန်းက ကမန်းကတန်း ဟန့်တားလိုက်ရ၏။

"ဟေ့... မလုပ်နဲ့"

တင်းမိန်မှာ ဓားကိုအရှိန်သပ်လိုက်ရ၏။ သူ ဓား‌ထုတ်ပုံမှာ အလွန် လျင်မြန်လှသည်။ ရိပ်ခနဲ လှုပ်ရှားလိုက်သည်နှင့် ဓားပါလာပြီး ဖြစ်သည်။

ကျုံးစန်းက....

"သူတို့က ကျုပ်ရဲ့ကိုယ်ရံတော်တွေပါ"

တင်းမိန်က ပြောလိုက်၏။

"ဒါဆို အတော်ပဲ၊ ခင်ဗျားတို့ သိုင်းရာဇာကို ကာကွယ်ထားပါ၊ ကျွန်တော် အပေါ်တက်ကြည့်ဦးမယ်၊ သူတို့တစ်ယောက်တည်း လာမှာမဟုတ်ဘူးဗျ"

တင်းမိန်က တီးတိုးပြောပြီး မျက်နှာကျက်ပေါ် ခုန်တက်သွားလေ၏။ မျက်နှာကျက်ပေါ်တွင် မည်းမှောင်နေသည်။ သို့သော် တစ်နေရာတွင် အလင်းရောင်ဝင်နေသည်ကိုတွေ့ရသဖြင့် တင်းမိန်သည် ထိုနေရာသို့ ပြေးသွားလေ၏။ ထိုအခါ အပေါက်တစ်ပေါက်ဖြစ်ကြောင်း တွေ့ရသည်။ ထိုအပေါက်မှထွက်သောအခါ အဆောက်အအုံ၏အမိုးပေါ်သို့ ရောက်ရှိသွားသည်။

ထိုအခါ အမိုးပေါ်၌လူရိပ်တစ်ရိပ်ပြေးလွှားနေသည်ကို တွေ့ရသည်။ တင်းမိန်သည် ထိုလူရိပ်ကို ကြည့်လိုက်သည်။

"မင်း ပြေးလို့လွတ်မတဲ့လားကွာ"

သူသည် ပျံလွှားငှက်တစ်ကောင်ကဲ့သို့ လျင်မြန်စွာ ပြေး



လိုက်လေတော့၏။

ရှေ့မှပြေးသူသည် ကျောက်ဖြူနန်းတော်ခေါင်မိုးပေါ်မှ ခုန်ချ၍ ထွက်ပြေးလေ၏။ ပြေးသူသည် တင်းမိန်နှင့်ဝါး(၃)ရိုက်ခန့် ကွာဝေးနေသည်။

ပြေးသူသည် ထင်းရှူးတောကိုကျော်လွန်ကာ တောအုပ်အတွင်းသို့ ပြေးဝင်သွားသည်။ ကျုံးစန်း၏ကျောက်ဖြူနန်းတော် နှင့် အတော်ဝေးကွာသွားသည်။ ရှေ့မှပြေးနေသူသည် သစ်တောအလွန် တောင်ကုန်းတစ်ခုပေါ်သို့ တက်ရောက်ထွက်ပြေးသွားသည်။ မကြာမီ ပျောက်ကွယ်သွားလေ၏။

တင်းမိန်သည် အလွန်ကိုယ်ဖော့ပညာကောင်းသည်။ ရှေ့မှလူလည်း တင်းမိန်ကဲ့သို့ ကိုယ်ဖော့ပညာကောင်း၍သာ ဤသို့ထွက်ပြေးလွတ်မြောက်သွားခြင်း ဖြစ်တော့သည်။

"တောက်"

တင်းမိန် တောက်ခေါက်လိုက်၏။ သူသည် လိုက်ရှာပါသော်လည်း ထင်းရှုကိုဏ်းသားကို လုံး၀ ရှာမတွေ့တော့ချေ။

တင်းမိန်သည် လာလမ်းအတိုင်း ကျောက်ဖြူနန်းတော်သို့ ပြန်လာခဲ့ရသည်။ သူသည် ထင်းရှူးတောအတွင်း ဝင်ရောက်လာသောအခါ လူရိပ်တစ်ရိပ်သည် ကျောက်ဖြူနန်းတော်၏ခေါင်မိုးပေါ်သို့ခုန်တက်သွားကြောင်း တွေ့ရှိလိုက်ရလေ၏။

ကိုယ်ရံတော်များမှာ အတွင်းမှ ရုတ်ရုတ်သဲသဲအဖြစ်ကြောင့် အတွင်းသို့ပြေးဝင်သွားခဲ့ရာ အပြင်၌ကိုယ်ရံတော်များ မရှိဘဲဖြစ်သွားရသည်။ ထိုအခြေအနေကို အခွင့်ကောင်းယူပြီး လူစိမ်းသည်ကျောက်

ဖြူနန်းတော် ခေါင်မိုးပေါ်သို့ တက်သွားခြင်းဖြစ်သည်။

တင်းမိန်သည် ကျောက်ဖြူနန်းတော်ဆီသို့ ရောက်ရန် အား သွန်ပြေးလေတော့၏။

ထိုစဉ်....

"အား"

စူးရှနာကျင်စွာ အော်လိုက်သောအသံကို ကြားလိုက်ရသော အခါ တင်းမိန်ခေါင်းနပမ်းကြီးသွားသည်။ ထိုအသံမှာ ကျုံးစန်း၏အ သံပင် ဖြစ်ပါတော့သည်။

တင်းမိန်မှာ ခေါင်မိုးပေါ်သို့ပြေးမတက်နိုင်တော့ဘဲ ကျောက်ဖြူနန်းတော်သို့ ပြေးဝင်ရလေတော့၏။

ထိုစဉ် လူရိပ်နှစ်ရိပ်ပူးနေသည်ကို တွေ့ရတော့သည်။ တင်း မိန်ပြေးဝင်သွားသောအခါ လူနှစ်ယောက်ကွာသွားသည်။ တစ် ယောက်လဲကျသွားပြီး တစ်ယောက်က အခန်းထဲပြေးဝင်သွားတော့ သည်။

တင်းမိန်သည် ထိုနေရာသို့ရောက်သောအခါ **လဲကျသူကို** ကြည့်လိုက်သည်။ လဲကျသူမှာ တင်းမိန်ထားရစ်ခဲ့သော **ကိုယ်ရံ** တော်(၃)ယောက်အနက်မှ တစ်ယောက်ဖြစ်ပါသည်။

ထိုအခါ ကျောက်ဖြူနန်းတော်တစ်ခုလုံးမှာ ကိုယ်ရံတော် များ အပြေးအလွှားရောက်ရှိလာသည်။

"ရန်သူရောက်နေပြီ... လူခွဲပြီး ရှာကြ"

တင်းမိန်က အမိန့်ပေးလိုက်၏။

အခန်းထဲသို့ တင်းမိန် ပြေးဝင်၏။ ကိုယ်ရံတော်နှစ်ယောက်



မှာ လဲကျနေသည်။ ထို့အတူ တောင်ပိုင်းသိုင်းရာဇာကျုံးစန်းမှာ လည်း ခေါင်းငိုက်စိုက်ကျနေတော့သည်။

တင်းမိန်သည် ကိုယ်ရံတော်နှစ်ယောက်အား စစ်ဆေး ကြည့်ရာ အသက်မရှိတော့ကြောင်း တွေ့ရသဖြင့် အရေးတကြီး ကျုံး စန်းအား စစ်ဆေးရတော့သည်။

ကျုံးစန်းအား စစ်ဆေးကြည့်သောအခါ အသက်ရှိသေး ကြောင်းတွေ့ရသဖြင့် ဝမ်းသာသွား၏။

တင်းမိန်သည် ကျုံးစန်းကို အသာချထားပြီး ကိုယ်ရံတော် နှစ်လောင်းအကျီကို ဖွင့်ကြည့်လိုက်သည်။ ထိုအခါ တင်းမိန်ခေါင်း ယမ်းသွားရတော့၏။ ရင်ဘတ်တွင် ထင်းရှုကိုင်း၏အမှတ်အသား များကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

တင်းမိန်သည် ကျုံးစန်းအား ခုတင်ပေါ် ပွေ့တင်ပြီး စစ် ဆေးကြည့်သောအခါ **အပ်ကလေးသုံးချောင်းကိုတွေ့လိုက်ရတော့** သည်။ **စိမ်းဖန့်ဖန့်အရောင်ရှိသော** အပ်ကလေးသုံးချောင်းကို ဆွဲနှုတ် လိုက်ပြီး **ကျုံးစန်းအား** အဆိပ်ဖြေဆေးတိုက်ကျွေးလိုက်၏။ သို့သော် လုံးဝထူးခြားမှုမရှိပါချေ။

ကျုံးစန်း၏ခန္ဓာကိုယ်မှာ တဖြည်းဖြည်း အေးစက်လာနေ သည်။ အဆိပ်အပ်ဝင်သည့်နေရာမှာလည်း တဖြည်းဖြည်း ပြာနှမ်း လာသည်။ တင်းမိန် သက်ပြင်းချလိုက်၏။ ထိုအဆိပ်ကို သူ မသိပါ။ ထို့ကြောင့် အဆိပ်ဖြေရန် မတတ်နိုင်ဘဲ ဖြစ်နေပါသည်။

ထိုစဉ် မဟူရာနဂါးပြောလိုက်သည့်စကားအချို့ကို တင်းမိန် ပြန်လည်ကြားယောင်လာလေတော့သည်။ ကျုံးစန်း၏နန်းတော်နှင့်

အသင့်အတင့် ကွာလှမ်းရာအရပ်၌ သမားတော်သိုင်းသမားရှိ
သည်ဟု မဟူရာနဂါးက ပြောလိုက်ခြင်းဖြစ်ပါသည်။

တင်းမိန်သည် သူ့မှတ်ဉာဏ်ကိုကျေးဇူးတင်သွား၏။
သည် ကိုယ်ရံတော်များ၏ခေါင်းဆောင်ကိုခေါ်လိုက်ပြီး တီးတိုး
ဆိုတိုင်ပင်လေသည်။

"ခင်ဗျားတို့ရဲ့သခင် အဆိပ်ထိသွားတယ်"

"ဟုတ်ကဲ့... ကျွန်တော်တို့ ဘာလုပ်ရမလဲခင်ဗျာ"

"ခင်ဗျားရဲ့လူတွေထဲမှာ ထင်းရှုဂိုဏ်းသားတွေ ပါနေ
တယ်"

"ဟာ... မဟုတ်ပါဘူး။ ကျွန်တော်တို့ဂိုဏ်းထဲမှာ ထင်း
ဂိုဏ်းသား မရှိပါဘူး။ စောစောက လူတစ်ယောက်လွတ်သွား
သိပ်နာတယ်၊ ဒီလူကိုမိရင် ထင်းရှုဂိုဏ်းသားကို မိတာပဲ"

"အဲဒီလူ ဘယ်သူဆိုတာ ကျုပ် မသိဘူး၊ ကျုပ်သိတာ
တော့ ခင်ဗျားရဲ့လူတွေထဲမှာ ထင်းရှုဂိုဏ်းသားတွေ ပါနေတယ်
တာပဲ"

ကိုယ်ရံတော်ခေါင်းဆောင်မှာ မျက်နှာကွက်ခနဲပျက်သွား
၏။

"ခင်ဗျားမှာ ဘာအထောက်အထားရှိလို့ ဒီလိုစွပ်စွဲရတာလဲ"

ကိုယ်ရံတော်ခေါင်းဆောင်က မေးလိုက်သည်။

တင်းမိန်သည် ကိုယ်ရံတော်ခေါင်းဆောင်အား ခေါ်၍
ကျသေဆုံးနေသော ကိုယ်ရံတော်နှစ်ယောက်အား ပြသလိုက်သည်
ထင်းရှုဂိုဏ်း၏အမှတ်အသားများရှိနေခြင်းပင်။



"တောက်... ဒီကောင်တွေဟာ ဒီအထိ ထိုးဖောက်ဝင်
ရောက်နေပါကလား"

တင်းမိန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ဒီကောင်တွေဟာ ခြေလှမ်းအတော်ကျဲ
တယ်၊ တခြား ဂိုဏ်းတွေကြားထဲလဲ ဒီလိုထိုးဖောက်ဝင်ရောက်ပြီးဖြစ်
နေသလား မပြောတတ်ဘူး"

ကိုယ်ရံတော် ခေါင်းဆောင်က ညည်းညူလိုက်သည်။

"ကျုပ်တော့ ဘာလုပ်ရမှန်း မသိတော့ပါဘူးဗျာ"

တင်းမိန်က အကြံပေးလိုက်၏။

"ခင်ဗျားရဲ့လက်အောက်ငယ်သားအားလုံးကို စစ်ဆေး
လိုက်၊ ထင်းရှုဂိုဏ်းရဲ့အမှတ်အသားတွေကိုတွေ့ရင် ဖမ်းလိုက်ပေါ့၊
ဒါများ ခက်တာမှတ်လို့၊ ထင်းရှုဂိုဏ်းရဲ့အမှတ်အသားရှိတဲ့လူဟာ
တစ်နည်းတဖုံတော့ လွတ်အောင်ကြံမှာပဲ၊ အဲဒီလူကို သတိထားရမှာ
ပေါ့"

ကိုယ်ရံတော်ခေါင်းဆောင်က အကြံချတ်လိုက်သည်။

"ကျုပ်ကိုလဲ စစ်ဆေးကြည့်ပါဦး။ ထင်းရှုဂိုဏ်းရဲ့အမှတ်အ
သား ရှိ မရှိဆိုတာ"

သူ့၌ဆေးမှင်ကြောင်များရှိသော်လည်း ထင်းရှုဂိုဏ်း၏အ
မှတ်အသား မရှိပါ။

တင်းမိန်က....

"ကျုပ် သမားတော်သိုင်းသမား သွားခေါ်မယ်၊ ခင်ဗျားက
သိုင်းရာဇာကို ကာကွယ်ပေးပါ၊ ကျုပ် မနက်ဖြန်လောက်ရောက်လာ

နိုင်ပါလိမ့်မယ်"

ကိုယ်ရံတော်ခေါင်းဆောင်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့... ကျုပ်ကိုယ်တိုင် ငှက်တစ်ကောင်ဝင်လို့မ အောင် ကာကွယ်ပေးပါမယ်"

"ကောင်းပါလေရဲ့ဗျာ... ကဲ... ကျုပ် သွားတော့မယ်"

သူသည် မြင်းဇောင်းသို့သွား၍ မြင်းတစ်ကောင်ကိုထုတ်ရ သည်။ ထို့နောက် ခရီးစတင်ထွက်ခွာလေတော့၏။

တင်းမိန်သည် တစ်ညလုံး ခရီးပြင်းနှင်ခဲ့လေ၏။ အရုဏ် တက်မီ ချောင်းကလေးတစ်ချောင်းသို့ သူဆိုက်ရောက်ခဲ့တော့သည်။ တင်းမိန်သည် ချောင်းရိုးအတိုင်း မြင်းကို စီးလာသည်။

အရုဏ်တက် အလင်းရောင်အောက်တွင် တဲကလေးတစ် လုံးအား တွေ့လိုက်ရတော့သည်။ တဲအိမ်ရှေ့တွင် မြင်းတစ်ကောင် ကိုတွေ့လိုက်ရသောအခါ မိမိထက် အလျင်ဦးအောင်ရောက်ရှိနေသူ နေပြီလားဟု တင်းမိန် တွေးတောလိုက်မိသည်။

အစစအရာရာ လျင်မြန်လှသော ထင်းရှူဂိုဏ်းသားများပင် လော။ သမားတော် သိုင်းသမားအတွက် အန္တရာယ်ရှိနေပြီလော။

တင်းမိန်သည် မြင်းပေါ်မှလွှားခနဲ ခုန်ဆင်းလိုက်၏။ ထို့ နောက် တဲရှိရာသို့ ခြေသံလုံလုံနင်း၍ ချဉ်းကပ်လေတော့သည်။

ထိုစဉ် အိမ်ကလေးထဲမှ လူတစ်ယောက်ထွက်လာ၏။ ထို လူသည် အဝါရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ သူသည် ဆံပင် များ ဖြူနေပြီး မျက်ခုံးမွေး၊ မုတ်ဆိတ်မွေးများပင် ကွက်ကျားဖြူနေ ပြီဖြစ်သည်။



တင်းမိန်သည် မဟူရာနဂါးပြောလိုက်သည့် သမားတော် သိုင်းသမားပုံစံနှင့် ချိန်ထိုးကြည့်သောအခါ ကိုက်ညီနေကြောင်း တွေ့ ရလေ၏။

ထိုအဘိုးအိုကား သမားတော်သိုင်းသမားပင် ဖြစ်ပါတော့ သည်။ အဘိုးအိုပုံစံကို ကြည့်ရသည်မှာ ခရီးထွက်တော့မည့်ပုံစံ ဖြစ် ပါသည်။

တင်းမိန်မှာ ကျိတ်၍သက်ပြင်းချလိုက်ရ၏။ အဘယ့် ကြောင့်ဆိုသော် သူ လာခဲ့သည်မှာ အချိန်မီကလေးဖြစ်နေသော ကြောင့်တည်း။

တင်းမိန်သည် သမားတော်သိုင်းသမားရှေ့သို့ရောက်လျှင် ဒူးထောက်ထိုင်၍ ဂါရဝပြုလိုက်သည်။

အဘိုးအို မျက်မှောင်ကြုတ်၍ကြည့်နေ၏။

"မင်း ဘယ်သူလဲ"

"တင်းမိန်ပါ"

"ဘယ်က တင်းမိန်လဲ၊ ကျုပ် မအားဘူးကွယ့်၊ ကျုပ် ချိန်း ထားတာရှိသေးတယ်၊ ဆေးဝါး လိုအပ်တယ်၊ ကုသဖို့လိုအပ်တယ် ဆိုရင် တခြားသမားတော်တွေဆီ သွားပါ၊ ကျုပ်မှာ အချိန်မရှိဘူး ကွယ်"

သူသည် ပြောပြောဆိုဆို မြင်းပေါ်တက်ရန် ဟန်ပြင်လိုက် သည်။

"ခဏနေပါဦး ခင်ဗျာ"

"ပြောစရာရှိတာ မြန်မြန်ပြော၊ ငါမှာ အချိန်မရှိဘူး"

"ကိစ္စက အရေးကြီးလို့ပါ၊ သမားတော်ကြီးမှတစ်ပါး တခြားသူကို အားကိုးလို့မရပါဘူး"

"ငါမအားဘူးလို့ ပြောနေတယ်"

သူသည် မြင်းပေါ်သို့တက်လိုက်၏။

ထိုအခါ တင်းမိန်က....

"မဟူရာနဂါးက မှာလိုက်ပါတယ်"

သမားတော်ကြီးမှာ ဆတ်ခနဲဖြစ်သွားသည်။

"မဟူရာနဂါး ဟုတ်လား"

"ဟုတ်ပါတယ်"

"ပြောစမ်း မြန်မြန်"

"မင်း အကူအညီလိုရင် သမားတော်သိုင်းသမားဆီ သွားပါလို့ မှာလိုက်ပါတယ်"

"ခက်တာပဲ၊ ငါလူတစ်ယောက်နဲ့ ချိန်းထားတယ်ကွ၊ မင်းကိစ္စက ဘယ်လောက်အရေးကြီးလို့လဲ"

"အဆိပ်ဖြေပေးဖို့ပါ ခင်ဗျာ"

"ဘာအဆိပ်လဲ... အဆိပ်ကိုသိမှ ဖြစ်မှာပေါ့"

"မသိဘူး ခင်ဗျာ"

"ဟာ... အဲဒါ ခက်ကျတာပဲ"

"တစ်ခုတော့ ရှိတယ်၊ ထင်းရှုဂိုဏ်းက အသုံးပြုတဲ့အဆိပ်ဆိုတာတော့ သိပါတယ်ခင်ဗျာ"

"ဘာ... ထင်းရှုဂိုဏ်းက အဆိပ်ဟုတ်လား"

သမားတော် သိုင်းသမားကြီးမှာ အကြီးအကျယ် အံ့သြသွားလေ၏။



တင်းမိန်က....

"ဟုတ်ပါတယ်... ထင်းရှုဂိုဏ်းက အဆိပ်ပါ"

"ဘယ်သူ အဆိပ်မိသွားတာလဲ"

"သိုင်းရာဇာကျုံးစန်းပါ"

"ဘာ"

သမားတော်ကြီး၏အော်သံမှာ ဟိန်းထွက်သွားပါသည်။

"မင်းက ဘာဖြစ်လို့ စောစောစီးစီးက မပြောတာလဲ"

"ကျွန်တော်မှ ပြောဖို့ အခွင့်မရဘဲ"

သမားတော်သိုင်းသမားသည် မြင်းဇက်ကြိုးကိုလှုပ်ခါလိုက်သည်။

"မင်းလဲ မြင်းပေါ် မြန်မြန်တက်ပေတော့၊ ဒီနေ့ သူနဲ့ငါတွေ့ဖို့ ချိန်းထားတာကွ"

တင်းမိန်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့၏။ သူပြန်လည် သတိဝင်လာသောအချိန်တွင် သမားတော်သိုင်းသမား၏မြင်းသည် အတော်ဝေးဝေးသို့ရောက်သွားလေပြီ။ သူသည်လည်းက မန်းကတန်း မြင်းပေါ်သို့ခုန်တက်ရလေတော့၏။

ထို့နောက် သမားတော်သိုင်းသမားနောက်သို့ မြင်းကို ကဆုန်စိုင်း၍ လိုက်လေတော့သည်။

## အခန်း(၁၁)
## ဖြစ်ပေါ်နေသောအခြေအနေ

မြင်းနှစ်ကောင်ရင်ဘောင်တန်းလျက် ဒုန်းစိုင်းပြေးနေ၏။

တင်းမိန်သည် မြင်းစီးအလွန်ကျွမ်းကျင်သည်။ သမားတော်သိုင်းသမားက သူ့ထက် ပို၍ မြင်းစီးကျွမ်းကျင်ကြောင်း တွေ့ရသောအခါ သူ ပို၍ အံ့သြသွားလေတော့သည်။

မြင်းကို အပြေးစီးရင်း သမားတော်သိုင်းသမားက မေးမြန်းလေ၏။ တင်းမိန်ကလည်း ဖြစ်သည်တို့ကို အမှန်အတိုင်းပြောပြလိုက်သည်။ သမားတော်ကြီးသည် မျက်မှောင်ကုပ်သွားလေ၏။

"စဉ်းစားစရာပဲ… ကိုယ်ရံတော်တွေက ထင်းရှုဂိုဏ်းက လူတွေဖြစ်နေတော့ သူတို့ရဲ့ထိုးဖောက်မှုက အံ့သြစရာပဲ"

"ကျွန်တော်လဲ အတော်အံ့သြနေတာ"

"မင်းတွေ့တဲ့လူရိပ်က ဘယ်သူလဲ"

"မသိဘူး… ကျွန်တော် မတွေ့လိုက်ဘူး"

တင်းမိန် ဆက်ပြောလိုက်၏။

"ဒါထက် အခု လှုပ်ရှားနေတဲ့ ထင်းရှုဂိုဏ်းကို ဘယ်သူဦးဆောင်နေသလဲဆိုတာ ဘဘ စဉ်းစားလို့ရသလား"

တင်းမိန်၏မေးခွန်းကို သမားတော်ကြီးက စဉ်းစဉ်းစားစား



ဖြေပါသည်။

"အင်း… ပြောရခက်တယ်၊ ဒီထင်းရှုဂိုဏ်းကို ဖြိုခွဲတဲ့နေရာမှာ ဂိုဏ်းသားတွေ တော်တော်သေတယ်၊ ဂိုဏ်းကို နလံမထူနိုင်လောက်အောင် တိုက်ခိုက်ကြတာပဲ၊ အဲဒီအခါမှာ ဂိုဏ်းအောက်ခြေက ခေါင်းဆောင်တွေတော့ လွတ်သွားကြတယ်၊ ဒီအထဲမှာ ဟူကျန်းစုရဲ့လူယုံတော် လောင်စိမ်းလဲ လွတ်သွားတယ်၊ သူတို့ထဲက တစ်ယောက်ယောက်ဖြစ်မယ်လို့ မျှော်လင့်ရတယ်"

တင်းမိန်က….

"ဘဘက ထင်းရှုဂိုဏ်းနဲ့တိုက်တနဲ့တိုက်ပွဲမှာ ပါခဲ့တယ်မဟုတ်လား၊ ဂိုဏ်းပေါင်းစုံက ထင်းရှုဂိုဏ်းကိုဖြိုဖျက်တဲ့တိုက်ပွဲမှာလေ"

သမားတော်ကြီးက ခေါင်းညိတ်၏။

"ဟုတ်တယ်… ကျုပ်လဲ ပါဝင်တိုက်ခိုက်ခဲ့တာပေါ့၊ အခုအချိန်အထိ အဲဒီတိုက်ပွဲတွေကို မြင်ယောင်နေတုန်းပါပဲ၊ တိုက်ပွဲတော့ တကယ်ကြမ်းတယ်၊ ထင်းရှုဂိုဏ်းသားတွေကလဲ ရက်ရက်စက်စက်ခုခံကြတာပဲ"

"ဒါဆိုရင် ဟူကျန်းစုနဲ့ ကျွန်တော့်ဖေဖေတိုက်တဲ့တိုက်ပွဲကို ဘဘ တွေ့မြင်လိုက်ရမှာပေါ့"

သမားတော်ကြီးသည် အံ့သြစွာဖြင့် တင်းမိန်ကို လှမ်းကြည့်သည်။

"ဒါ… ဒါဖြင့် မင်း… မင်းဟာ ထင်းကျန်ရဲ့သားပေါ့ ဟုတ်လား"

တင်းမိန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ဘဘ"

သမားတော်သိုင်းသမားသည် တင်းမိန်ကို သေချာစွာ စိုက်ကြည့်လိုက်သည်။ ထို့နောက်....

"ဪ... မင်းကို ငါမြင်ဖူးပါတယ်လို့ မှတ်နေတာ၊ လက်စသတ်တော့ ထင်းကျန်ရဲ့သားဖြစ်နေတာကိုး၊ မင်းက မင်းအဖေနဲ့ အတော်တူတာပဲ"

"ဟုတ်ကဲ့... တွေ့တဲ့လူတိုင်းက အဲသလိုပဲ ပြောကြတယ်၊ ဘဘက ဖေဖေနဲ့ ဟူကျန်းစုတို့ရဲ့တိုက်ပွဲကို သေသေချာချာ မြင်လိုက်ရဲ့လား"

တင်းမိန်က ထပ်မံ မေးမြန်းလိုက်သည်။

"တွေ့ရတာပေ့ါ... ကျုပ်တို့က သူတို့ကို ကူညီချင်ပေမယ့် ကူညီလို့မရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့က တစ်ယောက်ချင်းသွားသာရုံရှိတဲ့တောင်စွန်းမှာ တိုက်ခိုက်နေကြတာ မဟုတ်လား"

သမားတော်ကြီးက ဖြေသည်။

တင်းမိန်က ထပ်မံ မေးမြန်းလိုက်သည်။

"ဖေဖေ့ဓားချက်က ဟူကျန်းစုရဲ့ခြေထောက်တစ်ဖက်ကို ဖြတ်မိသွားတယ်၊ အဲဒီမှာ ဟူကျန်းစုလဲ ရပ်တည်နိုင်ဖို့ မဖြစ်နိုင်တော့ဘဲ တောင်အောက်ကိုပြုတ်ကျသွားခဲ့တယ်"

"တောင်အောက်ကိုပြုတ်ကျရုံနဲ့ မသေနိုင်ဘူးလို့ ထင်တယ်၊ ကျပုံကျနည်း အမျိုးမျိုးရှိနိုင်တယ်၊ ဟုတ်တယ် မဟုတ်ဘူးလား ဘဘ"



"ဟား... ဟား... ဟား ပေ(၃၀၀၀)လောက် အမြင့်က ပြုတ်ကျတဲ့နောက် ဘယ်သူအသက်ရှင်နိုင်မှာလဲကွ၊ ဘယ်လိုပဲကျကျ အသက်မရှင်နိုင်ပါဘူး"

တင်းမိန်က ဆက်မပြောတော့ချေ။

သို့သော် သမားတော်ကြီးက....

"နေပါဦး... မင်းက ဘာ့ကြောင့် ဒီလိုမေးရတာလဲကွ"

တင်းမိန်က ဖြေလိုက်၏။

"ဟူကျန်းစု တကယ်သေမသေ သိချင်လို့ပါ"

သမားတော်ကြီးက....

"ဟူကျန်းစု ကျသေသွားတာကို ဂိုဏ်းပေါင်းစုံက သိုင်းသမားတွေ သိကြတယ်၊ တွေ့ကြမြင်ကြတယ်၊ သူ ဘယ်လိုမှ အသက်မရှင်ဘူး၊ ဘယ်သူကဟူကျန်းစု အသက်ပြန်ရှင်လာတယ်လို့ ပြောသလဲ"

"ဟုတ်ကဲ့... ဟူကျန်းစု အသက်ရှင်နေတယ်လို့ ပြောတဲ့လူ ရှိနေလို့ပါ ဘဘ"

သမားတော်ကြီးသည် ဦးခေါင်းကိုလေးပင်စွာ ခါယမ်းလိုက်ပြီး....

"မဖြစ်နိုင်ပါဘူး... ဘယ်လိုမှမဖြစ်နိုင်ပါဘူး၊ ခြေတစ်ဖက်လဲ ပြတ်နေတယ်၊ ပေ(၃၀၀၀)လောက်မြင့်တဲ့ တောင်ပေါ်ကလဲ ကျတယ်၊ သူ ဘယ်နည်းနဲ့မှ အသက်မရှင်နိုင်ပါဘူး"

"ဟုတ်တယ်... ကျွန်တော်လဲ ဒီလိုပဲ ထင်ပါတယ်"

သမားတော်ကြီးက မေးလေတော့၏။

"ဒါဖြင့် မင်းကို ဘယ်သူက ဟူကျန်းစု အသက်ရှင်နေတယ်လို့ ပြောလို့လဲ၊ အဲဒီလိုပြောတဲ့လူဟာ ဟူကျန်းစုကျသွားတဲ့ချောက်ကမ်းပါးကို မမြင်ရတဲ့လူလဲ ဖြစ်နိုင်တယ်၊ အရူးဆိုရင်လဲ ဖြစ်နိုင်တယ်"

တင်းမိန် ရယ်လိုက်၏။

"ဒီလူဟာ ကျသွားတဲ့အဖြစ်ကိုလဲ မြင်ပါတယ်၊ အရူးလဲ မဟုတ်ပါဘူး"

သမားတော်ကြီးက မျက်လုံးပြူးမျက်ဆန်ပြူး မေးလေ၏။

"ဘယ်သူလဲ... သူ ဘယ်သူလဲ"

တင်းမိန်က....

"တောင်ပိုင်းသိုင်းရာဇာ ကျုံးစန်းပါ ဘဘ"

သမားတော်သိုင်းသမားကြီးမှာ မျက်လုံးပြူးသွားလေတော့၏။ သမားတော်ကြီး စကားမပြောနိုင်တော့ပါ။ သူတို့သည် မြင်းကိုသာ ဆက်လက်စီးလေတော့၏။

သူတို့သည် မြင်းကို အပြင်းစီးနင်းကြသည်။ ကျောက်ဖြူစံအိမ်တော်သို့ တရကြမ်း ခရီးပြင်းနှင်ကြပါသည်။

သမားတော်သိုင်းသမားကြီးသည် လွန်စွာ ပူပန်နေသော်လည်း မျက်နှာထားကမူ တည်ငြိမ်စွာ ရှိနေပါသည်။ အသက်အရွယ်အိုမင်းနေပြီဖြစ်သော်လည်း သူ့မျက်လုံးများကမူ စူးရှတောက်ပဆဲရှိလေသည်။ သူ့အတွေးများက ပုံ့လွင့်နေသည်။

တင်းမိန်က တောင်ပိုင်းသိုင်းရာဇာကျုံးစန်း၏ အဖြစ်အပျက်ကို ပြောပြခဲ့ပါသည်။ ဟူကျန်းစု မသေကြောင်း သူသိလိုက်ရပါ



သည်။ သူသည် ယင်းအဖြစ်ကို မယုံကြည်လိုပါ။ ဟူကျန်းစုလို လူမျိုးကိုလည်း နောက်ထပ် မတွေ့လိုပါ။ သိုင်းလောကကြီး အေးအေးချမ်းချမ်း ရှိစေလိုပါသည်။

သိုင်းရာဇာကျုံးစန်းသည် စကားကိုပေါက်ကရ ပြောတတ်သူမဟုတ်ပါ။ ထို့ကြောင့် သူ့စကားကိုလည်း မယုံကြည့်လည်း မရပါ။ ဟူကျန်းစုသည် အကြံအစည်ကြီးမားသူဖြစ်ပါသည်။ သူသည် အချိန်အနည်းငယ်အတွင်း ထင်းရှုဂိုဏ်းကိုတည်ထောင်ပြီး သိုင်းလောကကိုကိုင်လှုပ်ခဲ့သူ ဖြစ်သည်။

ယခု သူပြန်ရှင်လာသည်ဆိုလျှင် သိုင်းရာဇာလေးယောက်နှင့် နဂါးငါးကောင်ကို သွေးကြွေးပြန်ဆပ်ပေတော့မည်။ သမားတော်သိုင်းသမားသည် တွေးရင်း ရင်လေးလာသည်။

ထင်းရှုဂိုဏ်း ကြီးထွားမလာမီ ဖြိုခွဲနိုင်မှသာ ဖြစ်တော့မည်။ ပြဿနာသည် သေးငယ်သည်ဟု သူ မထင်တော့ပါချေ။ ဟူကျန်းစုသည် ဤတစ်ကြိမ်တွင် ပိုင်မှသာလျှင် လုပ်ပေလိမ့်မည်။

သမားတော်ကြီးသည် သက်ပြင်းချလိုက်၏။ သူသည် သောင်စဉ်ရေမရ တွေးတောရင်း လူတစ်ယောက်ကိုသတိရပေတော့မည်။ ထိုသူသည် ထင်းရှုဂိုဏ်းကိုဖြိုခွဲရာ၌ ပါဝင်ခဲ့သူဖြစ်၏။

ထိုလူ၏ အကြံဉာဏ်များသည် ယခင်က ထင်းရှုဂိုဏ်းကိုဖြိုခွဲခဲ့ရာ၌ လွန်စွာ အကျိုးရှိခဲ့၏။ ယခု ထိုသူပါလာလျှင် ကောင်းလေစွဟု တွေးမိလေ၏။

ထိုလူသည် လူထူးလူဆန်းတစ်ဦး ဖြစ်ပေသည်။ တောင်ပင်လယ်ရှိ ကျွန်းတစ်ကျွန်းပေါ်တွင် နေထိုင်သူဖြစ်သည်။ ပြည်မသို့လာ

လေ့မရှိဘဲ အရေးအကြောင်းကြုံမှသာ ထွက်ပေါ်လာတတ်သည်။

သူ၏အမည်မှာ လင်ဟူးဖြစ်သည်။ သူ့အား သိုင်းလောကသားများက တောင်ပင်လယ်ကျွန်းရှင်ဟု ခေါ်ဆိုကြသည်။ တောင်ပင်လယ်ကျွန်းရှင်သည် မိမိတို့ ယခု သိနေသလို ဟူကျန်းစုမသေသေးကြောင်းသိလိုက်လျှင် မည်သို့ရှိမည်နည်းဟု တွေးလိုက်မိလေ၏။

ယခုမူ တောင်ပင်လယ်ကျွန်းရှင်သည် မိမိတို့ကဲ့သို့ ဟူကျန်း စုမသေကြောင်း မသိရသေးသဖြင့် စိတ်အေးချမ်းသာစွာ နေနိုင်လိမ့်မည်ဟု တွေးနေမိလေသည်။

သူသည် သိုင်းရာဇာကျူးစန်းနှင့်ရင်းနှီးသော်လည်း ယခုနှစ်ပိုင်းအတွင်း အရောက်အပေါက်မရှိသည်မှာ ကြာပြီဖြစ်သည်။ သိုင်းရာဇာကျူးစန်း၏အကျင့်အားလုံးကို သူသာ အသိဆုံးဟု ထင်သည်။ သိုင်းရာဇာကျူးစန်းသည် ကြီးကျယ်ခမ်းနားမှုကို နှစ်သက်ပါ၏။ ထို့အတူ လောင်းကစားမှုကိုလည်း ခုံမင်သူဖြစ်နေပါသည်။

နှစ်စဉ် နေပြည်တော်သို့သွားရောက် လောင်းကစားခြင်းကို သူ သိထားပါသည်။ ကျူးစန်းတွင် စံအိမ်ငါးခုရှိသည်။ စံအိမ်ငါးခုစလုံးတွင် အလှည့်ကျ နေထိုင်တတ်သည်။ ယခု နေထိုင်သော ကျောက်ဖြူစံအိမ်တွင် နွေဦးရာသီတစ်လသာ နေလေ့ရှိသည်။

ယခု သူ့အစဉ်အလာကို ချိုးဖောက်ကာ ကျောက်ဖြူစံအိမ်သို့ အဘယ့်ကြောင့် ပြန်ရောက်ခဲ့ပါသနည်း။ တစ်ဖန် ထင်းရှုကိုဏ်းသည် ကျူးစန်းအား လုပ်ကြံရန် အခွင့်ကောင်းများစွာ ရရှိသည်။

ကိုယ်ရံတော်များထဲတွင်ပင် သူတို့လူများကို မြုပ်နှံထားနိုင်



သည်။ ထိုသို့လုပ်ကြံရန် အခွင့်ကောင်းများ များစွာရပါလျက် အဘယ့်ကြောင့် သေအောင်မသတ်နိုင် ဖြစ်နေကြရပါသနည်း။

သူသည် တွေးရင်းတွေးရင်း အဖြေကို ရှာမရဖြစ်လာသည်။ ယခုတလော သူကြားရသောသတင်းတစ်ပုဒ်နှင့် ပတ်သက်လေမည်လောဟု တွေးလိုက်မိသည်။ ပြဿနာသည် တွေးလေတွေးလေ နက်ရှိုင်းလေ ဖြစ်လေတော့သည်။ ထို့ကြောင့် သူ့အတွေးများကို ဖြတ်တောက်လိုက်၏။

"တင်းမိန်...."

သမားတော်သိုင်းသမားက ခေါ်လိုက်၏။

"ဟုတ်ကဲ့ ဘဘ"

"မင်း... ကျူးစန်းကို ဒီအတိုင်းထားခဲ့သလား"

"မထားခဲ့ပါဘူး ဘဘ၊ ကိုယ်ရံတော်ခေါင်းဆောင်ကို သေသေချာချာ မှာထားခဲ့ပါတယ်၊ ကာကွယ်စောင့်ရှောက်တဲ့အခါမှာ ငှက်တစ်ကောင်တောင် ဝင်မလာစေရဘူးလို့ ကိုယ်ရံတော်ခေါင်းဆောင်က ပြောလိုက်ပါတယ်"

"ကောင်းပါလေရဲ့ကွာ"

သူသည် မြင်းကိုသာ ဂရုတစိုက် စီးနင်းနေတော့သည်။ မရေရာသော အတွေးများကို မတွေးတော့ပေ။ မသေချာမရေရာသော အတွေးများသည် လမ်းကြောင်းမှန်မှ သွေဖည်သွားနိုင်သည် မဟုတ်ပါလား။ သိုင်းရာဇာကျူးစန်းထံ ရောက်မှသာ စဉ်းစားတွေးတော တော့မည်ဟု သမားတော်ကြီးက ဆုံးဖြတ်လိုက်လေသည်။

## အခန်း(၁၂)

## သဲလွန်စ

ကျောက်ဖြူစံအိမ်သို့ ရောက်ရှိလာလေပြီ။ မြင်းများကို ကျောက်ဖြူစံအိမ်ရှေ့ ရပ်တန့်လိုက်ပြီး သမားတော်ကြီးနှင့် တင်းမိန့်သည် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်သည်။

သူတို့နှစ်ဦး၏လှုပ်ရှားမှုသည် လွန်စွာ လျင်မြန်ဖျတ်လတ်ကြပေသည်။ မြင်းပေါ်မှပြေးဆင်းပြီးသည်နှင့် တင်းမိန့်သည် ကျောက်ဖြူစံအိမ်ဆီသို့ ပြေးတက်လေ၏။ ထိုစဉ် ကိုယ်ရံတော်ခေါင်းဆောင်အား တွေ့လိုက်ရသည်။

ကိုယ်ရံတော်ခေါင်းဆောင်က တင်းမိန့်အား ဂါရဝပြုရင်းကြိုဆိုသည်။

"အခြေအနေ ဘယ်လိုလဲ"

တင်းမိန့်က မေးလိုက်၏။

ကိုယ်ရံတော်ခေါင်းဆောင်က....

"မကောင်းဘူး"

တင်းမိန့်က....

"ဘာဘ အဆိပ်ပြန့်လာပြီထင်တယ်၊ ကျွန်တော်တို့ အမြန်



ဆုံး ကုသမှ ဖြစ်မယ်"

သမားတော်ကြီးက....

"အေး... အချိန်တောင် အတော်လင့်နေပြီ"

သူတို့နှစ်ဦးအထဲသို့ဝင်ရန် ဟန်ပြင်လိုက်သည်။

ထိုအခါ ကိုယ်ရံတော်ခေါင်းဆောင်က....

"ခဏ... ခဏ... နေကြပါဦး"

"ဘာဖြစ်လို့ ခဏနေရမှာလဲ"

"သခင်ကြီး မရှိတော့ပါဘူး"

"ဘာ"

သမားတော်ကြီးနှင့်တင်းမိန့်တို့နှစ်ဦးစလုံး အာမေဋိတ်သံများ ထွက်သွားကြသည်။

သမားတော်ကြီးက....

"သိုင်းရာဇာကျုံးစန်း မရှိတော့ဘူး ဟုတ်လား"

"ဟုတ်ကဲ့ မရှိတော့ပါဘူး"

တင်းမိန့်က သက်ပြင်းချရင်းပြောသည်။

"ကျုပ် သေသေချာချာ စစ်ဆေးခဲ့တယ်၊ သုံးရက်အတွင်း ဒီအဆိပ်ကြောင့် မသေနိုင်ဘူး၊ အဆိပ်တော့ တက်နေမယ်၊ အခုတစ်ရက်ပဲ ရှိသေးတယ်"

"သူမိထားတဲ့အဆိပ်ကို မင်း အကဲခတ်တာများ မှားယွင်းသွားသလား"

"မမှားပါဘူး... အဆိပ်အပ်ကိုထုတ်ပြီး ကျွန်တော်သေသေချာချာကို စစ်ဆေးတာပါဘဘ"

ကိုယ်ရံတော်ခေါင်းဆောင်က ကပျာကယာ ဝင်၍ပြော သည်။

"ကျုပ်... ကျုပ် ပြောတာ အဲဒီသဘော မဟုတ်ပါဘူး"

"ဘာသဘောလဲဗျ၊ ခင်ဗျား ပြောတာကုလဲ မရှင်းလိုက် တာ"

ကိုယ်ရံတော်ခေါင်းဆောင်က....

"သေမသေဆိုတာတော့ ကျုပ်လဲ မသိပါဘူး၊ အခုသခင် ကြီး အခန်းထဲမရှိတာတော့ ကျုပ်သိပါတယ်၊ သခင်ကြီးပျောက်ဆုံး နေတာ အမှန်ပါပဲ"

"ဘာ"

"ဘယ်လို"

သမားတော်ကြီးနှင့် တင်းမိန်မှာ အာမေဋိတ်သံများ ထွက် သွားမိကြတော့သည်။

တင်းမိန်က မေးလေ၏။

"ဘယ်လိုပျောက်သွားတာလဲ"

ကိုယ်ရံတော်ခေါင်းဆောင်က သက်ပြင်းချလိုက်၏။

"ကျုပ် ဘာပြောရမလဲ မသိဘူးဗျာ"

"မဟုတ်သေးဘူးဗျာ၊ ခင်ဗျားကို စောင့်ရှောက်ဖို့ ထားခဲ့ တာပဲ"

"ကျွန်တော်လဲ မသိဘူး၊ လူစုခွဲပြီး ရှာခိုင်းထားတယ်"

"ခင်ဗျား အစောင့်ချမထားဘူးလား"

"အစောင့်ချထားပါတယ်၊ ကျုပ်နဲ့အတူ အစောင့်သုံး



ယောက်ဟာ သခင်ကြီးရဲ့ဘေးမှာ စောင့်နေကြပါတယ်"

"ခင်ဗျားတို့ အိပ်ပျော်သွားတယ် မဟုတ်လား"

"ဟုတ်ကဲ့... ကျွန်တော်တို့အားလုံး အိပ်ပျော်သွားပါတယ်၊ ကျွန်တော်တို့နိုးလာတော့ သခင်ကြီးကိုမတွေ့ရတော့ပါဘူး၊ ခင်ဗျား က ကျွန်တော်တို့အဖြစ်ကို ဘယ်လိုလုပ်သိနေရတာလဲ"

"တွေးကြည့်တာပေါ့ဗျာ"

တင်းမိန်က ပြောလိုက်၏။

ကိုယ်ရံတော်ခေါင်းဆောင်က ကျိုးစန်းပျောက်သွားပုံကို ပြောပြသည်။

ကိုယ်ရံတော်ခေါင်းဆောင်သည် ငယ်သားများကိုစုစည်းပြီး ထင်းရှုဂိုဏ်း၏အမှတ်အသားများကိုရှာဖွေရန် ကြိုးစားသည်။ ထင်း ရှုဂိုဏ်း၏အမှတ်အသား မည်သူ့တွင်မျှ မတွေ့ရပါချေ။

ကိုယ်ရံတော်တပ်သား ခြောက်ဆယ်ရှိသည့်အနက် နှစ် ဆယ်စီ သုံးအုပ်စုခွဲလိုက်၏။ အုပ်စုနှစ်စုအား ကျောက်ဖြူစံအိမ်ပတ် ဝန်းကျင်တွင် ကင်းပုန်းဝပ်ခိုင်းလိုက်၏။ တစ်ယောက်က အချက်ပေး လျှင် ဝိုင်းအုံတိုက်ခိုက်ကြရန် ပြောကြားထားသည်။

ကိုယ်ရံတော်ခေါင်းဆောင်က ဆယ့်ခုနစ်ဦးကို ကျိုးစန်း၏အ ခန်းပတ်လည်တွင် နေရာယူစေသည်။ ကျန်သုံးယောက်နှင့်သူကိုယ် တိုင်ကမူ အခန်းတွင် ကျိုးစန်းဘေး၌ စောင့်ကြပ်ကြသည်။ ဤသို့ဖြင့် အစောင့်အထပ်ထပ်ချထားပြီး ဖြစ်လေတော့၏။

ဤသို့ဖြင့် တစ်ညတာကုန်လွန်သွားသည်။ မည်သည့်ရန်သူ မှ ရောက်မလာခဲ့ချေ။ နောက်တစ်နေ့တွင်လည်း မွန်းလွဲချိန်ထိ ရန်သူ

ရောက်မလာချေ။ နေ့မွန်းလွဲသည်နှင့် ကိုယ်ရံတော်ခေါင်းဆောင်နှင့် တကွ အစောင့်သုံးယောက်မျက်လုံးများ မှေးကျလာ၏။

ကိုယ်ရံတော်ခေါင်းဆောင်သည် ကြိုးစား၍ မျက်လုံးဖွင့်၏။ သူ့အိပ်၍ မဖြစ်ပါ။ သို့သော် စိတ်တင်း၍မရဘဲ မှေးခနဲအိပ်ပျော်သွားတော့သည်။ အိပ်ရာမှနိုးလာသောအခါ တောင်ပိုင်းသိုင်းရာဇာကျိုးစန်းကို မတွေ့ရတော့ချေ။

ကိုယ်ရံတော်ခေါင်းဆောင်မှာ အကြီးအကျယ်တုန်လှုပ်ချောက်ချားသွား၏။ အိပ်ပျော်နေသော အစောင့်သုံးယောက်ကိုလည်း အတင်းလှုပ်နိုးရ၏။

သူတို့သည် သခင်ကြီးကျိုး စန်းကို ရှာဖွေကြရတော့သည်။ ထိုသို့ရှာဖွေစဉ် တင်းမိန်၊ သမားတော် သိုင်းသမားတို့ရောက်ရှိလာခြင်းပင် ဖြစ်တော့သည်။

ကိုယ်ရံတော်ခေါင်းဆောင်က ပုလင်းလွတ်တစ်လုံးအား ထုတ်ပြလေ၏။

"ဒီပုလင်းလွတ်က သခင်ကြီးရဲ့အခန်းနားက ရခဲ့တာပဲ၊ ရှုံသူတွေ ကျကျန်ရစ်ခဲ့ဟန် တူတယ်"

တင်းမိန်က ပုလင်းလွတ်အား လှမ်းယူလိုက်သည်။ သမားတော်သိုင်းသမားကြီးအား လှမ်းပေးလိုက်သည်။ သမားတော်သိုင်းသမားကြီးက ပုလင်းလွတ်အား စစ်ဆေးပြီးနောက်....

"ဒါဟာ . အိပ်ဆေးပုလင်းပဲ၊ ဒီပုလင်းထဲက အမှုန့်တွေကို မီးရှို့လိုက်ရင် အဲဒီအငွေ့ရှုမိတဲ့လူဟာ အိပ်ပျော်ချင်လာမှာပဲ၊ ဒါကို ထင်းရှုဂိုဏ်းဟာ သုံးလေ့ရှိတယ်၊ ရက်တစ်ရာအိပ်ငွေ့လို့ အမည်တွင်



တယ်"

တင်းမိန်က ပြောလိုက်သည်။

"ဟင်... ဒါဆိုရင် ထင်းရှုဂိုဏ်းရဲ့လက်ထဲ သိုင်းရာဇာကျိုးစန်းရောက်သွားပြီနဲ့တူတယ် ဘဘ"

သမားတော်သိုင်းသမားကြီးက ခေါင်းညိတ်လိုက်၏။

"ဒီလိုဆိုရင် ကျွန်တော်တို့လိုက်ရှာရင် တွေ့နိုင်မှာပေါ့"

တင်းမိန်က ပြောလိုက်၏။

"အေး... ရှာကြတာပေါ့"

သမားတော်သိုင်းသမားကြီးကလည်း ဤသို့ပြောလိုက်သည်။ တင်းမိန်သည် ရှေ့မှပြေးထွက်သွား၏။ သမားတော်သိုင်းသမားကြီးလည်း နောက်မှလိုက်သွားသည်။

ထိုစဉ် ကျောက်ဖြူစံအိမ်နှင့်ဝါးဆယ်ရိုက်ခန့်အကွာ ထင်းရှူးတောထဲ၌ လူရိပ်တစ်ရိပ်အား တွေ့လိုက်သည်။

ထိုလူရိပ်သည် တင်းမိန်အားလှမ်းကြည့်ပြီး ပြေးထွက်သွားလေတော့၏။

"ဘဘ... ဟိုမှာ ရန်သူ"

သူသည် သမားတော်သိုင်းသမားအား သတိပေးလိုက်ပြီး လူရိပ်နောက်သို့ ပြေးလိုက်လေတော့၏။

ရှေ့မှလူရိပ်သည် တင်းမိန်လိုက်လာသည်ကိုတွေ့သောအခါ ပြေးရှိန်ကိုမြှင့်လိုက်လေတော့၏။ ထိုလူ၏ကိုယ်ဖော့ပညာမှာ အလွန်ကောင်းမွန်လေ၏။

"ကောင်းလိုက်တဲ့ ကိုယ်ဖော့ပညာ"

တင်းမိန်က ချီးကျူးလိုက်၏။

ထိုလူ၏ကိုယ်ဖော့ပညာသည် သူ့ထက် ပိုကောင်းကြောင်း တင်းမိန်သိသည်။ ထို့ကြောင့် မျက်ခြေမပြတ်စေရန် အားစိုက်၍ လိုက်ရလေ၏။ သို့သော် တစ်စတစ်စ တင်းမိန်နှင့်ကွာဝေးသွားသည်။

တင်းမိန်ကမူ ထိုလူကိုသာ လိုက်ကြည့်နေသည်။ တင်းမိန်၏မျက်လုံးထဲတွင် ထိုလူ၏လှုပ်ရှားမှုအားလုံးကို တွေ့မြင်နေရသည်။ တင်းမိန်၏စိတ်ထဲ၌ သံသယဖြစ်လာ၏။ ထိုလူသည် သူ့အား မှားနေသလား။ ခေါ်ဆောင်လာသလော။

ထိုစဉ် ထိုလူသည် တောင်ကုန်းတစ်ခုပေါ်သို့ တက်ပြေးကြောင်း တွေ့လိုက်ရသည်။ ထိုလူသည် ပြေးနှုန်းကိုလျှော့ချလိုက်ကြောင်း တင်းမိန်သိရှိသည်။

"တွေ့ကြသေးတာပေါ့၊ မင်း ကျုပ်ကိုအထင်သေးရင် ဒုက္ခရောက်သွားစေရမယ်"

သူသည် တောင်ကုန်းပေါ်သို့ပြေးလိုက်သွားလေတော့၏။ တင်းမိန် တောင်ကုန်းပေါ်ရောက်သွားသောအခါ ထိုလူအား မတွေ့ရတော့ချေ။

တောင်ကုန်းမှာ သိပ်ကြီးမားခြင်း မရှိချေ။ ထို့ကြောင့် ပျောက်သွားသော ထိုလူ့ကိုရှာဖွေတွေ့ရှိနိုင်ပါသည်။ ထိုလူသည် အခြားနေရာသို့သွားရောက် မပုန်းအောင်းနိုင်ပါ။

တင်းမိန်သည် တောင်ကုန်းအား ပိုက်စိပ်တိုက် ရှာဖွေတော့သည်။ သို့သော် လူရိပ်လူယောင်ပင်၍ လုံးဝမတွေ့ရချေ။ တင်းမိန်သည် နောက်တစ်ကြိမ် လှည့်ပတ်ရှာဖွေပြန်၏။ ကျောက်တုံးကြီးတစ်



တုံးနောက်၌ လိုက်လံရှာဖွေပြီးမှ ကျောက်တုံးကြီးနောက်မှ တင်းမိန်ထွက်လိုက်သည်။ ထိုအခါ ထိုလူနှင့် ရင်ဆိုင်တိုးလေတော့၏။

ထိုလူသည် တင်းမိန်အား လက်ဝါးနှင့်ရိုက်ချလိုက်သည်။

"ဝုန်း..."

တင်းမိန် ရှောင်ပေးလိုက်ရသည်။ ထိုလူ၏လက်ဝါးသည် ကျောက်တုံးကြီးအား ရိုက်မိသွား၏။ ရန်သူ့၌ ကြောက်စရာကောင်းသောအင်အားရှိကြောင်း သိရှိလိုက်ရသည်။

တင်းမိန်သည် ဓားကို လျှပ်တပြက် ဆွဲထုတ်လိုက်၏။ ထိုစဉ်...

"ဟေ့... မှားမယ်၊ မှားမယ်... ရပ်လိုက်ကြ"

သမားတော်သိုင်းသမားကြီး၏အသံသည် ဟိန်း၍ ထွက်လာလေ၏။

တင်းမိန်မှာ ဓားကိုရှေ့သို့ မထုတ်တော့ပေ။

တင်းမိန်က...

"ဟင်... ဘဘကိုး၊ မှားတော့မလို့"

ကျောက်တုံးနောက်ကွယ်မှ ထွက်လာသူကား သမားတော်သိုင်းသမားကြီးပင် ဖြစ်တော့သည်။

သမားတော်ကြီးက ပြုံးလိုက်၏။

"နဂါးတွေဟာ ဒီလောက်တော့ လျင်ရမှာပေါ့"

"ကျွန်တော်လဲ ရန်သူကိုမျက်ခြေပြတ်သွားလို့ ကျောက်တုံးကြီးနောက် ရှာမိတယ်၊ ကျောက်တုံးနောက်ကလဲထွက်ရော လူရိပ်မြင်တာနဲ့ ရန်သူလို့ထင်မိတာပါပဲ၊ ဒါနဲ့ ဘဘကိုလူမှားပြီး တိုက်ခိုက်

မိတော့မလို့"

သမားတော်သိုင်းသမားကြီးက....

"ကျုပ်က မင်းနဲ့ရန်သူ ဒီပေါ်တက်သွားတာမြင်လို့ ဒီတောင် ကုန်းပေါ်တက်လိုက်လာတာ၊ ဒါထက် ရန်သူက ဘယ်လိုလုပ်ပြီး မျက်ခြေပြတ်သွားတာလဲ"

တင်းမိန်က သူကြုံသမျှကို ရှင်းပြလိုက်သည်။

သမားတော်ကြီးက ပြောလိုက်သည်။

"အင်း... စဉ်းစားစရာပဲ"

တင်းမိန်က....

"ဟုတ်တယ် ဘဘ၊ သူ ဘယ်လိုလုပ် ပျောက်သွားတာလဲ၊ ကျွန်တော်စဉ်းစားလို့ မရဘူး"

သမားတော်ကြီးလည်း မျက်မှောင်ကုပ်ကာ စဉ်းစားနေတော့သည်။

တင်းမိန်သည် ကျောက်တုံးကြီး၏ဘေး၌ ထိုင်လိုက်၏။ သူ့လက်သည် ဘုတစ်ခုကို သွားကိုင်မိသည်။ ထိုအခါ တောင်နံရံသည် တဖြည်းဖြည်း ရွေ့လျားကာ ပွင့်သွားလေတော့သည်။

တင်းမိန် အံ့ဩသွား၏။

"ဘဘ... လှို့ဝှက်လိုဏ်ဂူပါလား"

သမားတော်ကြီးသည် သဘောပေါက်သွားလေ၏။ တင်းမိန်ကိုင်ထားသည့်ဘုကို ပြန်တွန်းလိုက်သောအခါ တောင်နံရံမှ လှို့ဝှက်တံခါးသည် ပြန်ပိတ်သွားလေတော့၏။

သမားတော်ကြီးက ပြော၏။



"ဒါဟာ လှို့ဝှက်ခလုတ်ပဲ၊ ငါတို့ ကံကောင်းလို့တွေ့တာ"

တင်းမိန်သည် သူ၏တိမ်ဖြူဓားကို ဆွဲထုတ်လိုက်၏။

"ဒီကောင် ဘယ်ကိုမှပြေးလို့မလွတ်တော့ဘူး၊ သူ ပျောက်သွားတာကို ဘဘ သိပြီမဟုတ်လား၊ သူ လှို့ဝှက်တံခါးထဲကို ဝင်ပြေးသွားတာပေါ့"

သမားတော်ကြီးက သတိပေးလိုက်သည်။

"လူကလေး သတိထား၊ အတင့်မရဲနဲ့"

တင်းမိန်သည် လှို့ဝှက်တံခါးကို ပြန်ဖွင့်လိုက်သည်။ လိုဏ်ဂူထဲတွင် မည်းမှောင်နေသည်။

သမားတော်ကြီးက....

"သတိထား... ရန်သူက အမှောင်ထဲက ငါတို့က အလင်းထဲက ရန်သူဟာ ငါတို့ကို အမှောင်ထဲက စောင့်နေနိုင်တယ်"

တင်းမိန်သည် ဓားကို ဘယ်လက်ဖြင့် ပြောင်းကိုင်လိုက်ပြီး ရင်ဝ၌ကာလိုက်၏။ ထို့နောက် လိုဏ်ဂူတွင်းသို့ စတင် ဝင်ရောက်တော့သည်။

မိမိဓားကို မိမိ မမြင်ရလောက်အောင် လိုဏ်ဂူထဲ၌မည်းမှောင်နေသည်။ ရန်သူသည် အမှောင်ထဲမှ ဆီးကြိုတိုက်ခိုက်နိုင်သည်။ သူတို့သည် အန္တရာယ်ကိုကြောက်ရွံ့ခြင်းမရှိဘဲ ဝင်လာကြလေ၏။

သားကောင်ကိုလိုလျှင် သားရဲတွင်းသို့ဝင်ရမည် မဟုတ်ပါလား။

တင်းမိန်သည် နားကို အစွမ်းကုန်ဖွင့်ရင်း လိုဏ်ဂူထဲ၌ခြေသံ

မကြားအောင် လျှောက်ဝင်လာလေ၏။ သမားတော်ကြီးက သူ့နောက်မှကပ်လိုက်သည်။ အတန်ကြာဝင်ရောက်လာသောအခါ မှောင်ထဲ၌ မျက်စိကျင့်သားရလာလေ၏။

လိုဏ်ဂူသည် သဘာဝလိုဏ်ဂူမဟုတ်ချေ။ လူတို့ပြုပြင်ထားသောလိုဏ်ဂူဖြစ်ကြောင်း တွေ့ရှိရသည်။ လိုဏ်ဂူသည် အချိုးအကွေ့များပြီး ရှည်လျားလှသည်။

တင်းမိန် ယခုအထိ မည်သည့်ရန်သူကိုမျှ မတွေ့ရသေးချေ။ သူတို့ဆက်လျှောက်လာသောအခါ မီးရောင်တစ်ခုကိုတွေ့ရသဖြင့် သတိထားပြီး ဆက်လျှောက်သွားသည်။ မီးအိမ်တစ်ခုကိုနံရံတွင် ချိတ်ဆွဲထားကြောင်း တွေ့ရှိရတော့သည်။

သမားတော်ကြီးက သတိပေးလိုက်၏။

"သတိထား လူကလေး၊ ရန်သူနဲ့ နီးလာပြီ"

တင်းမိန်သည် ဓားကို ညာလက်သို့ပြောင်းကိုင်လိုက်၏။ သူတို့သည် လိုဏ်ဂူအခန်းများကို စတင်တွေ့လာရသည်။ ပထမအခန်းတွင် လူသူမရှိချေ။ ဒုတိယအခန်း၊ တတိယအခန်းတွင်လည်း လူသူမရှိချေ။

နောက်ဆုံးအခန်းသို့ရောက်သောအခါ အောက်သို့နိမ့်ဆင်းသွားသည့် လှေကားထစ်များကိုတွေ့လိုက်ရပြီး အလင်းရောင်လည်း လုံလုံလောက်လောက် ထွက်နေသည်ကိုတွေ့ရသည်။

တင်းမိန်နှင့်သမားတော်ကြီးသည် အောက်သို့ငုံ့ကြည့်လိုက်၏။

တင်းမိန်နှင့် သမားတော်ကြီးတို့သည် တစ်ယောက်မျက်



နှာ တစ်ယောက်ကြည့်ပြီး အောက်သို့ဆင်းကြလေတော့၏။

လှေကားထစ်အတိုင်း တစ်လှမ်းချင်း သတိထားပြီး ဆင်းလာကြသည်။ မြင်ကွင်းတစ်ခုကို မြင်လိုက်ရသည်နှင့် ခြေလှမ်းများ ရပ်သွားကြလေတော့၏။

သူတို့သည် တစ်ယောက်မျက်နှာတစ် ယောက်ထပ်မံပြီး ကြည့်လိုက်မိကြပါတော့သည်။

## အခန်း(၁၃)

## ပျောက်သောသူ

သူတို့သည် လူတစ်စုကိုတွေ့လိုက်ရသောကြောင့်တည်း။ ကျောက်စားပွဲတစ်လုံးတွင် ဆင်တူဝတ်ဆင်ထားသောလူငါးယောက်ကို တွေ့လိုက်ရပေသည်။

အလင်းရောင်မှာ လင်းလင်းချင်းချင်း ရှိလှသည်။ အခန်းနံရံတွင် မီးအိမ်ငါးလုံးမျှ ချိတ်ဆွဲထားပေသည်။ လိုဏ်ဂူထဲ၌ရှိနေသော လူများသည် အကြောင်းအရာတစ်စုံတစ်ခုကို ဆွေးနွေးနေကြဟန်တူသည်။

တင်းမိန်သည် သမားတော်ကြီးအား လှမ်းကြည့်ပြီး ရှေ့ဆက်ဆင်းရန် အချက်ပြလိုက်၏။ သမားတော်ကြီးလည်း တင်းမိန်နှင့်အတူ ဆက်လက် ဆင်းသက်လေတော့၏။

ထိုစဉ်မှာပင် အစိမ်းရောင်ဝတ်စုံကိုဝတ်ဆင်ထားသော လူတစ်ယောက်သည် ဆတ်ခနဲ လှည့်ကြည့်လိုက်ရာ တင်းမိန်ကို တွေ့ရှိသွားလေ၏။ ထိုလူသည် ချက်ချင်းပင် ခုန်ထပြီး စူးစူးရှရှအော်ဟစ်လေတော့သည်။



"ရန်သူ… ရန်သူ… ရန်သူ"

အစိမ်းရောင်ဝတ်ဆင်ထားသူအားလုံး ဓားများကိုဆွဲထုတ်လိုက်ကြတော့၏။

"ရှမ်း… ရှမ်း…ရှမ်း"

သမားတော်ကြီးက….

"လက်စသတ်တော့ လောင်စိမ်း မသေသေးပါလား"

တင်းမိန်သည် ထိုလူအား သိသည်။ တောင်ပိုင်းသိုင်းရာဇာကျူးစန်းထံ လာစဉ် အပြာရောင်ဝတ်စုံဝတ်တစ်ဦးနှင့် အညိုရောင်ဝတ်စုံဝတ်သူတစ်ဦးတို့ တိုက်ခိုက်ခဲ့ကြသည် မဟုတ်ပါလော။

အပြာရောင်ဝတ်စုံဝတ်လူသည် သေလုမျောပါး ဒဏ်ရာရသွားသဖြင့် သူပင် ထိုက်သင့်သလို ကုသပေးလိုက်သည်။ အညိုရောင်ဝတ်စုံဝတ်လူကား ထွက်သွားခဲ့၏။ ထိုလူကား အညိုရောင်ဝတ်လူပေတည်း။

သူသည် ထိုစဉ်အခါက ထိုလူအား လောင်စိမ်းမှန်း မသိခဲ့ပါ။ သိခဲ့လျှင် ဝင်ရောက်တိုက်ခိုက်မိမည် ဖြစ်ပါ၏။

ယခုမူ လောင်စိမ်းဖြစ်ကြောင်း သေသေချာချာ သိရလေပြီ။ ထို့ကြောင့် မည်သို့မျှ အလွတ်မပေးနိုင်တော့ပါ။ ဓားကိုဝှေ့ယမ်းပြီး တိုက်ခိုက်လေတော့၏။

သို့သော် ဝတ်စုံစိမ်းဝတ်ထားသူလေးယောက်တို့က ဆီးကြိုဟန့်တားတိုက်ခိုက်ကြသည်။

လောင်စိမ်းက မဲ့မဲ့ရွဲ့ရွဲ့ဖြင့် ပြောလိုက်သည်။

"မင်းတို့ ဒီအထိ လိုက်လာတယ်ဆိုတာ မင်းတို့သေတွင်းကို

မင်းတို့တွေ့သွားတာပဲ"

သူသည် လူလေးယောက်နှင့်တိုက်ခိုက်နေရသော တင်းမိန့်အား ဝင်ရောက်တိုက်ခိုက်တော့သည်။

ထိုစဉ် သမားတော်ကြီးက ကြားဖြတ်တိုက်ခိုက်လိုက်သည်။ လောင်စိမ်းမှာ တင်းမိန်အား မတိုက်ခိုက်တော့ပေ။ သမားတော်ကြီးနှင့်သာ တိုက်ခိုက်ရတော့၏။

သမားတော်သိုင်းသမားဆိုသည့်အတိုင်း သမားတော်ကြီးသည် သိုင်းပညာတွင်လည်း အတော်ထက်မြက်ပေသည်။ လောင်စိမ်းအား သမားတော်ကြီးက ကောင်းစွာ ယှဉ်ပြိုင်နိုင်ပေသည်။

သမားတော်ကြီးနှင့် လောင်စိမ်းသည် လက်အားဖြင့်သာ တိုက်ခိုက်နေပေသည်။ လက်နက်ဖြင့် မတိုက်ခိုက်ချေ။ သူတို့လက်ဝါးချင်း ရိုက်လိုက်သောအခါ လေထုသည် တုန်ခါသွားလေ၏။ သူတို့သည် တစ်ခဏချင်းမှာပင် သိုင်းကွက်ဆယ်ကွက်ခန့် ယှဉ်ပြိုင်မိသွားလေ၏။

သို့သော် မည်သူမျှအနိုင်မရသေးပါ။ သို့သော် သမားတော်ကြီးက အတွင်းအားပိုကောင်းပြီး ပို၍ တည်ငြိမ်မှုရှိသည်ကို တွေ့ရသည်။

တင်းမိန်သည် သမားတော်ကြီးအတွက် စိတ်ချသွားပြီး သူနှင့်ယှဉ်ပြိုင်နေသည့် ရန်သူများကို စိတ်ချလက်ချတိုက်ခိုက်တော့သည်။

သူသည် သူနှင့်ယှဉ်ပြိုင်နေသည့် ရန်သူနှစ်ယောက်ကိုရှင်းပစ်လိုက်၏။ ကျန်ရန်သူနှစ်ယောက်ကား ခံစစ်သက်သက်ဖြစ်နေ



လေပြီ။

သမားတော်သိုင်းသမားများမှာလည်း သိုင်းကွက်ငါးဆယ်ခန့်ယှဉ်ပြိုင်မိသောအခါ လောင်စိမ်းအား အထက်စီးမှ တိုက်ခိုက်နိုင်လေတော့သည်။

သူသည် လောင်စိမ်းအား နောက်ထပ် သိုင်းကွက် နှစ်ဆယ်အတွင်း အနိုင်ရနိုင်ပေသည်။ သို့သော် လောင်စိမ်းအား အသေမသတ်လိုပါချေ။

လောင်စိမ်းသည် ထင်းရှုဂိုဏ်းတွင် အရေးပါအရာရောက်သူ ဖြစ်သဖြင့် လက်ရဖမ်းဆီးလိုက်လျှင် သူတို့အတွက် အကျိုးရှိနိုင်ပါသည်။ ထို့ကြောင့် လက်ရဖမ်းနိုင်ရန်သာ ကြိုးစား၍ တိုက်ခိုက်နေသည်။

တင်းမိန်သည် သမားတော်ကြီး၏အကြံအစည်ကို ရိပ်စားမိ၏။ အခြေအနေသည် သူ အသာရနေပါလျက် လောင်စိမ်းအား ဖိတိုက်ခြင်းမပြုသောကြောင့်တည်း။

တင်းမိန်အဖို့ ရန်သူနှစ်ယောက်ကို ရှင်းပစ်မှဖြစ်တော့မည်။ ရှင်းပစ်ပြီးလျှင် သမားတော်ကြီးအား သွားရောက်ကူပြီး လောင်စိမ်းအား ဝိုင်းဖမ်းပေးမည်။ ဤသို့ တင်းမိန်ဆုံးဖြတ်လိုက်သည်။

တင်းမိန်၏ဓားချက်များသည် မုန်တိုင်းပမာ ပြောင်းလဲလာ၏။ အဖြူရောင်အလင်းတန်းသည် ဝတ်စုံစိမ်းဝတ်ဆင်သူနှစ်ဦး၏ ခန္ဓာကိုယ်ပေါ်သို့ ကျရောက်သွားသည်။

"အား... ဝုန်း"

"အား"

နာကျင်စူးရှစွာ အော်ဟစ်ပြီး ဝတ်စုံစိမ်းဝတ်နှစ်ယောက်သည် လဲကျသွားလေတော့၏။

လောင်စိမ်းကွက်ခနဲ မျက်နှာပျက်သွား၏။ သူ့အခြေအနေမကောင်းတော့ကြောင်း ရိပ်စားမိလေပြီ။ သူသည် လက်ဝါးတစ်ချက်ပြင်းထန်စွာ ရိုက်ထုတ်လိုက်သည်။

သမားတော်ကြီးက အေးအေးဆေးဆေးပင် ခုခံလိုက်၏။

"ဝှန်း...."

သမားတော်ကြီးက ပြောလိုက်၏။

"မင်း ပြေးလို့မလွတ်တော့ပါဘူး၊ မင်းကို ငါတို့က အမိဖမ်းမှာကွ"

"ခင်ဗျားတို့ လုပ်ချင်းတိုင်းလုပ်လို့ ရမယ်များ ထင်သလား"

လောင်စိမ်းသည် လက်ကိုဝှေ့ယမ်းလိုက်၏။ အင်္ကျီလက်ကြားမှ အလင်းတန်းနှစ်တန်းထွက်ပေါ်လာပြီး သမားဟော်ကြီးထံ ပြေးဝင်သွား၏။

သမားတော်ကြီးမှာ လျင်ပါသည်။ အနီးကပ်တိုက်ခိုက်လိုက်သော လက်နက်ပုန်းများကို ကိုယ်လုံချရှောင်တိမ်းလိုက်ရ၏။ လောင်စိမ်းပစ်ခတ်လိုက်သည့်ဓားပါးလေးများသည် သမားတော်ကြီး၏ခန္ဓာကိုယ်ပေါ်မှ ကျော်သွား၏။

သမားတော်ကြီး လှဲချလိုက်သည်နှင့် လောင်စိမ်းသည် မြေတစ်ချက်ဆောင့်ကာ ခုန်လိုက်၏။ သမားတော်ကြီး၏ခန္ဓာကိုယ်ပေါ်မှကျော်ကာ လှေကားထစ်များဆီသို့ ရောက်ရှိသွားလေ၏။

"ခင်ဗျား... ဘယ်ပြေးမလို့လဲ"



တင်းမိန်က အော်လိုက်၏။ အံကြိတ်ပြီး ခုန်ပျံလိုက်သည်။

လောင်စိမ်းသည် နောက်သို့လှည့်ပင် မကြည့်ဘဲ လက်တစ်ချက်ဝှေ့ယမ်းလိုက်ရာ အလင်းတန်းကလေး ထွက်ပေါ်သွားသည်။

"ဝှစ်... ဝှစ်... ဝှစ်"

ဓားပါးလေး သုံးလက်သည် တင်းမိန်ထံ ပြေးဝင်လာသည်။ တင်းမိန်မှာ တစ်ပတ်ကျွမ်းထိုးပြီး ဓားပါးလေးများကို ရှောင်တိမ်းလိုက်၏။

သူ မြေပြင်သို့ကျရောက်လာသောအခါ လောင်စိမ်းမှာ အပေါ်ထပ်သို့ရောက်ရှိသွားပြီ ဖြစ်သည်။

လောင်စိမ်းက အားရပါးရ ရယ်မောလိုက်၏။

"ဟား... ဟား... မင်းတို့က ငါ့ကို ဖမ်းမလို့ဆို၊ မင်းတို့ကိုတောင် ငါက ဖမ်းလို့ရတယ်ကွ၊ ဒါပေမယ့် မဖမ်းပါဘူး။ မင်းတို့သုံးယောက် ဒီထဲမှာနေ အစာရေစာပြတ်ပြီး သေပေတော့ကွာ၊ ဟား... ဟား... ဟား"

သူ၏အသံဆုံးသောအခါ အပေါ်မှ အပေါက်ဝပိတ်သွားသံကို ကြားလိုက်ရ၏။

တင်းမိန်နှင့် သမားတော်ကြီးသည် ပြေးတက်လိုက်ကြသည်။ လိုဏ်ခေါင်းတံခါးကား ပိတ်သွားလေပြီ။

တင်းမိန်သည် အတွင်းအားထုတ်ပြီး လက်နှစ်ဖက်သို့ပို့လွှတ်လိုက်သည်။ ထို့နောက် တံခါးအား ရိုက်ချလိုက်လေသည်။

"ဝှန်း...."

တင်းမိန်ရိုက်ချသော်လည်း တံခါးက မဖြိုပေ။ တင်းမိန်၏

လက်နှစ်ဖက်သာ ထိုကျင်သွားသည်။

"မကြိုးစားနဲ့ကွ၊ မှင်မှာမဟုတ်ဘူး၊ တံခါးက သာမန်တံခါး မဟုတ်ဘူးကွ၊ သံမဏိတံခါးကွ"

သမားတော်ကြီးက ပြောလိုက်၏။

တင်းမိန် သက်ပြင်းချလိုက်ရ၏။

"ဘယ်လိုလုပ်ကြမလဲ ဘဘ၊ ကျွန်တော်တို့တော့ ပိတ်မိနေပြီ"

သမားတော်ကြီးက ပခုံးတစ်ချက် တွန့်လိုက်၏။ သူကတော့ အေးအေးဆေးဆေးပင်။

"နောက်မှ စဉ်းစားတော့ပေါ့၊ လွတ်လမ်းရှိရင် လွတ်ပါလိမ့်မယ်ကွာ"

"ဟာ... ကျွန်တော်တို့ ဒီမှာပိတ်မိနေရင် မလွယ်ဘူး၊ ထွက်လမ်းကို ရှာမှဖြစ်မယ်"

"ရှာရမှာပေါ့၊ ဒါပေမယ့် တံခါးကို ဒီလိုရိုက်နေလို့တော့ ထွက်လမ်းဖြစ်ပေါ်လာမှာ မဟုတ်ဘူး"

တင်းမိန်သည် သမားတော်ကြီး၏စကားကြောင့် စိတ်ဓာတ်ကျသွား၏။ သူတို့ ဤနေရာမှမထွက်နိုင်လျှင် သေရုံသာ ရှိကြပေတော့မည်။

တင်းမိန် အံကြိတ်လိုက်သည်။ သူ့အား မဟူရာနဂါးက တာဝန်ထမ်းဆောင်ရန် စေလွှတ်လိုက်၏။ သူသည် တာဝန်ကိုကျေပွန်စွာ မထမ်းဆောင်နိုင်တော့မည်သာမက ရန်သူ့ထောင်ချောက်တွင် အပ်ခံနေရလေပြီ။



သမားတော်ကြီးက....

"နေဦးကွ... လောင်စိမ်းပြောသွားတာ ရှိပါတယ်"

သူသည် ခေတ္တပြန်စဉ်းစားလိုက်ပြီး....

"မင်းတို့သုံးယောက် ဒီထဲမှာ အစာရေစာငတ်ပြတ်ပြီး သေပေတော့ကွာတဲ့၊ ဒီထဲမှာ နောက်တစ်ယောက်ရှိရဦးမယ်၊ ငါတို့ အခန်းတိုင်းကို ပြန်ရှာရမယ်"

တင်းမိန်သည် ထိုအခါကျမှ သတိရသွား၏။

"ဟုတ်တယ်... ဟုတ်တယ်၊ သူ ဒီအတိုင်းပဲ ပြောခဲ့တယ်၊ နောက်တစ်ယောက် ရှိလိမ့်ဦးမယ်၊ ဘယ်သူများလဲ မသိဘူး"

သူတို့သည် အောက်ထပ်သို့ဆင်းကြပြန်၏။ သူတို့ ပင်ပင်ပန်းပန်းမရှာဖွေကြရပါ။ ကျောက်စားပွဲပေါ်တွင် လဲလျောင်းနေသော လူတစ်ယောက်ကို တွေ့လိုက်ရပါသည်။ ထိုသူသည် ကျောက်စားပွဲပေါ်တွင် ယခင်ကပင် လဲလျောင်းနေခဲ့ဟန်တူပါသည်။

သူတို့သည် တိုက်ပွဲကိုအာရုံရောက်နေသဖြင့် ထိုသူကိုမတွေ့ရှိဘဲ နေခဲ့ကြပါသည်။

သူတို့သည် ကျောက်စားပွဲရှိရာသို့ အပြေးအလွှားရောက်ရှိလာကြ၏။ ကျောက်စားပွဲပေါ်မှလူကိုတွေ့လိုက်သောအခါ သူတို့၏မျက်လုံးအစုံမှာ ပြူးကျယ်သွားရလေတော့သည်။

"ဟင်... သိုင်းရာဇာ ကျုံးစန်းပါလား"

"ဒီကောင်တွေ ဒီထဲ လာထားကြတာပဲ"

မှန်ပါသည်။ သိုင်းရာဇာကျုံးစန်းပင် ဖြစ်နေပါသည်။ သမားတော်ကြီးသည် ကျုံးစန်းမိနေသည့်အထိပ်ကို စမ်းသပ်စစ်ဆေး

လေတော့၏။

သမားတော်ကြီးက ပြောလိုက်သည်။

"ဘာမှစိုးရိမ်စရာ မရှိပါဘူး။ သူမှေ့ဆေးအဆိပ်မိနေတာပါ။ ဆယ်ရက်အတွင်း မကုနိုင်မှသာ သူ့အခြေအနေဆိုးမှာပါ"

တင်းမိန်က....

"ကျွန်တော်က အဲဒီအဆိပ်ကို မသိပါလား။ ကြည့်ရတာ အတော်ပြင်းထန်တဲ့ အဆိပ်လို့ထင်ရတယ်၊ ကျွန်တော်က သုံးရက်ကြာရင် သေမယ်လို့ ခန့်မှန်းခဲ့တာ"

သမားတော်ကြီးက....

"ဟုတ်တယ်... သေသေချာချာမသိရင် ဒီအဆိပ်ကိုဖြေဖို့ မလွယ်ဘူး။ သေသေချာချာသိရင်တော့ အဲဒီအဆိပ်ကဖြေဖို့ လွယ်ပါတယ်"

"ကျွန်တော်တို့ နဂါးဂိုဏ်းက အဆိပ်ဖြေဆေးတော့ တိုက်ခဲ့သေးတယ်၊ ဒါပေမယ့် ဘာမှမထူးခြားဘူး ဘဘ"

"အဆိပ်ကိုမသိတော့ ဖြေဆေးလဲ မသိဘူးပေါ့၊ ဒီအဆိပ်ကို ဖြေဖို့က ကျောက်သွေးတစ်ခုပဲ လိုတယ်"

"ဟင်း... တော်သေးတာပေါ့၊ သိုင်းရာဇာကျုံးစန်းကိုစောင့်ရှောက်ဖို့ ကျွန်တော့်ကို လွှတ်လိုက်တာ၊ ကျွန်တော်လဲရောက်ရော သိုင်းရာဇာကျုံးစန်းလဲ သေရောဆိုရင် ကျွန်တော် ဘဘမဟူရာနဂါးကို ဘယ်လိုမျက်နှာပြရတော့မလဲ"

သမားတော်ကြီးက ခေါင်းယမ်းလိုက်သည်။

"တို့ ဒီက မထွက်နိုင်ရင် သိုင်းရာဇာရဲ့ အသက်ကိုလဲ ကယ်



နိုင်မှာ မဟုတ်ပါဘူး"

တင်းမိန် ခုန်ထလိုက်တော့၏။ အပေါ်သို့ပြန်တက်ပြီး အခန်းပတ်လည်ကို စစ်ဆေးတော့သည်။ ပကတိကျောက်နံရံများပင်။ ဖို့ဝက်ခလုတ်ကိုလည်း ရှာမတွေ့ပါ။ တင်းမိန် စိတ်ဓာတ်ကျသွားသည်။ ထို့နောက် သူထရပ်ကာ လမ်းဟောင်းကိုလိုက်ပြန်လေ၏။

တံခါးကိုအတွင်းအားထုတ်ကာ ရိုက်ခြင်းဖြစ်သည်။ တဝုန်းဝုန်းဖြင့် ရိုက်သော်လည်း သံမဏိတံခါးမှ တုတ်တုတ်မျှမလှုပ်ပါ။ သူ၏လက်ဝါးနှစ်ဖက်စလုံးပင် နာကျင်လာပါသည်။

သူသည် အတွင်းအား အတော်ရှိပါသည်။ တော်ရုံတန်ရုံ ကျောက်တုံးကိုပင် ကွဲကြေအောင် ရိုက်နိုင်စွမ်းရှိပါသည်။ ယခုမူ သံမဏိတံခါးကိုပြိုလဲအောင် တင်းမိန်မရိုက်နိုင်တော့ပါ။ တင်းမိန်သည် နဖူးမှချွေးများကို သုတ်လိုက်ပါသည်။

သမားတော်ကြီးလည်း အပေါ်တက်လိုက်လာ၏။

"မင်း ခဏနားပါဦး။ တစ်ယောက်အားနဲ့မရရင် နှစ်ယောက်အားနဲ့ စမ်းကြည့်ကြတာပေါ့"

"ဟုတ်ကဲ့ ဘဘ"

တင်းမိန်သည် သံမဏိတံခါးကို ပြန်လှန်စစ်ဆေးကြည့်လေ၏။ နှစ်လက်မခန့်ထူသည်ဟု ခန့်မှန်းရသည်။ သံမဏိတံခါးကို သေသေချာချာစစ်ဆေးလေ တင်းမိန်စိတ်ပျက်လေလေ ဖြစ်တော့သည်။

သူတို့ ဤလိုဏ်ခေါင်းထဲပိတ်မိနေသည်ကို ကျုံးစန်း၏လူများ မသိကြပေ။ မည်သူမျှမသိလျှင် ကယ်မည့်သူ တစ်ယောက်မျှရှိလိမ့်မည် မဟုတ်ပါ။ ဤလိုဏ်ဂူတွင် လောင်စိမ်းပြောသလို အစာ

တော်ရေတော့ သေဆုံးကြရပေတော့မည်။

ထိုအခိုက် သမားတော်ကြီးသည် တင်းမိန်အနားသို့ရောက်ရှိလာလေ၏။

"ယောကျ်ားတို့ဖွဲ့ဆိုတာ သေခါမှလျှော့ရတယ်ကွ၊ ဒီအတိုင်း ဝိတ်ပြီး အသေခံရမှာထက် လွတ်အောင် ကြိုးစားရင်း အသေခံရတာက မြတ်ပါသေးတယ်"

"ဟုတ်ကဲ့... ကျွန်တော်လဲ ဒီသဘောအတိုင်းရှိပါတယ် ဘဘ"

"ကဲ... တစ်ယောက်အားနဲ့မရရင် နှစ်ယောက်အားနဲ့ရရမှာပေါ့၊ ကဲ... မင်းနဲ့ငါ နှစ်ယောက်ပြိုင်ရိုက်ကြရအောင်"

တင်းမိန်နှင့်သမားတော်ကြီးသည် အတွင်းအားထုတ်ကာ ပြိုင်တူ ရိုက်ချလိုက်လေတော့သည်။

ထိုအခါ မထင်မှတ်သောအဖြစ်အပျက်သည် တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ပေါ်လာလေတော့၏။

တင်းမိန်နှင့်သမားတော်ကြီးတို့ ပြိုင်တူရိုက်ချလိုက်သည့်အခိုက်ဝယ် သံမဏိတံခါးကြီးလည်း ပွင့်သွားလေတော့၏။

သမားတော်ကြီးက အံ့ဩသောမျက်နှာထားဖြင့် ပြောလိုက်လေ၏။

"ဘယ်လိုများဖြစ်တာပါလိမ့်၊ ငါ့လက်ဝါးကိုမခံနိုင်ဘူးနဲ့တူပါတယ်ကွာ"

တင်းမိန်က....

"အပြင်က ဖွင့်လိုက်တာဖြစ်မယ်၊ ရန်သူလား၊ မိတ်ဆွေလားတော့ မသိဘူး"

"လူကလေး အပြင်သွားကြည့်၊ ဘဘ သိုင်းရာဇာကျူးစန်းကို သွားခေါ်လိုက်မယ်"

တင်းမိန်သည် အပြင်သို့ပြေးထွက်သွားလေတော့၏။ ကျောက်တုံးကြီး၏ဘေးတွင်လည်း မည်သူ့ကိုမျှ မတွေ့ရချေ။ တင်းမိန် မျက်မှောင်ကုပ်နေရလေပြီ။

တင်းမိန်သည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။ ထို့နောက် လက်နှစ်ဖက်ကိုဆုပ်ကာ ပြောလိုက်သည်။

"မိတ်ဆွေ... ကျေးဇူးပြုပြီး အပြင်ကိုထွက်ခဲ့ပါ"

တင်းမိန်သည် သုံးကြိမ်တိတိ ဖိတ်ခေါ်လိုက်၏။ သုံးကြိမ်သုံးခါ ဖိတ်ခေါ်သော်လည်း မည်သူမျှတုံ့ပြန်မှုမရှိချေ။

ထိုစဉ် သမားတော်ကြီးသည် သိုင်းရာဇာကျူးစန်းကိုထမ်း၍ ထွက်လာလေ၏။

သမားတော်ကြီးက....

"လူလေး... ဘယ်သူ့ကိုတွေ့သလဲ"

တင်းမိန်က ခေါင်းခါလိုက်၏။

"ဘယ်သူမှ မတွေ့ပါဘူး"

သူသည် သိုင်းရာဇာကျူးစန်းကို လွှဲပြောင်းထမ်းယူလိုက်၏။ ထို့နောက်နှစ်ယောက်သား ကျောက်ဖြူစံအိမ်ဆီသို့ပြန်လာခဲ့ကြတော့၏။

## အခန်း(၁၄)

## တောင်ပင်လယ်ကျွန်းသခင်

တင်းမိန်နှင့် ကိုယ်ရံတော်ခေါင်းဆောင်တို့သည် သိုင်းရာဇာကျူးစန်းအား ကြည့်နေလေ၏။

သမားတော်ကြီးသည် သူ၏ဆေးအိတ်ထဲမှ နီရဲသော ကျောက်တုံးကလေးတစ်တုံးကို ထုတ်ယူလိုက်၏။ ထို့နောက် ငွေဓား ကလေးကိုထုတ်ကာ သိုင်းရာဇာကျူးစန်း၏အဆိပ်အပ်စိုက်ဝင်ခဲ့ သောနေရာကို ကြက်ခြေခတ်ခွဲချလိုက်၏။

ထို့နောက် ထိုနေရာ၏ အထက်ဘက်ကို ကျောက်တုံးတင် ပေးလိုက်တော့သည်။ ထိုအခါ ထိုခွဲချလိုက်သောနေရာမှ မည်းနက် သောသွေးများ စီးကျလာလေ၏။

သမားတော်ကြီးက သွေးပုပ်များကို အဝတ်တစ်ခုဖြင့် သုတ် ပေးလိုက်၏။ တဖြည်းဖြည်း သုတ်ပေးနေရာ နောက်ဆုံးသွေး နီများ ယိုစီးလာသည်အထိ ဖြစ်သည်။

ထို့နောက် ဒဏ်ရာအား ဆေးထည့်ပေးလိုက်၏။ ကိုယ်ရံ တော်ခေါင်းဆောင်သည် ထိုအခါကျမှ သက်ပြင်းချနိုင်သည်။



"သခင်ကြီး... အခြေအနေကောင်းသွားပြီပေါ့နော်"

ကိုယ်ရံတော်ခေါင်းဆောင်၏အမေးကို သမားတော်ကြီးက ခေါင်းညိတ်ဖြေလိုက်၏။

"ခဏနေရင် မင်းတို့သခင်ကြီး သတိရလာလိမ့်မယ်"

ကိုယ်ရံတော်ခေါင်းဆောင်သည် ပြုံးရွှင်သွားပြီး အခန်းတွင်း မှ ထွက်သွား၏။ ခဏကြာသောအခါ ပြန်ဝင်လာသည်။ အစားအ သောက်များ ထည့်ယူလာသောလင်ပန်းကို ထိုးပေးလေ၏။

"ဆရာကြီးကော... ဟိုဆရာလေးပါ ဆာနေကြမှာပဲ၊ စား ပါ... လိုတာရှိရင် ပြောပါ"

မှန်ပါသည်။ တင်းမိန်ကော၊ သမားတော်ကြီးပါ ထမင်းမ စားရသည်မှာ နှစ်ရက်မျှရှိနေပါပြီ။ ထို့ကြောင့် တင်းမိန်နှင့် သမား တော်ကြီးတို့သည် မြိန်ရှက်စွာ စားသုံးကြလေတော့၏။ တင်းမိန် သည် စားသောက်ပြီးသည်နှင့်မျက်စိများ လေးလံလာ၏။

သမားတော်ကြီးက....

"လူကလေး... မင်း နားချင် နားပါ၊ အဘ စောင့်နေလိုက် မယ်"

"ဟုတ်ကဲ့... ဘဘ၊ကျွန်တော် ခဏလောက် အိပ်ချင်တယ်"

"အိပ်ပါ... အိပ်ပါ၊ ဘဘ စောင့်နေလိုက်ပါ့မယ်"

တင်းမိန်သည် စားပွဲပေါ်တွင်ပင် မှောက်အိပ်လိုက်သည်။ တစ်ခဏအတွင်းမှာပင် အိပ်ပျော်သွားလေ၏။

စကားပြောသံများ နားထဲဝင်လာသဖြင့် အိပ်ရေးဝသွားပြီ ဖြစ်သော တင်းမိန်သည် နိုးလာလေသည်။

စကားပြောကြသူများမှာ သမားတော်ကြီးနှင့်ကိုယ်ရံတော် ခေါင်းဆောင်တို့ ဖြစ်ကြသည်။ သမားတော်ကြီးက တောင်ကုန်းပေါ် ၌ ဖြစ်ပျက်ခဲ့သမျှတို့ကို ပြန်လှန်ပြောပြနေ၏။

တင်းမိန်က တစ်ချက်သမ်းဝေလိုက်ပြီး ခါးဆန့်လိုက်၏။ ထို အခါ သမားတော်ကြီးက လှမ်းမေးလိုက်၏။

"လူကလေး နိုးလာပြီလားဟေ့"

"နိုးပြီ ဘဘ"

"နိုးရင် ထဟေ့၊ ကျုံးစန်းလဲ သတိရခါနီးပါပြီ"

"ဟုတ်ကဲ့"

တင်းမိန် ထလာလေ၏။

ထိုစဉ် ညည်းညူသံကြားလိုက်ရသဖြင့် သမားတော်ကြီး သည် ကျုံးစန်းအား ကမန်းကတန်း ကြည့်လိုက်လေ၏။ ကျုံးစန်း၏ ခန္ဓာကိုယ်သည် လူးလွန့်လှုပ်ရှားနေသည်။ မျက်တောင်နှစ်ချက်သုံး ချက်ခတ်ပြီး မျက်လုံးပွင့်လာလေ၏။

သို့သော် နေရောင်ခြည်ကြောင့် မျက်လုံးကျိန်းစပ်သွားဟန် ဖြင့် မျက်လုံးများပြန်မှိန်သွားသည်။ ထို့နောက်မှ မျက်လုံးများ ပြန် ပွင့်လာသည်။ နှုတ်ခမ်းများလည်း တရွရွ လှုပ်လာသည်။

"ကျုပ်… ကျုပ် ဘယ်ကိုရောက်နေသလဲ"

ကျုံးစန်း၏အသံမှာ တိုးလှပါသည်။

ကိုယ်ရံတော်ခေါင်းဆောင်က ကမန်းကတန်း ဖြေလိုက်၏။

"သခင်ကြီးရဲ့ စံအိမ်မှာပါပဲ သခင်ကြီး"

သမားတော်ကြီးက ပြုံးလိုက်၏။



"ဘာမှစိုးရိမ်စရာ မရှိတော့ဘူး၊ ကျုပ်ကိုယ်တိုင် ရောက်လာ ပြီပဲ၊ ခင်ဗျား ဘာကိုပူစရာရှိနေတော့သလဲ၊ ခင်ဗျား မကြာခင် ပုံမှန် အခြေမှန် ဖြစ်သွားမှာပါ"

ကျုံးစန်းသည် အသံလာရာသို့ဖြည်းညင်းစွာ လှည့်ကြည့် သည်။ ထိုအခါ သမားတော်ကြီးနှင့်တင်းမိန်အား တွေ့သွားလေတော့ ၏။

"သမားတော်ကြီးပါလား"

"ဟုတ်တယ်… သမားတော်ကြီးပဲ"

သမားတော်ကြီးက ဖြေလိုက်၏။

ကျုံးစန်းသည် တင်းမိန်ကို လက်ညှိုးထိုးလိုက်၏။

"မင်း… မင်း… တိမ်ဖြူနဂါး"

တင်းမိန်က….

"ဟုတ်ပါတယ်… ကျွန်တော် တိမ်ဖြူနဂါးပါ"

ကျုံးစန်းသည် လူးလဲထ၏။ ကိုယ်ရံတော်ခေါင်းဆောင်က ဖျာဖျာသလဲ ဖေးပေးသည်။

ကျုံးစန်းသည် သမားတော်ကြီးကိုလက်ချင်းဆုပ်ကာ ဂါ ရဝပြုလိုက်သည်။

"ကျုပ်ကို ကယ်တင်တာ ကျေးဇူးတင်ပါတယ်ဗျာ"

သမားတော်ကြီးက….

"မလိုပါဘူးဗျာ၊ ခင်ဗျားမိသွားတဲ့အဆိပ်က မပြင်းလှပါဘူး ဗျ"

"သူတို့က ကျုပ်ကိုအဆိပ်အပ်နဲ့ ပစ်သွားတာလား"

"ဟုတ်တယ်"

"တောက်... ရိုင်းလိုက်တဲ့အကောင်တွေ"

ကျူးစန်းက ခါးသီးစွာ ပြောလိုက်သည်။

ကိုယ်ရံတော်ခေါင်းဆောင်မှာ ခေါင်းငုံ့သွားသည်။

ကျူးစန်းက....

"ကျုပ်ကို အဆိပ်အပ်နဲ့ပစ်တာ တခြားသူတွေ မဟုတ်ဘူး၊ ကျုပ်ရဲ့ကိုယ်ရံတော်တွေပဲ"

တကယ်တော့ အံ့သြစရာကြီးလို ဖြစ်နေသည်။ အမှန်တော့ အံ့သြစရာ မရှိလှပါ။ ကျူးစန်း၏ကိုယ်ရံတော်များကြားတွင် ထင်းရှုးဂိုဏ်းသားများ ပါဝင်နေသည်မဟုတ်ပါလား။

ကျူးစန်း၏မျက်မှောင်ကုပ်၍ စဉ်းစားနေသည်။ တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေသည်။ သူသည် ကိုယ်ရံတော်ခေါင်းဆောင်အား လှည့်၍ အမိန့်ပေးလိုက်၏။

"မင်းရဲ့ ကိုယ်ရံတော်တွေကို စစ်ဆေးပြီးပြီလား"

"စစ်ဆေးပြီးပါပြီ သခင်ကြီး၊ တစ်ယောက်မှ ထပ်မတွေ့ရတော့ပါဘူး၊ အရင်ကတွေ့ထားတဲ့လူတွေကတော့ သေသွားပါပြီ၊ ထင်းရှုးဂိုဏ်းသားတွေပါပဲ"

"သေသွားပြီ ဟုတ်လား"

တင်းမိန်က ဝင်ပြောလေတော့၏။

"ကျွန်တော်ရောက်လာတော့ ထင်းရှုးဂိုဏ်းသား အမှတ်အသားပါတဲ့ လူအားလုံးသေဆုံးနေတာ တွေ့ရပါတယ်၊ စုစုပေါင်း သုံးယောက်ပါ"



သိုင်းရာဇာကျူးစန်းက....

"ဒီကောင်တွေကို နှုတ်ပိတ်ပစ်သူရှိရမှာပေါ့၊ ဘယ်သူတွေက နှုတ်ပိတ်ပစ်တာလဲ၊ ထင်းရှုးဂိုဏ်းသားတွေကပဲလား"

တင်းမိန်က....

"သူတို့ဟာ ထင်းရှုးဂိုဏ်းသားမှန်းသိသာမှတော့ နှုတ်ပိတ်ပစ်တာ မဖြစ်နိုင်ဘူး"

ကျူးစန်းက မေးလိုက်၏။

"ဒါဆို ဘယ်သူဖြစ်နိုင်သလဲ"

တင်းမိန်က ပြောလိုက်၏။

"ကျွန်တော်လဲ ဦးကို မေးမလို့စောင့်နေတာပါ"

တင်းမိန်၏စကားအဆုံး၌ ကျူးစန်းက သက်ပြင်းချလိုက်၏။ တင်းမိန်က ဆက်မေးလိုက်၏။

"အဲဒီလူတွေကို ဘယ်သူလုပ်ကြံတယ်ဆိုတာ ဦး မြင်တွေ့နိုင်ပါတယ်၊ ဦး အမှန်အတိုင်း ပြောပြပါ"

ကျူးစန်းက ထပ်မံ သက်ပြင်းချလိုက်၏။

"ကျုပ်ကို အနီးကပ်ကိုယ်ရံတော်က အလစ်ပစ်လိုက်တော့ ကျုပ်လဲ မရှောင်နိုင်တော့ဘူး၊ ဘယ်လိုလုပ် ရှောင်နိုင်မှာလဲ၊ ထင်းရှုးဂိုဏ်းဝင်တွေ ကျုပ် ကိုယ်ရံတော်တပ်ထဲ ဝင်နေမယ်လို့မျှော်လင့်မထားတဲ့ဥစ္စာ၊ အဆိပ်လဲထိရော ကျုပ်မျက်လုံးတွေပြာပြီး သတိလစ်သွားတာပဲ၊ အဖြစ်ကတော့ ဒါပါပဲ"

ကျူးစန်းက ရှင်းပြလိုက်သည်။

တင်းမိန် ခေါင်းကုတ်သွား၏။ သူသည် ထိုစဉ်က လူရိပ်

တစ်ရိပ်ကိုတွေ့ခဲ့သည် မဟုတ်ပါလော။ ထိုလူရိပ်သည် ရန်သူလော မိတ်ဆွေလောဟု ခွဲခြား၍ မသိခဲ့ရပါ။

သို့သော် ကျုံးစန်း၏စကား၌ ထိုလူ့ရိပ်အကြောင်း မပါဝင်ပါ။ သူတွေ့သည်လည်း ဖြစ်နိုင်သည်။ မတွေ့သည်လည်း ဖြစ်နိုင်သည်။

သမားတော်ကြီးက....

"ကျုပ် **တစ်ခုမေးချင်တယ်**"

"မေးပါဗျာ"

ကျုံးစန်းက ဖြေလိုက်၏။

"**အခုကိစ္စဟာ ထင်းရှုဂိုဏ်းရဲ့ လက်ချက်လို့ ခင်ဗျားယုံကြည်တယ် မဟုတ်လား**"

"ယုံကြည်**တယ်**... ဘာကြောင့်လဲဆိုတော့ ကျုပ်ကို လက်နက်ပုန်းနဲ့ပစ်တာ ထင်းရှုဂိုဏ်းသားတွေဖြစ်တယ်ဆိုတာ လက်တွေ့မြင်နေရလို့ပါပဲ"

"အဲဒါ ကျုပ်ပြောချင်တာ ထင်းရှုဂိုဏ်း အမိက လက်စားချေရမယ့်ဂိုဏ်းဟာ သိုင်းရာဇာတွေမဟုတ်ဘူး၊ နဂါးဂိုဏ်းဗျ၊ နဂါးဂိုဏ်းဟာ လျှို့ဝှက်သိပ်သည်းတော့ နဂါးဂိုဏ်းကို ခေတ္တလက်ရှောင်ပြီး သိုင်းရာဇာတွေကို **လက်စား**ချေတာပဲ၊ ဒီလိုမဟုတ်လား"

ကျုံးစန်းက **ခေါင်းညိတ်**လိုက်၏။

"ဟုတ်တယ်... ဒီအတိုင်းပဲ"

"ကဲ... ခင်ဗျားကိုလုပ်ကြံဖို့ အခွင့်အရေးရကြပြီ၊ ခင်ဗျား **တုံးနေ**ရဲ့ လဲသေတဲ့အဆိပ်နဲ့ ပစ်သတ်နိုင်တယ်၊ ဘာကြောင့်မသတ်



**တာလဲ၊ ဒါဟာ** မဆန်းဘူးလား"

**ကျုံးစန်း သက်ပြင်းချ**လိုက်၏။ ထို့နောက် ဆက်ပြော၏။

"**သမားတော်ကြီးပြော**တာ မှန်ပါတယ်၊ သူတို့ ကျုပ်ကိုမသတ်တာ အကြောင်းရှိတယ်၊ သူတို့ဟာ ကျုပ်ကိုအသေထက် အရှင်ဖိုလိုချင်ကြတယ်ဗျ"

တင်းမိန်မှာ ထိုစကားကြောင့် အံ့အားသင့်သွားရ၏။

သမားတော်ကြီးသည် မျက်မှောင်ကုပ်သွားရတော့သည်။

"ဒါဟာ ဘယ်သူမှမသိသေးတဲ့ လျှို့ဝှက်ချက်တစ်ခုကြောင့်ပါပဲ"

တင်းမိန် ဘာမျှနားမလည်ချေ။

လျှို့ဝှက်ချက်....။

မည်သည့်လျှို့ဝှက်ချက် ဖြစ်ပါသနည်း။ ထင်းရှုဂိုဏ်းနှင့် မည်သို့ပတ်သက်ပါသနည်း။ တင်းမိန် ဘာမျှမသိပါ။

သမားတော်ကြီးက....

"ဒီလျှို့ဝှက်ချက်ကို ကျုပ် မသိပါဘူး၊ ဒါပေမယ့် **မရှေးမီကပ်**ဘဲ လူတစ်ယောက်နဲ့တွေ့တော့ အဲဒီလျှို့ဝှက်ချက်ကိုပြောသံကြား**ရတယ်၊** ကျုပ်လဲ အမှတ်မထင် သိခဲ့တာပဲ၊ ဟုတ်လိမ့်မယ်လို့လဲ **မထင်ခဲ့မိ**ဘူး"

သိုင်းရာဇာကျုံးစန်းက....

"ဟုတ်နေလို့ အားလုံးဒုက္ခရောက်ရတာပေါ့ဗျာ"

သမားတော်ကြီးက ပြောလိုက်၏။

"ဒါဆိုရင် တခြားသိုင်းရာဇာနှစ်ယောက်အတွက်လဲ စိုးရိမ်

နေရပြီပေါ့၊ ခင်ဗျားတို့က ဘာသတင်းထပ်ရသေးတာလဲ"

ကျုံးစန်းက....

"ဟိုတလောက သိုင်းရာဇာလူကုန်းကတော့ နဂါးဂိုဏ်းကို ဒီကိစ္စနဲ့ပတ်သက်ပြီး သတင်းပြောတယ်လို့ကြားရတယ်၊ ဒီတော့ ထင်းရှုဂိုဏ်းဟာ ဒီလျှို့ဝှက်ချက်ကိုသိသွားပြီလို့ သူ သိပုံရတယ်၊ ကျန်တဲ့ သိုင်းရာဇာဟို့ရှောင်ကတော့ မပြောတတ်ဘူး"

သမားတော်သိုင်းသမားကြီးမှာ တွေဝေသွား၏။

"ရှောက်ထင်းတောင် လုပ်ကြံခံရတယ်ဆိုတော့ အင်း .. သူတို့ဟာ အတော်ကလေး လက်စောင်းထက်နေတာ" လို့ ပြောရမှာပဲ"

"ဟုတ်တယ်... အတော်ကလေး အစွမ်းထက်နေတယ်၊ ဒါကြောင့်လဲ နဂါးဂိုဏ်းကတော့ ဒီသူငယ်လေးကိုလွှတ်ပေးခဲ့တာပဲဗျ"

သမားတော်ကြီးက....

"ဒါဆိုရင် ကျုပ်တို့ငြိမ်နေဖို့မကောင်းတော့ဘူး၊ သိုင်းရာဇာဟို့ရှောင်ကို စုံစမ်းပြီး အကြောင်းကြားဖို့ကောင်းပြီဗျ"

ကျုံးစန်းက ခေါင်းခါ၏။

"ဟို့ရှောင်က ခေါင်းမာတယ်ဗျ၊ ဒီသတင်းကို ယုံချင်မှယုံမယ်"

သမားတော်ကြီးက သက်ပြင်းချလိုက်၏။ ထို့နောက် ဆက်ပြောသည်။

"ဒီလျှို့ဝှက်ချက်ဆိုတာကိုရော လူလေးသိပြီးပြီလား"

တင်းမိန်က ခေါင်းခါလိုက်၏။



"ကျွန်တော် ဘာမှမသိသေးပါဘူး"

"ပြောရမှာက ရှည်တယ်၊ ဘဘ ပြန်လာမှ ပြောပြမယ်၊ အဲဒီလျှို့ဝှက်ချက်အတွက် ထင်းရှုဂိုဏ်းဟာ ဘာမဆိုလုပ်မှာပဲ၊ အဲဒါကိုသာ လူကလေး သိထားပါ"

"ဟုတ်ကဲ့ ဘဘ"

"အခုဆိုရင် သိုင်းရာဇာဟို့ရှောင်ရဲ့အသက်ဟာ စိုးရိမ်နေရပြီ၊ ဘဘလိုက်သွားပြီး သူ့ကိုသတိပေးမယ်၊ တစ်ခါတည်း ခေါ်လို့ရရင် ခေါ်လာခဲ့မယ်"

ကျုံစန်းက ပြောလိုက်၏။

"ဒီအစီအစဉ်ကောင်းပါတယ်၊ ဟို့ရှောင်ကိုတော့ ခင်ဗျားပဲ ဖျောင်းဖျနိုင်လိမ့်မယ်"

သမားတော်ကြီးက ပြောလိုက်၏။

"လူကလေး ထင်းရှုဂိုဏ်းဟာ ဒီလောက်နဲ့လက်လျှော့မှာမဟုတ်ဘူး၊ လောင်စိမ်းလွှတ်သွားတာလဲ နာတယ်၊ ဒီကောင့်ကို မီရင် ထင်းရှုဂိုဏ်းရဲ့ကိုယ်တစ်ခြမ်း သေသွားတာပဲ"

တင်းမိန်က ပြောလိုက်၏။

"စိတ်ချပြီး ထွက်သွားပါဘဘ၊ ဒီကျောက်ဖြူစံအိမ်လုံခြုံရေးအတွက် ကျွန်တော်အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ပါ့မယ်"

သမားတော်ကြီးက...

"မင်းစကားကြားရတာ အားရတယ်၊ ကျုပ်လဲ ခရီးထွက်မယ်၊ တစ်ခါတည်း တောင်ပင်လယ်ကျွန်းသခင်ဆီပါဝင်ပြီး အကူအညီတောင်းလိုက်မယ်၊ ထင်းရှုဂိုဏ်းကို ဒီတစ်ခါလဲ အပြတ်ချရမယ်"

ကျိုးစန်းက....

"ဟာ... ဟုတ်တယ်၊ ကြည့်စမ်း၊ ကျုပ် သတိမရဘူးရှ
တောင်ပင်လယ်ကျွန်းသခင်ဟာ ဒီကိစ္စကိုသိရင် လာကိုလာရမယ်
မလာဘဲနေမှာ မဟုတ်ဘူး"

"ဟုတ်တယ်... အခုမှ ထင်းရှုဂိုဏ်းဟာ ထွက်ပေါ်လေ
တော့ ဒီသတင်းဟာ တောင်ပင်လယ်ကျွန်းသခင်ဆီ ရောက်မှာ
ဟုတ်သေးဘူး၊ သူသိရင် မနေပါဘူး၊ ပြည်မကို ရောက်လာမှာပဲ"

ထိုစဉ်....

"တောင်ပင်လယ်ကျွန်းဆီသွားဖို့ မလိုတော့ပါဘူး"

ထိုစကားသံကိုကြားလိုက်ရသောအခါ အားလုံးပင် သမ
လည်ပြန် လှည့်ကြည့်ပါကြတော့သည်။

ကျောက်ဖြူစံအိမ်၏ပြတင်းပေါက်ဘောင်ပေါ်၌ လူတစ်
ယောက်ထိုင်နေလေ၏။ ထိုလူ မည်သည့်အချိန်က ထိုင်နေမှန်း မည်
သူမျှ မသိကြပေ။

ထိုလူသည် မီးခိုးရောင်ဝတ်စုံကိုဝတ်ဆင်ထားပြီး ကြီးမား
သောခမောက်ကြီးတစ်လုံးကိုဆောင်းထားသဖြင့် မျက်နှာကို မမြင်ရ
ချေ။ တင်းမိန် ရင်ထိတ်သွားသည်။

---



## အခန်း(၁၅)

## တောင်ပင်လယ်မှအထောက်တော်

ပြတင်းပေါက်ဘောင်တွင် ထိုင်နေသူသည် ပြတင်းဘောင်
မှ လျှောဆင်းလိုက်ပြီး အခန်းတွင်းသို့ဝင်လာခဲ့တော့သည်။ တောင်
ပင်လယ်ကျွန်းကိုလာဖို့မလိုဟု ပြောလိုက်သောအသံမှာ ချိုအေး
ကြည်လင်လှသဖြင့် တင်းမိန်နှင့်အတူ သမားတော်ကြီးမှာ ခမောက်
ဆောင်းထားသူကို စူးစူးစိုက်စိုက်ကြည့်နေကြလေ၏။

တင်းမိန်သည် ဓားလက်ကိုင်ရိုးပေါ် တင်မည်ပြုလုပ်ပြီးမှ
လက်ကိုအောက်သို့ ချလိုက်၏။ သို့သော် သူ့မျက်လုံးများကမူ ထိုသူ
အား မျက်တောင်မခတ် အကဲခတ်ကြည့်မှုနေ၏။

ထိုလူသည် တစ်ခါက ကျိုးစန်းအား လုပ်ကြံသူ လူရိပ်ပင်
ဖြစ်လေသလောဟု တင်းမိန် တွေးနေ၏။

သမားတော်က....

"ဘာကြောင့် ကျုပ်တောင်ပင်လယ်ကိုသွားဖို့ မလိုတော့
တာလဲ၊ ရှင်းရှင်းလင်းလင်း ပြောစမ်းပါဦး"

သူမက....

"ကျွန်မဟာ တောင်ပင်လယ်က လာတဲ့အတွက်ကြောင့်ပါ"

သမားတော်ကြီးမှာ မျက်လုံးပြူးသွား၏။

"တောင်ပင်လယ်က လာတာနဲ့ကျုပ်တောင်ပင်လယ်သွားဖို့ ကိစ္စက ဘာဆိုင်သလဲ၊ မင်း ဘယ်သူလဲ"

သမားတော်ကြီးက မေးလိုက်၏။

ထိုမိန်းကလေးသည် ဆုပ်ထားသောလက်ကို ရှေ့သို့ဆန့်တန်း၍ ထုတ်ပြလိုက်၏။

"ဒီပစ္စည်းကိုတွေ့ရင် ကျွန်မ ဘယ်ကလာတယ်ဆိုတာကို ယုံကြည်ကြမယ် ထင်ပါတယ်"

သူမ လက်ဖဝါးပေါ်တွင် ထပ်ျတော့မည့်နှယ် ရွှေဖြင့်ပြုလုပ်ထားသည့် ခေါင်းရုပ်ကလေးကိုတွေ့ရလေ၏။

သမားတော်သိုင်းရာဇာသည် စေ့စေ့စပ်စပ်ကြည့်နေလေ၏။ နေရောင်ခြည်ကလည်း ပြတင်းပေါက်မှဝင်နေသည်ဖြစ်သော ခေါင်းရုပ်ကလေးသည် တပြောင်ပြောင် တလက်လက်ဖြင့် တောက်ပ၍နေသည်။ လက်ရာမှာ အလွန်ကောင်း၏။ အသက်ဝင်နေသည့် ခေါင်းရုပ်ကလေးအလား ဖြစ်တော့သည်။

သိုင်းရာဇာကျူးစန်းက ပြောလိုက်သည်။

"ဒါဟာ တောင်... တောင်ပင်လယ်က...."

သမားတော်ကြီးက ခေါင်းညိတ်လိုက်သည်။

"ဒါဟာ တောင်ပင်လယ်ကျွန်းသခင်ရဲ့ အမှတ်အသားပဲ"

ကျူးစန်းက....

"ဒါပေမယ့် သူဟာ တောင်ပင်လယ်ကျွန်းသခင် မဟုတ်ဘူး"



မီးခိုးရောင်နှင့်လူသည် ခမောက်ကိုဆွဲဖယ်လိုက်ရာ နက်မှောင်သော ဆံကေသာများသည် ဖွာရရာကျလာလေ၏။ သူမသည် အသက်နှစ်ဆယ်ခန့်သာ ရှိသေးသည်။

သမားတော်ကြီးသည် မိန်းကလေးအား အံ့အားသင့်စွာ ကြည့်နေလေ၏။ သူကဲ့သို့ပင် တင်းမိန်၊ ကျူးစန်းနှင့် ကိုယ်ရံတော်ခေါင်းဆောင်တို့လည်း ကြည့်နေကြသည်။

မိန်းကလေးသည် အလွန်လှပသည်။ ရုတ်တရက် နတ်သမီးလေးတစ်ပါး ကြွရောက်လာသည်လားဟု ထင်မှတ်မှားရသည်အထိ ဖြစ်တော့၏။ အားလုံးပင် မိန်းကလေးကို ငေးကြည့်ကာ ငြိမ်သက်နေကြတော့သည်။

တင်းမိန်သည် ဤမိန်းကလေးကိုသိနေ၏။ သူ့နှလုံးသားထဲတွင် စွဲနေသည့်မိန်းကလေးဖြစ်သည်။ သူ ဒီနေရာသို့မလာမီက တောင်ကုန်းထက်တွင် တွေ့ခဲ့ရသော မိန်းကလေးဖြစ်နေသည်မဟုတ်ပါလား။

ထိုစဉ်က အပြာရောင်ပဝါကလေးပင် သူရရှိလိုက်သေးသည်။ သို့သော် မိန်းကလေးက တင်းမိန်အား တစ်ချက်မျှသာ လှမ်းကြည့်သည်။ တင်းမိန်အား သိကျွမ်းဟန်မပြချေ။ မိန်းကလေး၏အကြည့်သည် အားလုံးအပေါ် တညီတညာတည်း ရှိနေ၏။

မိန်းကလေးက အားလုံးကို ဦးညွတ်ဂါရဝပြုလိုက်၏။

"ကျွန်မဟာ တောင်ပင်လယ်ကျွန်းသခင်ရဲ့သမီးဖြစ်ပါတယ်၊ ကျွန်မအမည်က -ချင်းချင်းပါ"

သူမသည် သူမကိုယ်ကို မိတ်ဆက်လေ၏။

သမားတော်ကြီးက....

"ဖအေတူသမီးပါပဲ၊ သမီးရောက်လာတာကို ဘဘတို့က သတိမထားလိုက်မိဘူး"

"ဩော်... ဘဘတို့က အရေးကြီးတဲ့စကားတွေ ပြောနေလို့ အပြင်ကို သတိလစ်သွားတာပေါ့၊ ဒီအချိန်မှာ သမီးရောက်လာတာပါ"

"ဘဘတို့ဟာ တစ်စုံတစ်ခုကို အာရုံစိုက်ပေမယ့် တခြားနေရာကိုလဲ သတိမလစ်တတ်ပါဘူးကွယ်၊ ခုဟာက သမီးရဲ့ကိုယ်ဖော့ပညာက ကောင်းလှတယ်"

သမားတော်ကြီးက မိန်းကလေး၏နှိမ့်ချတတ်သောသဘောကိုသိပြီး ရယ်မောလိုက်လေ၏။

"အင်း... ထားပါတော့လေ၊ ဒါထက် သမီးရဲ့ဖခင်ကြီးကောနေလို့ကောင်းရဲ့လား။ ကျုပ်တို့ချင်း မတွေ့တာတောင် အတော်ကြာနေပြီ၊ ကြားဆို ထင်းရှုဂိုဏ်းကိုဖြို့ခွဲပြီးကတည်းက ဆိုပါတော့လေ"

"ဟုတ်ကဲ့... ကျန်းကျန်းမာမာရှိပါတယ်၊ အခု ဖေဖေဟာ သိုင်းပညာရပ်တစ်မျိုးကို တီထွင်နေပါတယ်၊ ဒါကြောင့် မလာအားပါဘူးရှင်၊ ဒီအတွက် သမီးကိုလွှတ်လိုက်တာပါ"

သူမသည် ပြောပြောဆိုဆိုပြထားသည့် ခေါင်းရပ်ကလေးအား ပြန်သိမ်းလိုက်သည်။

သိုင်းရာဇာကျုံးစန်းက မေးလိုက်၏။

"မင်းကို ဘာကိစ္စနဲ့ ပြည်မကို လွှတ်လိုက်တာလဲ"



ချင်းချင်းက....

"ထင်းရှုဂိုဏ်း ပြန်ပေါ်နေတာကို ဖေဖေသတင်းရပါတယ်၊ ဘဘ ဟို့ရှောင် ကျဆုံးသွားတာကိုလဲ ဖေဖေသိတာပဲ၊ ဒါကတော့ သမီး သတင်းပို့လိုက်တာပါ"

သမားတော်ကြီး....

"ဟော့... ဒီလိုဆိုရင် သမီးဖေဖေဟာ ဒီသတင်းတွေကို မပြတ်မလတ် ရနေတာပေါ့"

ချင်းချင်းက ခေါင်းညိတ်၏။

"သူ့အဆက်အသွယ်နဲ့သူ သိနေတာပါပဲ၊ သမီးလဲ ဘဘဟို့ရှောင်ကိုသတိပေးဖို့ အရင်ဦးဆုံးသွားပါတယ်၊ ဟိုကျတော့ မမီတော့ပါဘူး၊ ဘဘဟို့ရှောင် ကျဆုံးနေပါပြီ၊ သမီးလဲ လူသတ်သမားကို လိုက်လံစုံစမ်းရင်း အခုလို တောင်ပိုင်းကိုရောက်လာတာပဲ"

သိုင်းရာဇာကျုံးစန်းက သက်ပြင်းချလိုက်၏။

"သွားပြီ... သူတို့လက်ထဲကိုပစ္စည်းနှစ်ခု ရောက်သွားပြီ... တကယ့် အန္တရာယ်ပါပဲလား"

**ကျုံးစန်းက** ညည်းညူလိုက်သည်။

**တင်းမိန်** မနေနိုင်တော့ပါ။ သူတို့ပြောနေသည့်လျှို့ဝှက်ချက်ကို သိချင်လာသည်။

"ကျွန်တော် ပြောပါရစေ၊ ဘဘက ဘဘဟို့ရှောင်ဆီသွားပြီးမှ လျှို့ဝှက်ချက်ကိုပြောပြမယ်လို့ ဆိုပါတယ်၊ အခု ဘဘဟို့ရှောင်လဲ သေဆုံးသွားပါပြီ၊ တောင်ပင်လယ်ကျွန်းကို သွားဖို့မလိုတော့ပါဘူး။ အခု ပြောပြပါတော့"

တင်းမိန်က သမားတော်ကြီးအား ပြောလိုက်လေ၏။ သမားတော်ကြီးက သိုင်းရာဇာကျုံးစန်းကို လှမ်းကြည့်လိုက်ပြီး....

"ကဲ... ခင်ဗျားရဲ့လျှို့ဝှက်ချက်ကို ခင်ဗျားပဲ ထုတ်ပြောလိုက်ပါတော့ဗျာ"

သိုင်းရာဇာကျုံးစန်းက....

"စိတ်ချပါ... ကျုပ်အားလုံး ရှင်းပြပါ့မယ်၊ ဒါပေမယ့် ဒီမှာက လုံခြုံမှာမဟုတ်ဘူး၊ ကျုပ်ရဲလုံခြုံတဲ့အိမ်ကို ပြောင်းရွှေ့ပြီးမှပြောကြတာပေါ့၊ ကဲ... အားလုံးအနားယူကြပါဦး"

သူသည် တစ်ဆက်တည်း ကိုယ်ရံတော်ခေါင်းဆောင်ဘက်သို့ လှည့်ကြည့်ပြီး....

"ဟေ့... ကျုပ်အတွက် နယ်စားကြီးဆီက စစ်သည်ရဲမက်တွေ တောင်းလိုက်ပါ၊ နောက်ပြီး ခရီးထွက်ဖို့ စီစဉ်လိုက်တော့"

ကျုံးစန်းက အမိန့်ပေးလိုက်သည်။ ကိုယ်ရံတော်ခေါင်းဆောင်သည် အမိန့်ကိုဆောင်ရွက်ရန် ချက်ချင်း ထွက်ခွာသွားလေ၏။

ကျုံးစန်းလည်း ပင်ပန်းသွားဟန်ဖြင့် ခုတင်ပေါ် ပြန်လည်လဲလျောင်းချလိုက်တော့သည်။

တင်းမိန်၊ သမားတော်ကြီးနှင့် ချင်းချင်းတို့သည် အလိုက်သိစွာ အပြင်သို့ထွက်ခွာလာကြလေ၏။

တင်းမိန်သည် ချင်းချင်းကိုခိုး၍ ခိုး၍ ကြည့်၏။ ချင်းချင်းမှာ သမားတော်ကြီးနှင့် စကားလက်ဆုံကျနေ၏။ သမားတော်ကြီးက ချင်းချင်း၏ကိုယ်ဖော့ပညာကို ချီးကျူးနေ၏။ တင်းမိန်သည် သူတို့လိုဏ်ခေါင်းထဲ ဝိတ်မိနေစဉ် ကူညီသူမှာ ချင်းချင်းပင် ဖြစ်မည်ဟု



ထင်မိလေ၏။

တင်းမိန်က ချင်းချင်းအား လှမ်းမေးလိုက်သည်။

"ဒီမှာ ကျုပ် တစ်ခုလောက် မေးပါရစေ"

"မေးချင်တာ မေးပါ"

ချင်းချင်းက ပြောလိုက်၏။ သူမ၏ပြောပုံမှာ ရိုးရိုးသားသားပင်။ တင်းမိန်သည် မေးမည်ဟုဆိုပြီး ချင်းချင်းကို ငေးကြည့်နေသဖြင့် ချင်းချင်းမှာ ရှက်သွားသည်။ မျက်နှာတစ်ခုလုံး နီရဲပြီး ခေါင်းငုံ့သွားသည်။

သမားတော်ကြီးမှာ လူငယ်နှစ်ဦး၏အဖြစ်ကိုကြည့်ကာ ရယ်ချင်လာလေ၏။ တင်းမိန်က ဣန္ဒြေပြန်ဆယ်လိုက်ရသည်။

"ဒီလိုပါ သိုင်းရာဇာကျုံးစန်းကိုလုပ်ကြံတဲ့ ထင်းရှုဂိုဏ်းက လူတွေကို သုတ်သင်ခဲ့တာဟာ ခင်ဗျားပဲလား"

သမားတော်ကြီးကလည်း ဝင်ပြောသည်။

"အေး... ဟုတ်တယ်၊ သမီးပဲ ထင်တယ်၊ ဟုတ်ရဲ့လား သမီး"

ချင်းချင်းက အံ့အားသင့်သွားဟန်ဖြင့် ခေါင်းခါလိုက်၏။

"မဟုတ်ပါဘူး ဘဘ၊ သမီး ဒီနေ့မှ ကျောက်ဖြူစံအိမ်ကို ရောက်လာတာပါ"

တင်းမိန်မှာ မမေးနိုင်အောင် ဖြစ်သွားသည်။

သမားတော်ကြီးက....

"ဒါဆိုရင် ဘဘတို့ကို တောင်ကုန်းထိပ်က လိုဏ်ဂူထဲမှာ ဝိတ်မိနေတုန်းက တံခါးကိုဖွင့်ပြီးကူညီခဲ့တာလဲ သမီးမဟုတ်ဘူးပေါ့"

ချင်းချင်းက....

"ဟုတ်ကဲ့ သမီး ဒီတောင်ပိုင်းကိုရောက်နေတာ (၅)ရက်ရှိပါပြီ၊ ဒါပေမယ့် ဘာဘတို့ပြောကဲ့ကိစ္စတွေကို သမီး လုံးဝမသိပါဘူး"

တင်းမိန်မှာ တွေဝေနေသည်။ ချင်းချင်း၏မျက်နှာမှာ ပကတိရိုးသားနေသည်။

တင်းမိန်က....

"ခင်ဗျားကို နောက်ဆုံးတစ်ခုပဲ မေးပါရစေ"

ချင်းချင်းက ခေါင်းညိတ်လိုက်၏။

တင်းမိန်က....

"ကျုပ်နဲ့ တစ်ကြိမ် တွေ့ဖူးတယ်မဟုတ်လား"

ချင်းချင်း၏မျက်ခုံးများ မြင့်တက်သွား၏။ ထို့နောက် ဦးခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်၏။

"ကျွန်မ ရှင့်ကို တစ်ခါမှ မတွေ့ဖူးပါဘူး"

တင်းမိန် မကျေမနပ်ဖြစ်သွား၏။

ချင်းချင်းက....

"သေချာပါတယ်... ရှင့်ရုပ်ရည်ဟာ တစ်ခါမြင်ဖူးရင် မေ့သွားမယ့်ရုပ်ရည်မျိုးမှ မဟုတ်တာ"

တင်းမိန် သက်ပြင်းချလိုက်၏။

"ခက်တာက ခင်ဗျားကို ကျုပ်တစ်ကြိမ် မြင်ဖူးတယ်ဆိုတာ သေချာပါတယ်"

ချင်းချင်းက ပြုံးလိုက်သည်။

"ရှင်လူမှားလို့ ဖြစ်ပါလိမ့်မယ်"



"ကျုပ် ဘယ်နည်းနဲ့မှ လူမမှားနိုင်ဘူး"

တင်းမိန်က ဖြစ်ပျက်ခဲ့သည်များကို ပြန်လည်ပြောပြလိုက်၏။ ချင်းချင်းက သက်ပြင်းချပြီး ပြောသည်။

"ထူးဆန်းတာပဲ"

တင်းမိန် မျက်မှောင်ကုပ်သွား၏။

"ခင်ဗျား ငြင်းမလို့လား"

ချင်းချင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... တောင်ပိုင်းနယ်ထဲ ကျွန်မရောက်နေတာ ငါးရက်ပေမယ့် အဲဒီနေရာကို ကျွန်မတစ်ခါမှ မရောက်ဖူးဘူး"

ချင်းချင်းက ဆက်ပြောလိုက်၏။

"ရှင်တွေ့တာ သေချာပါတယ်နော်၊ ပြီးတော့ ရှင့်မျက်လုံးမမှားတာလဲ သေချာပါတယ်နော်"

တင်းမိန်မှာ ပို၍ မကျေမနပ်ဖြစ်သွား၏။ တင်းမိန်က ချင်းချင်းကိုပြန်၍ စူးစိုက်ကြည့်သည်။ ချင်းချင်းက လုံးဝအမူအရာမပျက်ချေ။ ထိုမိန်းကလေး၏မျက်နှာကို တင်းမိန် အမှတ်ရနေပါသည်။ ချင်းချင်းမှ ချင်းချင်းပင် ဖြစ်ပါသည်။

ချင်းချင်း ငြိမ်နေသည်ကိုတွေ့နေသောအခါ သူ ဘာမျှဆက်မပြောတော့ပါ။ တစ်စုံတစ်ခုသော အကြောင်းကြောင့် ချင်းချင်း ငြင်းပယ်နေသည်ဟု မှတ်ယူလိုက်ပါသည်။ တစ်နေ့တွင် အမှန်တရားပေါ်လာလိမ့်မည်ဟုသာ သူယူဆပါသည်။

## အခန်း(၁၆)

## နဂါးညီနောင်

နေရောင်ခြည်များ တောက်ပနေသည်။ ထင်းရှူးတောင်ကြားထဲမှ နေရောင်ခြည်များ ဝင်လာပုံမှာ အလွန်လှပပါသည်။ နေရောင်ခြည်များကို အတန်းလိုက်မြင်နေရပါသည်။ ကျောက်ဖြူစံအိမ်ရှေ့တွင် နေရောင်ခြည်များ စုရုံးကျရောက်နေပုံမှာ ပန်းချီကားပမာ လှပနေပါတော့သည်။

မကြာမီ မြင်းခွာသံများ ကြားရလေတော့၏။ တင်းမိန်သည် ဆတ်ခနဲ ခေါင်းထောင်လိုက်မိသည်။

ကိုယ်ရံတော်ခေါင်းဆောင်က....

"နယ်စားကြီးဆီက စစ်သည်ရဲမက်တော်တွေ ရောက်နေတာဖြစ်ပါတယ်"

သမားတော်ကြီးက တင်းမိန်အား တစ်ချက်ကြည့်လိုက်ပြီး....

"သတိရှိတာ ပိုကောင်းပါတယ်၊ လူကလေး သွားပြီး စစ်ဆေးလိုက်ပါဦး၊ သတိဆိုတာ လိုတယ်ဆိုတာပဲ ရှိတယ်၊ ပိုတယ်ဆို



တာ မရှိဘူး"

တင်းမိန်သည် နေရာမှထလိုက်သည်။

ထိုအခါ ချင်းချင်းကလည်း ထသည်။

"ကျွန်မလည်း လိုက်မယ်"

သမားတော်ကြီးက ပြောလိုက်သည်။

"ကောင်းတယ်... လိုက်သွား သမီး" .

တင်းမိန်နှင့်ချင်းချင်းတို့သည် စံအိမ်တော်အပြင်သို့ထွက်ခွာသွားကြလေ၏။

စံအိမ်အပြင်တွင် အလွန်ပင် ခန့်ညားသပ်ရပ်လှသော မြင်းရထားတစ်စီးရပ်ထားကြောင်း တွေ့ရလေ၏။ မြင်းရထားပတ်ဝန်းကျင်၌ မြင်းသည်တော်ဆယ့်နှစ်ယောက်ကိုလည်း တွေ့ရသည်။

တင်းမိန်သည် မြင်းသည်တော်တစ်ယောက်ချင်းအား လိုက်လံအကဲခတ်ကြည့်၏။ မြင်းသည်တော်များသည် အလွန်ပင် သန့်ရှင်းခန့်ညားလှသည်။

တင်းမိန်၏အကြည့်သည် အစွန်ဆုံးမှမြင်းသည်တော်တစ်ဦးထံသို့ ကျရောက်သွားလေ၏။ တင်းမိန်၏မျက်လုံးများသည် တောက်ပသွားသည်။ အစွန်ဆုံးမှ မြင်းသည်တော်အား အသေအချာကြည့်လေတော့၏။

မြည်းသည်တော်သည် တင်းမိန် ဂရုစိုက်နေသည်ကိုမြင်သောအခါ မျက်နှာပျက်သွားသည်။

တင်းမိန်က....

"ဩော်... ခင်ဗျားလဲ ဒီရောက်နေတာကိုး"

ထို့နောက် တင်းမိန်သည် မြင်းသည်တော်ထံသို့လျှောက်သွားလေ၏။ မြင်းသည်တော်၏မျက်နှာ၌ ထိတ်လန့်မှုဖြစ်ပေါ်လာသည်။ တင်းမိန်ပင် အနားသို့မရောက်သေးပေ။ ထိုမြင်းသည်တော်သည် ချာခနဲလှည့်ကာ မြင်းကိုဒုန်းစိုင်းပြေးတော့၏။

တင်းမိန်မှာ အံ့အားသင့်သွားတော့သည်။

"ဟေ့... နေဦး"

တင်းမိန်က ဟန့်တားလိုက်၏။ **သို့သော် ဟန့်တား၍မရ**တော့ပေ။ မြင်းသည်တော်သည် မြင်းကိုဒုန်း**စီးပြေးသွားသည်။** တင်းမိန်သည် အနီးရှိမြင်းတစ်စီးပေါ်သို့လွှားခနဲခုန်**တက်ပြီး** ထွက်ပြေးသွားသော မြင်းသည်တော်နောက်သို့ လိုက်လေတော့၏။ တင်းမိန်သည် မြင်းကို အပြင်းစီးနင်းသည်။ ရှေ့မှမြင်းကို အမီလိုက်နိုင်ရန် ဤသို့အပြင်းစီးနင်းမှသာ ဖြစ်ပေလိမ့်မည်။

ထိုအခိုက် ရှေ့မှထွက်ပြေးသွားသူလည်း နောက်သို့လှည့်**ကြည့်လေ၏။** နောက်မှ မြင်းနှင့်အပြင်းလိုက်လာသည်ကို တွေ့**သောအခါ** သူကလည်း မြင်းကို အသဲကုန်စီးတော့သည်။

တင်းမိန်နောက်မှ ချင်းချင်းနှင့် သမားတော်ကြီးတို့လည်း လိုက်ကြသည်။ တင်းမိန်သည် မြင်းအဆက်မပြတ်စေရန် ဖနောင့်ဖြင့် ဆက်တိုက်တို့နေ၏။ မြင်းသည် မြားတစ်စင်းနှယ် ပြေးနေတော့သည်။

မြင်းသည် ပြေးရင်း တောအုပ်တစ်ခုအနီးသို့ချဉ်းကပ်လာသည်။ မြင်းတစ်စီးနှင့်တစ်စီးသည် ဝါးတစ်ရိုက်ခန့်မျှပင် မကွာတော့ပေ။ ထိုအခိုက် ရှေ့မှမြင်းသည်တော်သည် မြင်းကိုရပ်တန့်လိုက်ပြီး



လွှားခနဲ ခုန်ဆင်းလိုက်**၏။ လင်းခနဲ တစ်ချက်**ဖြစ်သွားပြီး ဓားတစ်ချောင်းသည် သူ့လက်ထဲသို့**ရောက်ရှိလာလေတော့၏။**

ထိုသူသည် အလွန်လျင်မြန်စွာ တင်း**မိန်အား ဆီး**ကြိုတိုက်ခိုက်တော့သည်။ တင်းမိန်ကလည်း ထိုလူ၏ဓားချက်ကို ပေါ့ပါးစွာ ရှောင်တိမ်းပြီး မြင်းပေါ်မှခုန်ဆင်းလိုက်သည်။

တင်းမိန်နှင့် မြင်းသည်တော်သည် မြေပြင်ပေါ်၌ အပြင်းအထန် တိုက်ခိုက်ကြတော့၏။

မြင်းသည်တော်က ဓားချက်သုံးချက် ထုတ်လိုက်သည်။ သူ၏ဓားချက်သည် နဂါးတစ်ကောင်နှယ် တင်းမိန်ရှိရာသို့တိုးဝင်သွား၏။ တင်းမိန်သည် ဓားကွက်များကို ကြိုသိနေသည့်အလား ကပ်၍ရှောင်တိမ်းလိုက်၏။

တင်းမိန်က.... ,

"အရမ်းမတိုက်ပါနဲ့ဗျာ"

ထိုအခါ မြင်းသည်တော်သည် **တင်းမိန်အား** သတိပြုမိသွားပြီး ဓားကိုရုပ်သိမ်းလိုက်၏။

"ဟင်... မင်းကိုး"

တင်းမိန်က ခေါင်းညိတ်လိုက်၏။

"ဘုရားကျောင်းပျက်မှာ ခင်ဗျား ဘယ်လိုပျောက်သွားတာလဲဗျ"

ထိုအခိုက်မှာပင် ချင်းချင်းလည်း ရောက်ရှိလာ၏။ သူမသည် မြင်းပေါ်မှခုန်ဆင်းပြီး တင်းမိန်ဘေးနား၌ပင် ဝင်ရပ်လိုက်လေ၏။ မြင်းသည်တော်က ပြုံးလိုက်သည်။

"မင်း မှားနေပြီ"

"ဘာမှားလို့လဲ"

"ဘုရားကျောင်းပျက်ထဲကိုကယ်ခဲ့တာ ငါ မဟုတ်ဘူးကွ"

သူသည် ပြောရင်းဆိုရင်း အပေါ်ဝတ်စုံကိုချွတ်လိုက်၏။ အပြာရောင်ဝတ်စုံသည် ထွက်ပေါ်လာ၏။တင်းမိန်က ပြောလိုက်သည်။

"ကျုပ် လူတစ်ယောက်ကိုမြင်မိရင် ဘယ်တော့မှမမှားတတ်ဘူးဗျ"

သစ်ပင်များအကြားမှ အသံတစ်သံထွက်ပေါ်လာသည်။

"သေချာရဲ့လား"

အသံနှင့်အတူ လူတစ်ယောက်သည် သစ်ပင်ပေါ်မှခုန်ဆင်းလာလေ၏။ ထိုလူသည်လည်း အပြာရောင်ဝတ်စုံကိုဝတ်ဆင်ထား၏။ တင်းမိန် အံ့အားသင့်ရလေပြီ။ ချင်းချင်းလည်း အံ့အားသင့်သွားရသည်။ မြင်းသည်တော်နှင့် သစ်ပင်ပေါ်မှ ခုန်ဆင်းလာသူတို့သည် ယှဉ်၍ ရပ်လိုက်၏။

ထိုသူနှစ်ဦး၏အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ပေါက်၊ မျက်ခုံး၊ မျက်လုံး၊ မျက်နှာအသွင်အပြင်တို့သည် လုံးဝတူညီနေ၏။ အမြွှာညီနောင်ဖြစ်ကြောင်း သံသယရှိရန် မလိုတော့ပေ။

ထိုလူနှစ်ဦးသည် တင်းမိန် ဟိုကြည့်ဒီကြည့်ဖြစ်နေပုံကိုသဘောကျစွာ ရယ်တော့လေ၏။

"ဟား... ဟား... ဟား... မင်း ဘုရားကျောင်းပျက်မှာတွေ့ခဲ့တာ ဘယ်သူလဲ၊ မင်းဟာ လူတစ်ယောက်ကိုတစ်ကြိမ်မြင်တာနဲ့ သိတယ်ဆို၊ ငါတို့ကို ခွဲခြားပြပါဦး"



တင်းမိန် ခေါင်းကုတ်သွားသည်။ ထိုစဉ်...

"လက်စသတ်တော့ မြောက်ပိုင်းနဂါးညီနောင်ကိုး"

သမားတော်ကြီးက တင်းမိန်တို့နောက်သို့ မြင်းစီးရောက်လာပြီး ပြောလိုက်သည်။ ထိုလူနှစ်ယောက်က သမားတော်သိုင်းသမားအား ဦးညွှတ်ဂါရဝပြုလိုက်၏။

ထိုသူနှစ်ဦးသည် မြောက်ပိုင်းနဂါးဂိုဏ်းခွဲမှ ဖြစ်သည်။ အပြာရောင်နဂါး၏လက်ရုံးများလည်း ဖြစ်ကြ၏။

တင်းမိန်သည် အပြာရောင်နဂါးထံ၌ နှစ်နှစ်တာမျှ ပညာသင်ကြားခဲ့ဖူးသည်။ သို့သော် နဂါးညီနောင်ကို မတွေ့ရချေ။ အဘယ့်ကြောင့်ဆိုသော် တင်းမိန် ပညာသင်ကြားရသည်မှာ လျှို့ဝှက်စွာ ပညာသင်ကြားရသောကြောင့်တည်း။

ထို့ကြောင့် မြောက်ပိုင်းနဂါးဂိုဏ်းခွဲမှ မည်သူနှင့်မျှ တွေ့ဆုံခွင့်မရခဲ့ချေ။

သမားတော်ကြီးက....

"တော်ပါသေးရဲ့... ကျုပ်က ရန်သူများလားလို့၊ အခု မင်းတို့ရောက်တော့ ကျုပ်တို့ ပိုအင်အားတောင့်သွားတာပေါ့၊ ကဲ... ကဲ... သွားကြရအောင်၊ သိုင်းရာဇာကျုံးစန်းလဲ ခရီးထွက်ဖို့အဆင်သင့်ဖြစ်နေပြီ"

တင်းမိန်တို့သည် ချက်ချင်းပင် မြင်းပေါ်သို့ပြန်တက်လိုက်၏။ နဂါးညီနောင်လည်း မြင်းတစ်စီးတည်းကို နှစ်ယောက်တက်စီးလျက် တင်းမိန်တို့သမားတော်ကြီးတို့ နောက်သို့လိုက်လေတော့၏။

သူတို့သည် သိုင်းရာဇာကျုံးစန်း၏ကျောက်ဖြူစံအိမ်သို့

"ကျွန်မ အစီအစဉ်ကို ပြောပြမယ်"

ရှောင်ဝမ်းဝမ်းသည် သူမ၏အစီအစဉ်များကို ပြောပြလေတော့၏။



## အခန်း(၁၇)

## ထင်းရှူးကိုက်သားများ၏ရန်ကြေး

ဤနေရာသည် သစ်ပင်ပန်းမာလာများ ထူထပ်စွာပေါက်ရောက်နေသည့် နေရာဖြစ်၍နေ၏။ အပူရှိန်ကို မခံစားကြရပါ။ နေမည်မျှ ပူပြင်းပါစေ။ ချမ်းအေးနေသည်သည် ဖြစ်ပါ၏။

သစ်ပင်ပန်းမာလာတို့တွင် ပန်းလိပ်ပြာများကလည်း ပျံဝဲနေကြပါသည်။

လေပြည်လေညင်းတို့တိုက်ခတ်သွားသောအခါ ပန်းရနံ့များ ကြိုင်လှိုင်သွားသည်။ ဤသင်းပျံ့မွှေးကြိုင်နေသောနေရာကား ဥယျာဉ်ကြီးတစ်ခုပင်ဖြစ်ပါသည်။ ထိုဥယျာဉ်ကား ဥယျာဉ် မည်ကာမတ္တ မဟုတ်ချေ။ ကျောက်ဆစ်ရုပ်တုများ မြောက်မြားစွာရှိသော ဥယျာဉ်ကြီးဖြစ်ပါသည်။ ကျောက်ဆစ်ရုပ်ထုများသည်လည်း အသက်ဝင်သကဲ့သို့ရှိနေ ပါသည်။ တောတွင်းတိရစ္ဆာန်များ၏ပုံများကိုလည်း မူလအရွယ်အစားအတိုင်း ထုလုပ်ထားပါသည်။

ထို့ပြင် အထူးတည်ရှိသော ရုပ်တုများမှာသိုင်းသမားများ၏ ရုပ်တုများဖြစ်ပါသည်။ ဤဥယျာဉ်အတွင်း၌ ရုပ်တုပေါင်း တစ်

ထောင်တိတိ ရှိလေသည်။

ထိုဥယျာဉ်မှာ အလွန်ကျော်ကြားသောဥယျာဉ်ကြီးဖြစ်၏။ ထိုဥယျာဉ်ပိုင်ရှင်မှာအခြားသူ မဟုတ်ပါ။ တောင်ပိုင်းသိုင်းရာဇာကျူးစန်းပင် ဖြစ်သည်။

သိုင်းလောကသားများသည် ထိုဥယျာဉ်အတွင်းဝင်ရောက်လည်ပတ်ခွင့်ရခြင်းကို အလွန်ပင်ဂုဏ်ယူကြပါသည်။ သိုင်းရာဇာကျူးစန်းက သိုင်းသမားများအား ဝင်ရောက်လည်ပတ်ခွင့်ပြုပါသည်။ တစ်နှစ်တွင် တစ်ရက်တည်းသာ ဝင်ရောက်လည်ပတ်ခွင့်ပြုပါသည်။

တင်းမိန်နှင့် ချင်းချင်းတို့သည်လည်း ထိုဥယျာဉ်၏ကျော်ကြားမှုကို ကြားဖူးနားဝရှိခဲ့၏။ ထို့ကြောင့်သိုင်းရာဇာကျူးစန်းထံ ခွင့်ပန်လျက် ထိုဥယျာဉ်အတွင်း လှည့်ပတ်ကြည့်ရှုကြသည်။

ဥယျာဉ်ကြီးမှာ ကြီးကျယ်လှသဖြင့် တစ်နေ့တည်းနှင့် ဥယျာဉ်အတွင်း နှံ့အောင် မကြည့်နိုင်ချေ။ ထို့ကြောင့် နေ့တိုင်းပင်တင်းမိန်နှင့် ချင်းချင်းတို့ဥယျာဉ်အတွင်း ဝင်ကြည့်ကြရ၏။ စုစုပေါင်း ငါးရက်ခန့်ပင် ရှိကြလေပြီ။

ထိုအတောအတွင်း တင်းမိန်နှင့်ချင်းချင်းတို့မှာ လွန်စွာ ရင်းနှီးလာခဲ့ကြသည်။

ယနေ့တွင်လည်း ဥယျာဉ်တွင်းရှိ ရေကန်စပ်ဝယ် သူတို့နှစ်ဦးရပ်နေကြပါသည်။ သဘာဝအလှအပများက သူတို့အားညို့ယူဖမ်းစားနေပါသည်။ တင်းမိန်မှာ ရေကန်အား ကြည့်ရင်းမှ ချင်းချင်းဘက်သို့လှည့်လိုက်၏။ ချင်းချင်းနှင့် အကြည့်ချင်းဆုံမိသွားသည်။ နှစ်ဦးသားလုံး၏ရင်ထဲမှာ လှိုက်ဖိုသွားကြသည်။



ထိုအကြည့်ကိုလွှဲပစ်ရန် မကြိုးစားမိကြပါ။ နှစ်ဦးသား၏မျက်လုံးများတွင် ချစ်ရည်များ လွှမ်းနေပါသည်။ အတန်ကြာသော် ချင်းချင်းက ခေါင်းငုံ့သွားလေ၏။

တင်းမိန်က ချင်းချင်း၏လက်ဝါးကလေးကို အသာဆုပ်ကိုင်လိုက်၏။ ချင်းချင်းမှာ ဆတ်ခနဲ တုန်သွား၏။ သို့သော် မရုန်းချေ။

တင်းမိန်က....

"ကျူပ်... ကျူပ်"

သူသည် ဆက်ပြောရမည့်စကားကို မထွက်နိုင်အောင်ဖြစ်နေသည်။ ချင်းချင်းမျက်နှာပေါ်တွင် အပြုံးရိပ်ကလေးတစ်ခု ပေါ်လာ၏။

"ရှင် ဘာပြောမလို့လဲ"

တင်းမိန်သည် တံတွေးကို တစ်ချက်မျိုလိုက်ပြီး...

"ကျူပ်... ကျူပ်... စကားတစ်ခွန်း ပြောပါရစေ"

ချင်းချင်း ရင်ခုန်လာ၏။

ချင်းချင်းသည် တင်းမိန်ကိုမျက်လုံးတစ်ချက် လှန်ကြည့်ရင်း....

"ပြောပါလား"

တင်းမိန်မှာ ချင်းချင်း၏မျက်လုံးရွှဲကြီးနှင့်တွေ့ဆုံလိုက်ရသောအခါ ရင်ထဲ၌ ကတုန်ကယင်ကြီးဖြစ်သွားလေ၏။

"မင်း... မင်း... စိတ်မဆိုးပါနဲ့နော်"

ချင်းချင်းမှာ ခေါင်းငုံ့သွား၏။

တင်းမိန်က ချင်းချင်း၏လက်ကလေးအား ရင်ခွင်ထဲသို့ဆွဲ

ယူလိုက်၏။

"ကျုပ်... မင်းနဲ့ တစ်သက်လုံး လက်တွဲသွားရစေ"

တင်းမိန်သည် အရဲစွန့်ပြီး ပြောချလိုက်၏။ ချင်းချင်းမျက်နှာကလေးမှာ ပန်းသွေးရောင်လွှမ်းသွားသည်။ ချင်းချင်း ရှက်သွားသည်။

"ကျုပ်... ကျုပ်ကို စိတ်မဆိုးပါဘူးနော်"

ချင်းချင်းက ခေါင်းညိတ်၏။

တင်းမိန်မှာ ရဲဆေးတင်ပေးလိုက်သကဲ့သို့ ဖြစ်သွားသည်။

"ဒါဆို ကျုပ်ကိုမေတ္တာရှိတာနေပ့ါနော်"

"အို... ဘာမှန်းလဲ မသိဘူး"

ချင်းချင်းမှာ ရှက်လာလေ၏။ တင်းမိန်၏လက်တွင်းမှ သူမ၏လက်ကိုဆွဲယူကာ ချာခနဲ ပြေးထွက်သွားတော့၏။

တင်းမိန်၏မျက်နှာမှာ ပြုံးသွား၏။ ချင်းချင်း၏အမူအရာသည် သူ့အပေါ် မေတ္တာရှိသည့်အမူအရာပင် မဟုတ်ပါလား။ ချက်ချင်းပင် ချင်းချင်းနောက်သို့ ပြေးလိုက်သွားလေတော့၏။

ချင်းချင်းမှာ ရင်လှိုက်ဖိုနေသည်။ သူမသည် တင်းမိန်၏မေတ္တာစကားကို ကြားချင်မိ၏။ တကယ်ကြားလိုက်ရသောအခါ စိတ်တွင် ကြည်နူးမိသည်။ ထိုကြည်နူးစိတ်နှင့်တစ်ပြိုင်တည်း ရှက်စိတ်လည်း ဝင်လာသည်။ တင်းမိန်၏မျက်နှာကိုပင် မကြည့်ဝံ့တော့ပါ။ ထို့ကြောင့် နေရာမှထပြေးလာမိတော့သည်။

သူမ နောက်သို့လှည့်ကြည့်လိုက်ရာ တင်းမိန်က နောက်မှ ပြေးလိုက်လာသည်ကို တွေ့လိုက်ရသည်။ ချင်းချင်း ပြုံးလိုက်၏။



တင်းမိန်အား ပုန်းရန် စဉ်းစားလိုက်သည်။ ချက်ချင်းပင် ရုပ်ထုကြီးတစ်ခုနောက်သို့ ဝင်ရောက်ပုန်းကွယ်လိုက်တော့သည်။

"အောင်မယ်လေး"

ချင်းချင်း အထိတ်တလန့်အော်လိုက်သည်။ အဘယ့်ကြောင့်ဆိုသော် သူမ ပုန်းကွယ်လိုက်သောရုပ်တုသည် ရုတ်တရက် လှုပ်ရှားလာသောကြောင့်ဖြစ်ပါသည်။

တင်းမိန်မှာ ချင်းချင်း၏အော်သံကြောင့် အပြေးအလွှားရောက်ရှိလာသည်။ ချင်းချင်းအနီးသို့ လျင်မြန်စွာ ရောက်ရှိသွားပြီး မေးမလိုက်သည်။

"ညီမ ဘာဖြစ်လို့လဲ၊ ဘာကိုတွေ့လို့လဲ"

ချင်းချင်းသည် ပြန်မဖြေဘဲ ရုပ်တုများဆီကိုသာ ကြည့်နေပါသည်။ တင်းမိန်သည် ရုပ်တုများဆီသို့ လှမ်းကြည့်လိုက်ပါသည်။ ထိုအခါ ရုပ်ထုသည် တဖြည်းဖြည်း လှုပ်ရှားလာသည်ကို တွေ့လိုက်ရလေ၏။

ရုပ်တုနှစ်ခုစလုံး လှုပ်ရှားလာပါသည်။

တင်းမိန်သည် ချင်းချင်းအား အကာအကွယ်ပြုရန်အတွက် ခါးကြားမှ ဓားကိုဆွဲထုတ်လိုက်သည်။

ထိုအခါ ရုပ်တုများဆီမှ ရယ်မောသံများထွက်ပေါ်လာတော့သည်။

"ဟား... ဟား... ဟား"

တင်းမိန်မှာ ရုပ်တုများဆီမှ ရယ်သံထွက်ပေါ်လာသောအခါ ထိတ်လန့်သွားတော့၏။

ရုပ်တုတစ်ခုက....

"မင်း တကယ်ပဲ တိုက်ခိုက်တော့မှာလား"

တင်းမိန်သည် စားကိုခါးစည်းကြိုးထဲသို့ပြန်ထည့်လိုက်တော့၏။ အဘယ့်ကြောင့်ဆိုသော် ထိုအသံကို သူ သိနေသောကြောင့်တည်း။ ရုပ်တုကြီးများသည် အပေါ်မှအဝတ်များကို ခွာချပစ်လိုက်၏။ ထိုအခါ အပြာရောင်ဝတ်စုံဝတ် လူနှစ်ဦးထွက်ပေါ်လာတော့သည်။ ထိုလူနှစ်ဦး၏မျက်နှာမှာ စပ်ဖြီးဖြီးဖြစ်နေသည်။ ချင်းချင်းက နှုတ်ခမ်းစူပြီး....

"ရှင်တို့ မကောင်းဘူး၊ ကျွန်မဖြင့် လန့်သွားတာပဲ"

နဂါးညီနောင်က သဘောကျစွာ ရယ်မောလိုက်သည်။ သူတို့ခြောက်လှန့်သည့်အလုပ်ကို သူတို့ လွန်စွာ သဘောကျနေကြသည်။

ချင်းချင်းက မျက်စောင်းထိုးလိုက်သည်။

နဂါးညီနောင်က....

"စိတ်မရှိပါနဲ့ မိန်းကလေး၊ ကျုပ်တို့က တိမ်ဖြူနဂါးကို လက်စားချေချင်လို့ပါ"

"ဟုတ်ပါတယ်... မိန်းကလေးကို ကျုပ်တို့တောင်းပန်ပါတယ်၊ တကယ်တော့ တိမ်ဖြူနဂါးက ကျုပ်တို့ကို သိသေးရဲ့လားလို့ စမ်းလိုက်တာပါ"

နဂါးညီနောင်သည် ပြိုင်တူ ပြောကြလေ၏။

တင်းမိန်က ရယ်မောလေ၏။

"ဒီတစ်ကြိမ်မှာ ကျုပ်က သူ့အတွက် စိတ်ပူနေလို့ သတိ



လစ်သွားတာပါ၊ နို့မို့ဆိုရင် ဘယ်ရမလဲ၊ နဂါး နဂါးချင်း ခြေမြင်ပါတယ်"

နဂါးညီနောင်က....

"ဘာပဲပြောပြော ဒီတစ်ကြိမ် မင်း ရှုံးပြီ"

တင်းမိန်က ခေါင်းညိတ်လိုက်၏။

"ထားပါတော့ဗျာ"

"မထားလို့မရဘူးလေ၊ မင်း ကျုပ်တို့မှန်းမှ မသိဘဲ"

"ဟုတ်ပါတယ်... ဒီတစ်ကြိမ် ကျုပ် ရှုံးပါတယ်၊ နောက်ကြုံတဲ့အခါ စမ်းကြည့်ပါဦး"

နဂါးညီနောင် သဘောကျ ကျေနပ်စွာ ရယ်လိုက်၏။

"အေး... စမ်းရတာပေါ့ကွာ၊ စိတ်ချ... စိတ်ချ"

ချင်းချင်းမှာ တင်းမိန်နှင့်နဂါးညီနောင်တို့ပြောနေခြင်းများကို နားမလည်ချေ။ ငေးမောကြည့်နေသည်။

တင်းမိန်သည် ထိုအခါမှ ရှင်းပြရန် သတိရတော့သည်။

"ဒီလို ညီမရဲ့၊ အစ်ကိုတို့ နဂါးဂိုဏ်းဟာ နေရာအနှံ့လျှို့ဝှက်ပြီး တည်ထားပါတယ်၊ အားလုံး သိုသိုသိပ်သိပ်ပါပဲ၊ ဘယ်လောက်သိုသိပ်သလဲဆိုရင် အဖွဲ့ချင်းတူတဲ့နဂါးတွေတောင် ကိုယ့်ဂိုဏ်းသားချင်း မသိကြတဲ့အထိပဲ"

နဂါးညီနောင်က ထောက်ခံလိုက်၏။

"ဒါပေမယ့် နဂါးဂိုဏ်းကလူတွေဟာ တစ်ယောက်နဲ့တစ်ယောက် သိနိုင်တဲ့နည်းလမ်းတွေရှိကြပါတယ်"

ချင်းချင်းက....

"ဘယ်လိုနည်းလမ်းတွေလဲ"

တင်းမိန်က ရှင်းပြလိုက်၏။

"ဥပမာ ပြောမယ်၊ ဒီဓားလက်ကိုင်ရိုးကိုကြည့်၊ ဓားလက်ကိုင်ရိုးမှာ နဂါးပုံမှာ အထင်ရှားဆုံးပဲ၊ နဂါးဂိုဏ်းသားရဲ့ ဓားလက်ကိုင်ရိုးမှာ ဒီလိုနဂါးပုံရှိကြတယ်၊ နောက်ပြီး နဂါးတွေဟာ ဓားအိမ်ကို မဆောင်ကြဘူး၊ ဓားလွတ်ကို ခါးစည်းကြိုးထဲမှာ ထိုးတတ်ကြတယ်"

ချင်းချင်း သဘောပေါက်သွား၏။

တင်းမိန်က သူ၏လက်ဖျံကိုပြလိုက်၏။

"ပြီးတော့ ဒီမှာ တွေ့လား"

တင်းမိန်၏ လက်ဖျံတွင် နဂါးပုံတစ်ခု ရေးထိုးထား၏။

"နဂါးဂိုဏ်းသားတိုင်းဟာ ဒီလိုအမှတ်အသားရေးထိုးထားတယ်၊ ဒါတောင် နဂါးဂိုဏ်းသားအချင်းချင်းမှ အလွယ်တကူသိနိုင်ကြတယ်"

ချင်းချင်းက ခေါင်းညိတ်လိုက်၏။

"ညီမ နားလည်ပါပြီ၊ ဒါကြောင့် အစ်ကိုက ကျောက်ဖြူစံအိမ်ရှေ့မှာ နဂါးတစ်ကောင်ကိုတွေ့တော့ လှမ်းခေါ်ဖို့ကြိုးစားတာ မဟုတ်လား"

တင်းမိန်က....

"ဟုတ်တယ်... ရဲမက်တော်ဟန်ဆောင်လာတဲ့လူဟာ အစ်ကိုတို့ဂိုဏ်းသားမှန်းသိတော့ ဝမ်းသာအားရလှမ်းခေါ်မလို့ဘဲ ဘာကြောင့် ခင်ဗျားက ထွက်ပြေးရတာလဲ၊ ကျွန်တော်တော့ ခင်ဗျား ထွက်ပြေးတာကို နားမလည်ဘူး၊ ကျွန်တော်ကိုယ်တိုင် နဂါးတစ်



ယောက်ဖြစ်နေတာကို ခင်ဗျား မသိဘူးလား"

တင်းမိန်က အပြာရောင်ဝတ်စုံနှင့်လူအား လှမ်းပြောလိုက်၏။

နဂါးညီနောင်က ရယ်မောလိုက်၏။

"ပြောရမှာ ခက်ခက်ခဲခဲပဲ"

"ပြောပါ... ဒီမှာ ဘယ်သူ့မှ ဂရုစိုက်စရာ လူမရှိပါဘူး"

နဂါးညီနောင်တို့အနက်မှ တစ်ယောက်က ပြော၏။

"ငါက ဟန်ဆောင်ရတာကို စိတ်မလုံဘူးကွ၊ အလိုလိုစိတ်ထဲမှာ စိုးရိမ်နေတာ၊ မင်းက ကျုပ်ကိုလှမ်းခေါ်မယ်လို့လဲ လုပ်ရော အလိမ်ပေါ်ပြီဆိုပြီး ထွက်ပြေးခဲ့ရတော့တာပဲ"

တင်းမိန်က....

"ဘာကြောင့် အယောင်ဆောင်ပြီး ဝင်နေရတာလဲ"

နဂါးညီနောင်က ပြောလိုက်၏။

"ပြောရရင် ဇာတ်လမ်းက ရှည်တယ်ကွ"

"ရှည်ပေမယ့် ပြောသင့်ပါတယ်၊ ကျွန်တော်တို့လဲ သိသင့်သိထိုက်တာ သိသွားတာပေါ့ ပြောပါ"

တင်းမိန်က တိုက်တွန်းလိုက်၏။

နဂါးညီနောင်က...

"တင်းရှဂိုဏ်းနာမည် မကျော်ခင်ကပေါ့၊ တို့ဟာလဲ ထင်းရှူးဂိုဏ်းသားဖြစ်ခဲ့ဖူးတယ်၊ အဲဒီတုန်းက လောင်စိမ်းနဲ့လက်တွဲခဲ့ဖူးတယ်"

တင်းမိန် မျက်လုံးပြူးသွားတော့သည်။

"ဗျာ... ခင်ဗျားတို့ဟာ ထင်းရှူကိုဏ်းသားတွေ ဘယ့်နှယ်လုပ် နဂါးဂိုဏ်းရောက်နေရတာလဲ"

နဂါးညီနောင်က လှိုက်လှိုက်လှဲလှဲ ရယ်လေ၏။

"ဟား... ဟား... ဟား... ထင်းရှူကိုဏ်းသားဖြစ်ဖူးတာကို မင်း အံ့သြနေသလား၊ ဟား... ဟား... ဟား... နဂါးဂိုဏ်းအုပ် အမိန့်နဲ့ ဝင်တာပါကွ"

တင်းမိန် အံ့သြသွားသည်။

"ဂိုဏ်းအုပ်အပြာရောင်နဂါးက ဘာသဘောနဲ့ ခင်ဗျားတို့ကို ထင်းရှူဂိုဏ်းထဲ ထည့်ရတာလဲ"

နဂါးညီနောင်က....

"ထင်းရှူဂိုဏ်းရဲ့ တည်နေရာကိုသိဖို့ ခက်မယ်ကွ၊ ဒါကြောင့် ငါတို့ဟာ ဂိုဏ်းအုပ်ရဲ့ အမိန့်အတိုင်း ထင်းရှူဂိုဏ်းထဲ ဝင်ခဲ့တာကွ၊ ခုထက်ထိ ဘယ်သူကမှ ငါတို့သူလျှိုဖြစ်တယ်ဆိုတာကို မရိပ်မိဘူး"

တင်းမိန်က ခေါင်းညိတ်လိုက်၏။

"ဪ... ဒီလိုကိုး၊ အခုရောက်လာပုံကိုလဲ ဆက်ပြောစမ်းပါဦး"

နဂါးညီနောင်က....

"ဒီအကြောင်းကိုတော့ သေသေချာချာ ပြောမှဖြစ်မယ်၊ တစ်နေ့မှာ ဂိုဏ်းအုပ်က ကျုပ်တို့နှစ်ယောက်ကို ခေါ်လိုက်တယ်"



အပြာရောင်ဝတ်စုံကိုဝတ်ဆင်ထားသည့် လူနှစ်ယောက်သည် အခန်းထဲသို့ပြိုင်တူလျှောက်လှမ်းဝင်လာကြ၏။ သူတို့နှစ်ဦးမှာ အရပ်အမောင်းရော ရုပ်ရည်ချင်းပါ အလွန်တူသူနှစ်ယောက် ဖြစ်ပါသည်။ သူတို့သိုင်းလောကတွင်ကျင်လည်ခဲ့သည်မှာ နှစ် နှစ်ဆယ်ခန့်ရှိ၍ နာမည်လည်း အတော်အသင့် ကျော်ကြားခဲ့ပြီးဖြစ်ပါသည်။ နဂါးညီနောင်ဟု သူတို့အား ခေါ်ကြပြီး အကြီးဖြစ်သူမှာ ချီစန်းဟု ခေါ်သည်။ အငယ်ဖြစ်သူကို ချီရှောင်ဟု ခေါ်သည်။

သူတို့သည် မြောက်ပိုင်းနဂါးဂိုဏ်းဌာနခွဲသို့ ဝင်လာကြလေသည်။ အစောင့်များက သူတို့အား ဂါရဝပြုကြသည်။ အခန်းတစ်ခန်းအတွင်း ဝင်ရောက်သွားပြီး သူတို့သည် ဂိုဏ်းအုပ်ကြီးအပြာရောင်နဂါး စုကွမ်းအား စောင့်နေကြရသည်။

မကြာမီ ဝါးယင်းလိပ် နောက်ကွယ်မှ အပြာရောင်နဂါး စုကွမ်း ထွက်လာတော့၏။

စုကွမ်းအား တွေ့သောအခါ နဂါးညီနောင်တို့ဂါရဝပြုလိုက်ကြတော့၏။

စုကွမ်း ကုလားထိုင်တွင် ဝင်ထိုင်သည်။

"မင်းတို့နှစ်ယောက်ကို တာဝန်တစ်ခုပေးမယ်"

စုကွမ်းက တိုတိုတောင်းတောင်းပင် ပြောသည်။

နဂါးညီနောင်က....

"အသင့်ပါ ခင်ဗျာ"

စုကွမ်းက....

"သိုင်းလောကမှာ ပြုကွဲသွားခဲ့တဲ့ ဟူကျန်းစုရဲ့ ထင်းရှုဂိုဏ်းကိုသိတယ် မဟုတ်လား"

နဂါးညီနောင်က ခေါင်းညိတ်လိုက်၏။

"ကောင်းကောင်းမှတ်မိပါတယ်.. ကျွန်တော်တို့တောင် သူလျှိုဝင်လုပ်ခဲ့ရတာပဲ"

"အေး... အခု အဲဒီထင်းရှုဂိုဏ်းဟာ ပြန်ပေါ်နေပြီ့ပြီကွယ့်"

"ခင်ဗျာ"

နဂါးညီနောင်သည် အလွန်ပင် အားသင့်သွားလေ၏။

စုကွမ်းက သက်ပြင်းချလိုက်သည်။

"ငါလဲ မယုံချင်ပါဘူး။ ဒါပေမယ့် ယုံရမယ့်အဖြစ်ကိုတော့ ရောက်ရှိလာပါပြီ၊ မဟူရာနဂါးရဲ့ အကြောင်းကြားချက်ရောက်ရှိလာတယ်၊ ထင်းရှုဂိုဏ်းဟာ တောင်ပိုင်းမှာစပြီး လှုပ်ရှားနေသတဲ့"

နဂါးညီနောင်က ပြောလိုက်သည်။

"ကျွန်တော်တို့ တောင်ပိုင်းကိုသွားရမှာလား ခင်ဗျာ"

စုကွမ်းက ပြန်မေးလိုက်၏။

"မဟုတ်ဘူး... ထင်းရှုဂိုဏ်းဟာ သိုင်းလောကထဲကို ပြန်ဝင်လာတာနဲ့ ဘယ်သူ့ကို အရင်လက်စားချေမယ်လို့ မင်းတို့ထင်သလဲ"

နဂါးညီနောင်က....

"ကျွန်တော်တို့ နဂါးဂိုဏ်းကိုပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဟူကျန်းစုကိုသတ်လိုက်တာ တိမ်ဖြူနဂါးဖြစ်နေတာကိုး"



စုကွမ်းက....

"ထားတော့... ငါတို့ကို လက်စားချေဖို့မလွယ်ရင် ဘယ်သူ့ကိုလက်စားချေမလဲ"

"သိုင်းရာဇာလေးယောက်ကိုပါ"

စုကွမ်းက ခေါင်းညိတ်လိုက်၏။

"အခု ငါတို့ထက် သိုင်းရာဇာလေးယောက်က ပိုပြီး အန္တရာယ်ကြီးတယ်၊ ငါတို့ဂိုဏ်းကိုဖြိုချင်ရင် ထင်းရှုဂိုဏ်းတော်တော် အင်အားကြီးတဲ့အထိ စောင့်ရဦးမယ်၊ နောက်တစ်ခုက သိုင်းရာဇာလေးယောက်ဟာ တကွဲတပြားစီနေကြတယ်၊ အဲဒီတော့ လုပ်ကြံဖို့ လွယ်ကူတာပေါ့၊ နောက်ပြီး သူတို့ဟာ ထင်းရှုဂိုဏ်းအပျက်မှာ အဲဒီက ပစ္စည်းတစ်ခုကို ယူလာကြသတဲ့"

နဂါးညီနောင်တို့မှာ နားထောင်၍သာ နေလေ၏။

စုကွမ်းက ဆက်ပြောသည်။

"ထင်းရှုဂိုဏ်းဟာ သိုင်းလောကမှာ ခေါင်းပြန်ထဖို့အတွက် သူတို့ဆီက ယူသွားတဲ့ပစ္စည်းကိုပြန်ယူဖို့ ကြိုးစားကြမှာပဲ"

"ဘာပစ္စည်းမို့လဲ ဂိုဏ်းချုပ်ကြီး"

အပြာရောင်နဂါး စုကွမ်းမှာဂိုဏ်းအုပ်သာ ဖြစ်သည်။ မဟူရာနဂါးက ဂိုဏ်းချုပ်ကြီးဖြစ်၏။ သို့သော် ဂိုဏ်းတွင်းအခေါ်အဝေါ်အရမူ အပြာရောင်နဂါးစုကွမ်းကို ဂိုဏ်းချုပ်ကြီးဟုသာ ခေါ်သည်။ ထိုစကားကို ချိုစန်းက မေးလိုက်ခြင်းဖြစ်ပါသည်။

စုကွမ်းက လေသံဖြင့် တိုးတိုးပြောလိုက်ရာ နဂါးညီနောင်မှာ မျက်နှာပျက်သွားရတော့သည်။

စုကွမ်းက....

"သူတို့က ဘာရည်ရွယ်ချက်နဲ့ ယူလာမှန်းမသိဘူး၊ သိုင်းလောကမှာ ဘာလျှို့ဝှက်ချက်မှမရှိဘူး၊ ရှိရင် ပေါက်ကြားတာချည်းပဲ၊ အခု ထင်းရှုဂိုဏ်းဟာ သူတို့ကို ရန်ရှာနေပြီ"

နဂါးညီနောင်က မေးလိုက်၏။

"ကျွန်တော်တို့က ဘာလုပ်ပေးရမှာလဲ ခင်ဗျာ"

စုကွမ်းက....

"သိုင်းရာဇာတွေကို ကာကွယ်ရမယ်"

"သိုင်းရာဇာတွေရဲ့သိုင်းပညာက ကျွန်တော်တို့ထက် မြင့်မားပါတယ်၊ ကျွန်တော်တို့ အကာအကွယ်ပေးလဲ ပေးပေးပဲရှိမယ် မဟုတ်လားခင်ဗျာ"

"ဟုတ်တယ်... သိုင်းရာဇာတွေဟာ မင်းတို့ထက် အများကြီးသိုင်းပညာအရာမှာ သာတယ်၊ ဒါပေမယ့် သိုင်းရာဇာလူကုန်းတစ်ယောက်တည်းထက်စာရင် မင်းတို့နှစ်ယောက်ရှိနေတဲ့အတွက် ပိုပြီး စိတ်ချရမယ်မဟုတ်လား၊ မင်းတို့ ဒီတာဝန်ကိုယူရမယ်"

နဂါးညီနောင်က....

"တော်ပါသေးရဲ့... သိုင်းရာဇာလူကုန်းကို ကာကွယ်ရမယ်ကြားလို့ သူက သဘောကောင်းတော့ ကျွန်တော်တို့ နေရထိုင်ရသက်သာတာပေါ့"

စုကွမ်းက....

"ငါ သူနဲ့သိပြီးပါပြီ၊ သူဟာ ငါတို့ရဲ့ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတွေပါ၊ သူတို့အကူအညီလိုတဲ့အခါ အကာအကွယ်ပေးရမယ်၊ မင်း



တို့ဟာ ငါနဲ့အမြဲ ဆက်သွယ်နေရမယ်"

"ဂိုဏ်းချုပ်ကြီး... ကျွန်တော်တို့ ဘယ်တော့ ဘယ်အချိန် သွားကြရမှာလဲ"

"မနက်ဖြန်"

ဤသို့ဖြင့် နဂါးညီနောင်တို့သည် သိုင်းရာဇာလူကုန်းထံသို့ ရောက်ရှိသွားကြလေတော့၏။

သိုင်းရာဇာလူကုန်းမှာ သိုင်းရာဇာလေးယောက်အနက် သဘောအကောင်းဆုံး၊ သိုင်းပညာအထက်မြက်ဆုံး ဖြစ်၏။ သူသည် သိုင်းပညာထက်မြက်သလို အရက်သောက်ရာတွင်လည်း အထက်မြက်ဆုံး ဖြစ်သည်။

နဂါးညီနောင်သည် သိုင်းရာဇာလူကုန်းထံ၌ ရှိနေသည်မှာ တစ်ပတ်ခန့်ရှိသွားပြီ ဖြစ်၏။ ပထမတွင် အနေကျုံ့သော်လည်း ဖော်ရွေလှသည့် လူကုန်းကြောင့် နဂါးညီနောင်တို့မှာ ပျော်ပျော်ရွှင်ရွှင်ဖြစ်လာကြတော့သည်။

သူတို့သည် လူကုန်းနှင့်အတူ အရက်သောက်ခြင်း၊ ပျင်းလျှင်ငါးမျှားခြင်းနှင့် သိုင်းပညာဆွေးနွေးခြင်းတို့သာ ပြုလုပ်ကြသည်။ နဂါးညီနောင်မှာ သိုင်းရာဇာလူကုန်းနှင့် နေရသည့်အတွက် သိုင်းပညာ အတော်ပင် တိုးတက်လာသည်။

ဤသို့နေစဉ်အတွင်း ထင်းရှုဂိုဏ်း၏အန္တရာယ်အစအနကို မတွေ့ရချေ။

နဂါးအကြီးကောင် ချိုစန်းက....

"ကျွန်တော်တို့က နဂါးဂိုဏ်းရဲ့ အန္တရာယ်ကိုစိုးရိမ်နေတယ်၊

အခု ထင်းရှူးကိုင်းဟာ ဘယ်လိုမှ မလှုပ်ရှားဘူးဖြစ်နေကယ်၊ ထင်းရှူးကိုင်းအန္တရာယ်ကို စိုးရိမ်တာဟာ အလကားပဲပေါ့"

သိုင်းရာဇာလူကုန်းက ပြောပြသည်။

"ဒီလိုလဲ မဟုတ်သေးဘူးလေ၊ ကျုပ်ဆီက သတင်းပေါက်ကြားသွားတာရယ်၊ ထင်းရှူးကိုင်းတောင်ပိုင်းမှာ လှုပ်ရှားနေတာရယ်ကို သတိပြုမိရင် ကျုပ်လဲ ပေါ့ဆမိမှာပဲ"

အငယ်ကောင် ချိုရှောင်က....

"ဒါဖြင့် ထင်းရှူးကိုင်းပြန်ပေါ်လာတယ်ဆိုတာ ဆရာကြီး လက်ခံတယ်ပေါ့"

သိုင်းရာဇာလူကုန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ထင်းရှူးကိုင်း ပြန်လည်ပေါက်ဖွားလာတာကို ကျုပ် လက်ခံပါတယ်"

နဂါးအကြီးကောင် ချိုစန်းက မေးလိုက်၏။

"ဘယ်သူက ဦးဆောင်တာလဲ"

သိုင်းရာဇာလူကုန်းက....

"ဒါတော့ ခုထိ မသိရသေးဘူး"

နဂါးညိုနောင်က....

"ထင်းရှူးကိုင်း ပြန်ပေါ်လာတာဟာ သိုင်းလောကအတွက် မကောင်းဘူး၊ သူတို့မကြီးထွားခင် အမြန်ချေမှုန်းပစ်မှဖြစ်မယ်"

သိုင်းရာဇာလူကုန်းက....

"ဟုတ်တယ်... ခက်တာက ဒီတစ်ခါလဲ ထင်းရှူးကိုင်းဟာ လျှို့ဝှက်ပြီး ငုပ်နေတယ်၊ ကျုပ်တောင် ထင်းရှူးကိုင်းက အဆိပ်အပ်နဲ့ အပစ်မခံရင် ထင်းရှူးကိုင်းပေါ်နေတယ်ဆိုတာကို ယုံမိမှာမဟုတ်ဘူး"



နဂါးညိုနောင်မှာ အံ့အားသင့်သွားတော့၏။

"ဆရာကြီးလဲ လုပ်ကြံခံရတယ်မဟုတ်လား"

သိုင်းရာဇာလူကုန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... လုပ်ကြံခံရတယ်၊ အရှေ့သိုင်းရာဇာဆီက အပြန်လမ်းမှာ ချောင်းပြီး အတိုက်ခိုက်ခံခဲ့ရတာပဲ၊ ဒါပေမယ့် ကျုပ်က သတိမလစ်ပါဘူး။ အဆိပ်အပ်နဲ့ လေတိုးသံတွေကို သတိထားခဲ့မိတယ်"

"လုပ်ကြံတဲ့လူကိုကော တွေ့လား၊ ဖမ်းမိသလား"

"မဖမ်းမိလိုက်ဘူး၊ ဖမ်းမိလိုက်ရင် သိပ်ကြည့်ကောင်းမှာ"

နဂါးညိုနောင်မှာ စဉ်းစားတွေးတောနေကြသည်။

သိုင်းရာဇာလူကုန်းက ဆက်လက်ပြီး ပြောလေ၏။

"ကျုပ်က သူတို့ကိုမကြောက်ပါဘူး၊ သိုင်းသမားဆိုတာ သေမှာကို မကြောက်တတ်ကြဘူး၊ ဒါကြောင့် သူတို့အမြန်ဆုံးရောက်လာဖို့ကို မျှော်လင့်နေတယ်၊ တွေ့ကြရင်တော့ တစ်ပွဲတစ်လမ်း အကဲစမ်းလိုက်ရတာပေါ့"

ဤသို့ဖြင့် သိုင်းရာဇာလူကုန်းနှင့် နဂါးညိုနောင်တို့စကားပြောဆွေးနွေးခြင်းကို တစ်ခန်းရပ်ကြပါသည်။ နဂါးညိုနောင်လည်း သူတို့အခန်းသို့ သူတို့ပြန်အိပ်ကြသည်။

တစ်ည....။ လရောင်မရှိသော ထစ်ညတွင် သိုင်းရာဇာလူကုန်း၏အိမ်ရှေ့၌ နဂါးညိုနောင်တို့စောင့်ကြပ်နေကြသည်။ သူတို့ညီနောင်နှစ်ဦးသည် နွေဘက်အိပ်၍ ညဘက်တွင် စောင့်ကြပ်ကြ

သည်။

"တုံ... တုံ"

အဝေးမှ အုန်းမောင်းခါက်သံနှစ်ချက် ထွက်ပေါ်လာသည်။

ချိုစန်းက တစ်ချက်မျှ သမ်းဝေလိုက်၏။

ချိုရောင်က....

"မင်း အိပ်ချင် အိပ်လေ၊ ငါ စောင့်နေပါ့မယ်၊ တစ်ယောက်စောင့်ရင် လုံလောက်တာပဲ"

အကြီးဖြစ်သူ ချိုစန်းက ခေါင်းညိတ်လိုက်၏။

"အေး... ငါ အိပ်မယ်"

သူသည် အိပ်ချင်နေပေသည်။ မျက်ခွံများ လေးလံနေပေသည်။ ထိုအခိုက် မထင်မှတ်ဘဲ အိမ်ရှေ့ရှိ သစ်ပင်အား ကြည့်လိုက်မိ၏။ သူ၏မှေးနေသောမျက်လုံးများသည် ပြူးကျယ်သွားတော့သည်။ အိပ်ချင်စိတ်လည်း လွင့်ပျောက်သွား၏။

အဘယ့်ကြောင့်ဆိုသော် သစ်ပင်အောက်တွင် လူရိပ်တစ်ရိပ်ရပ်နေသည်ကို တွေ့မြင်လိုက်ရသောကြောင့်တည်း။ ထိုလူ၏အစိမ်းရောင်ဝတ်စုံမှာ ညအမှောင်အောက်တွင် မည်းမှောင်နေသည်၊

"ဟင်... ဟိုမှာ"

သူ့နှုတ်မှ လွှတ်ခနဲ ရေရွတ်မိရာ ချိုရောင်လည်း သူ ကြည့်ရာသို့ လိုက်ကြည့်မိလေ၏။

"ရန်သူ"

ချိုရောင်က အော်လိုက်ပြီး ရှေ့သို့ခုန်ထွက်လိုက်၏။ကြောင်နေသော ချိုစန်းလည်း ခုန်၍လိုက်ပါသွားသည်။



ထိုစဉ်က အစိမ်းရောင်ဝတ်စုံကိုဝတ်ဆင်ထားသော လူစိမ်းသည်လည်း လှည့်ထွက်ပြေးလေတော့၏။ နဂါးညီနောင်ကလည်း ဖြင်တူပင် လိုက်ကြသည်။

ချိုစန်း သတိရပြီး...

"ညီလေး... မင်း မလိုက်နဲ့၊ ငါ လိုက်မယ်၊ မင်း ဒီကစောင့်နေ၊ သူ့ရဲ့အဖော်တွေ ပါလာနိုင်တယ်"

ချိုစန်းက သူ့အား မှားခေါ်လေသလားဟု တွေးမိသဖြင့် ညီဖြစ်သူ ချိုရောင်အား ပြောလိုက်သည်။

ချိုရောင်ကလည်း...

"အေး... ငါ နေရစ်မယ်၊ အစ်ကိုသာ လိုက်သွားတော့"

ချိုစန်းလည်း ပြေးလိုက်သွားလေ၏။

အစိမ်းရောင်ဝတ်စုံနှင့်လူသည် ပြေးနေလေ၏။ နဂါးချိုစန်းသည် အစိမ်းရောင်ဝတ်စုံလူကိုမီရန် ကိုယ်ဖော့ပညာကိုပိုသုံးလေ၏။ သူ၏ခန္ဓာကိုယ်သည် မြားတစ်စင်းပမာ ရှေ့သို့တိုးသွားသည်။

ရှေ့မှလူလည်း ပြေးနှုန်းကို ပိုတင်လိုက်သည်။ သစ်ပင်များသည် ရိပ်ခနဲ ရိပ်ခနဲ ကျန်ရစ်ခဲ့သည်။ နောက်ဆုံးမြို့ပြင်သို့ သူတို့ရောက်ရှိသွားကြလေတော့၏။

နဂါးချိုစန်းနှင့်ရှေ့မှပြေးနေသူသည် ဝါးတစ်ရိုက်ခန့် ကွာလှမ်းဆဲပင် ဖြစ်သည်။

နဂါးချိုစန်းမှာ မခံချင်စိတ် ဖြစ်လာ၏။ အဘယ်ကြောင့်ထိုသူကို မမီဘဲ ရှိရအံ့နည်း။ ကြိုးစား၍ ပြေးလိုက်သည်။ ထိုအခါမှ ပို၍ ပို၍ ကွာဝေးသွားတော့သည်။ ပထမ ဝါးတစ်ရိုက်ခန့်ကွာသည်။

နောက် ဝါးနှစ်ရိုက်ခန့် ကွာသည်။ တဖြည်းဖြည်း ချိုစန်းမှာ နောက် ကျန်ရစ်ခဲ့တော့သည်။

နောက်ဆုံး ထိုလူ၏အရိပ်အယောင်မျှပင် မမြင်ရတော့ချေ။

"ဟူး"

နဂါးချိုစန်းသည် မောမောပန်းပန်းနှင့် သက်ပြင်းချလိုက်၏။ ထို့နောက် လာလမ်းအတိုင်း ပြန်လှည့်ခဲ့ရတော့သည်။

နဂါးချိုရောင်မှ အစ်ကိုဖြစ်သူ၏ သတိပေးစကားအရ ဆက်မလိုက်ဘဲ ကျန်ရစ်ခဲ့၏။ ထိုစဉ် လူတစ်ယောက်ပေါ်လာသည်ကို တွေ့ရှိလိုက်ရသည်။

"ဘယ်သူလဲ... ရပ်"

ထိုလူမှာ ရှေ့သို့ပြေးတက်လာ၏။ ထိုလူ၏မျက်နှာကို ချိုရောင်မှတ်မိ၏။ ထိုလူက သူ့အား မမှတ်မိပါ။ ထိုသူမှာ ထင်းရှူးဂိုဏ်းချုပ် ဟူကျန်းစု၏လူယုံတော် လောင်စိမ်းပင်တည်း။

ချိုရောင်သည် ဘာမှဆက်မပြောတော့ဘဲ လောင်စိမ်းအား ဆီးကြိုတိုက်ခိုက်လေတော့၏။ လောင်စိမ်းကလည်း လက်ဝါးနှင့် ရိုက်ချသည်။

"ဝုန်း...."

ချိုရောင် ရှောင်ပေးလိုက်ရ၏။

သူတို့သည် ဤသို့ဖြင့် သိုင်းကွက်ဆယ်ကွက်ခန့် ယှဉ်ပြိုင်ကြမိလေ၏။ သူတို့သည် ဆက်လက်တိုက်ခိုက်ကြရာ အကွက်သုံးဆယ်ခန့်အရောက်တွင် ချိုရောင်သည် နောက်မှလေတိုးသံကြားလိုက်ရတော့၏။



ချိုရောင်သည် ရှေ့မှလောင်စိမ်းနှင့် တိုက်ခိုက်နေရသောကြောင့် နောက်မှတိုက်ခိုက်သောအခါ မရှောင်တိမ်းနိုင်တော့ပါ။ သူသည် သွေးကြောပိတ်ခံရပြီး မြေပေါ်သို့ ဝုန်းခနဲ ပြိုကျသွားပါတော့သည်။

သူသည် လူကုန်းအား အော်ဟစ်သတိပေးရန် ကြိုးစားပါသည်။ သို့သော် သူ အသံမထွက်တော့ပါ။

ထိုစဉ် အိမ်ထဲမှ လူတစ်ယောက်ထွက်လာတော့၏။ ထိုသူမှာ **သိုင်းလောကလူကုန်း**ပင် ဖြစ်ပါသည်။

**လူကုန်း**သည် အစိမ်းရောင်ဝတ်စုံနှင့် လူနှစ်ယောက်ကို ကြည့်လိုက်၏။ တစ်ယောက်မှာ လောင်စိမ်းဖြစ်ပြီး ကျန်တစ်ယောက်မှာ မျက်နှာကိုပဝါနက်ဖြင့် စည်းထားသဖြင့် မည်သူ မည်ဝါမှန်း မသိရချေ။

လူကုန်းက မဲ့လိုက်ပြီး....

"တစ်နေ့... မင်းတို့ ကျုပ်ဆီရောက်လာမယ်ဆိုတာ မျှော်လင့်ပြီးသားကွ၊ မင်းတို့ ဘာလုပ်ချင်သလဲ"

လောင်စိမ်းက ရယ်မောလိုက်ပြီး....

"ဟုတ်တယ်... ကျုပ်တို့က အကြွေးတောင်းဖို့ လာတာပဲ၊ ခင်ဗျားတို့မှာ အကြွေးတွေရှိနေတယ်"

လူကုန်းက ရယ်လိုက်၏။

"မင်းတို့ ကျုပ်ကိုရင်ဆိုင်နိုင်မယ် ထင်လို့လား"

လောင်စိမ်းက ဘာမျှမပြောတော့ပါ။ ပြေးဝင်ပြီး လက်ဝါး

နှင့် ရိုက်ချလိုက်ပါသည်။

"ဝုန်း"

သိုင်းရာဇာလူကုန်းက ခုခံလိုက်သည်။

လောင်စိမ်း၏လက်ဝါးရိုက်ချက်များမှာ ပြင်းထန်လှ၏။ သို့သော် လူကုန်းက အေးအေးဆေးဆေးပင် ရှောင်တိမ်းသည်။

ထို့နောက် လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်၏။ သူ၏လက်ဝါးမှာ လောင်စိမ်း၏ရင်ဝသို့သွားသည်။ လောင်စိမ်းသည် နောက်သို့လှဲချကာ ရှောင်တိမ်းပေးလိုက်သည်။

"ဟား... ဟား... ဟား"

လူကုန်းက ရယ်မောလိုက်၏။

လောင်စိမ်း လှဲချသောနေရာသို့ခုန်ဝင်ကာ လူကုန်းတိုက်ခိုက်သည်။ လောင်စိမ်းကလည်း မခေပါ။ ဆက်တိုက်လှိမ့်ပြီး ရှောင်တိမ်းသည်။ လောင်စိမ်းနှင့် လူကုန်းတို့သည် သိုင်းကွက်သုံးဆယ်ခန့်အထိ ယှဉ်ပြိုင်မိကြသော်လည်း မည်သူမျှအနိုင်တိုက်ခိုက်နိုင်ခြင်း မရှိသေးပါ။ လူကုန်းက မဲ့လိုက်သည်။ သူ့လက်ဝါးသိုင်းကွက်ကို ပြောင်းလဲလိုက်သည်။ လက်ဝါးရိပ်များစွာ ပေါ်လာသည်။ ထိုလက်ဝါးထဲမှ လက်ဝါးတစ်ဖက်ထိုးထွက်လာကာ လောင်စိမ်း၏ရင်ဝသို့ ရိုက်ချလိုက်လေ၏။

လောင်စိမ်း ထိတ်လန့်သွားသည်။ ထိုလက်ဝါးရိုက်ချက်ကို သူ မခံနိုင်ပေ။

"ဝုန်း...."

ထိုစဉ်မှာပင် ပဝါနက်စည်းထားသူက လူကုန်း၏လက်ဝါး



ရိုက်ချက်ကို ဝင်၍ ခုခံပေးလိုက်တော့၏။

လူကုန်းမှာ နောက်သို့ခြေတစ်လှမ်းဆုတ်သွားရသလို ပဝါနက်စည်းထားသူမှာလည်း နောက်သို့ခြေတစ်လှမ်းဆုတ်သွားရ၏။ လူကုန်းက....

"မင်း မဆိုးဘူး။ ဘယ်သူလဲ၊ ထင်းရှူးကိုဏ်းမှာ ဒီလောက်အစွမ်းထက်တဲ့လူ ရှိနေလို့လား"

ပဝါနက်စည်းထားသူက ရယ်မောလိုက်၏။

"မင်းကိုယ်မင်း အတော်အထင်ကြီးနေတာကိုး၊ အဲဒီလောက်လဲ အထင်မကြီးပါနဲ့၊ ငါတို့ ထင်းရှူးကိုဏ်းဟာ မင်းတို့အပေါ် အကြွေးရှိတယ်၊ အဲဒီအကြွေးတွေကို ပေးဆပ်နိုင်အောင် ကြိုးစားပါ"

သူသည် ပြောပြောဆိုဆို စတင်တိုက်ခိုက်လေတော့၏။ ထိုသူသည် လက်သီးလက်ဝါးကို တစ်လှည့်စီသုံး၍ တိုက်ခိုက်သည်။ လူကုန်းကလည်း မဲ့ရွဲ့လိုက်ပြီး....

"မင်းက အတော်လာပါကလား၊ ထင်းရှူးကိုဏ်းမှာ ဒီလိုလူတွေရှိတာ မဆိုးပါဘူး ဆိုရမယ်၊ ဒါပေမယ့် မင်း မြေတွင်းထဲကို ရောက်သွားရမှာပေါ့"

"ဟား... ဟား... ဟား၊ နောက်ဆုံး ဘယ်သူမြေတွင်းထဲ ရောက်မလဲဆိုတာကို ကြည့်ကြသေးတာပေါ့"

ဇာပဝါနက်စည်းထားသူက ရယ်မောရင်း ပြန်ပြောသည်။ သူတို့သည် ပြင်းထန်စွာ တိုက်ခိုက်နေကြသည်။

နဂါးချိုရှောင်မှာ သွေးကြောပိတ်ခံထားရသည့်အတွက် မည်သို့မျှ မလှုပ်ရှားနိုင်ပါ။ တိုက်ပွဲကိုတော့ သူမြင်တွေ့နေရပါသည်။

သူ အော်လည်း မအော်နိုင်ပါ။ ထို့ကြောင့် တိုက်ပွဲကိုသာ စိတ်ပူပူနှင့် လှမ်းကြည့်နေရပါတော့သည်။

လူကုန်း၏ လက်ဝါးသိုင်းပညာသည် ဟာကွက်မရှိအောင် ကောင်းလှပါပေသည်။

ဇာပဝါနှင့် လူကလည်း အလွန် လျင်မြန်လှသည်။ သူတို့သည် တစ်ခဏအတွင်း သိုင်းကွက်ငါးဆယ်ခန့် ယှဉ်ပြိုင်နိုင်သွား၏။ လူ ကုန်းသည် သိုင်းကွက်ငါးဆယ်ခန့် ကောင်းစွာ ယှဉ်ပြိုင်နိုင်သော ပြိုင်ဘက်ကို ပေါ့ဆစွာ မယှဉ်ပြိုင်ရဲတော့ပါ။ သူ့အတွက် ပြိုင်ဘက် ကောင်းတစ်ယောက်တွေ့ရပြီဖြစ်ကြောင်း နားလည်လိုက်သည်။

ထိုပြိုင်ဘက်ကောင်းအတွက် ပေးဆပ်ရမည့်တန်ဖိုးကား မသေးလှပေ။ သူ့အသက် ကိုယ့်အသက်ပင်။

လူကုန်း၏တိုက်ခိုက်မှုမှာ ပြင်းထန်လာသလို ဇာပဝါနှင့် လူ၏ တိုက်ခိုက်မှုကလည်း ပြင်းထန်လာ၏။

နဂါးချိုရှောင်မှာ တိုက်ပွဲမှ ဖြစ်ပေါ်လာသော လေဟပ် သည့်အရှိန်ကိုပင် ခံလိုက်ရသည်။

ဤသို့ဖြင့် သူတို့သည် သိုင်းကွက်တစ်ရာကျော် ယှဉ်ပြိုင် လာမိလေ၏။

လူကုန်းမှာ နဖူးမှ ချွေးများ စို့လာသည်။

ထို့အတူ ဇာပဝါနှင့်လူမှာလည်း ချွေးများ ရွှဲနစ်လာသည်။ သူတို့နှစ်ဦးစလုံး ပင်ပန်းလာကြလေပြီ။

နဂါးချိုရှောင်သည် သက်ပြင်းချလိုက်၏။ သူသည် အခြေ အနေကို ရိပ်စားမိပေပြီ။ လူကုန်းသည် ဇာပဝါထက် သိုင်းပညာသာ



၏။ ထို့ပြင် တည်ငြိမ်မှုလည်း အပြည့်အဝရှိပေသည်။ ထို့ကြောင့် သိုင်း ကွက်နှစ်ရာအရောက်တွင် လူကုန်းအနိုင်ရရှိမည်ဟု ချိုရှောင် ယုံကြည်မိလေ၏။

အချိန်မှာ တရွေ့ရွေ့ ကုန်ဆုံးလာသည်။ တိုက်နေကြဆဲပင်။ တိုက်ပွဲလည်း ပြင်းထန်နေသည်။ သို့သော် တိုက်ပွဲအထွတ်အထိပ်သို့ ရောက်လာသည့်အတွက် တိုက်ပွဲစတင်စဉ်ကလို မြန်ဆန်ခြင်းမရှိ တော့ပါ။

သူတို့သည် တစ်ကွက်ချင်း သတိကြီးစွာ တိုက်ခိုက်နေကြ သည်။ ဤသို့ဖြင့် သိုင်းကွက်တစ်ရာ့ခုနစ်ဆယ်ခန့်သို့ ရောက်ရှိလာ တော့သည်။

ဇာပဝါနှင့်လူ၏ ဦးခေါင်းမှာ အငွေ့များပင် ထွက်ပေါ်လာ တော့သည်။ လူကုန်းက သိုင်းကွက်ပုံသဏ္ဌာန်ကိုပြောင်းလဲလိုက်၏။ ထို့အတူ ဇာပဝါနှင့်လူကလည်း လိုက်၍ ပြောင်းလဲရသည်။

ထိုစဉ် မမျှော်လင့်သောအဖြစ်အပျက်သည် ဖြစ်ပွားလာ တော့သည်။ ဇာပဝါအနက်တပ်ထားသူ၏ ဇာပဝါသည် ပြုတ်ကျ သွားခြင်းပင် ဖြစ်သည်။

ထိပ်တန်းသိုင်းသမားများအဖို့ တဒင်္ဂအချိန်လေးသည်သာ အသာဆုံးဖြစ်လေသည်။

လူကုန်းမှာ ဇာပဝါနှင့်လူကိုမြင်တွေ့ရသောအခါ တဒင်္ဂ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။ ထိုအခွင့်အရေးကိုပင် ဇာပဝါ နက်နှင့်လူက ယူသွားတော့သည်။ သူသည် ရရှိလိုက်သည့်အခွင့်အ ရေးအား လက်လွှတ်မခံပါ။ သူ့မျက်နှာမြင်ပြီး တဒင်္ဂကြောင်သွား

သော လူကုန်းအား လက်ဝါးနှစ်ချက် ရိုက်ချလိုက်ပါတော့သည်။

လူကုန်းမှာ သတိဝင်လာပြီး ခုခံလိုက်၏။ သို့သော် နောက်ကျသွားချေပြီ။

ဇာပဝါနှင့်လူ၏ရိုက်ချက်နှစ်ချက်တိတိကို ခံလိုက်ရ၏။

"ဝုန်း"

လူကုန်းမှာ အရုပ်ကြိုးပြတ်လွင့်စဉ်သွားတော့၏။ ဇာပဝါနှင့်လူသည် လူကုန်းကို လှည့်၍မျှပင် မကြည့်ပါ။ ချက်ချင်းပင် အိမ်ထဲသို့ပြေးဝင်သွားပါတော့သည်။

လောင်စိမ်းကလည်း ပြေးလိုက်ဝင်သွား၏။

နဂါးချိုရောင်မှာ မြင်နေရသည်များကို မယုံနိုင်အောင် ဖြစ်နေမိ၏။ သို့သော် သူဘာမျှ မတတ်နိုင်ပါ။

အတန်ကြာသောအခါ ဇာပဝါနက်နှင့်လူနှင့် လောင်စိမ်းတို့ ထွက်လာကြသည်။ ထိုသူနှစ်ယောက် သဘောကျစွာ ရယ်မောပြီးနောက် အမှောင်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားပါတော့သည်။

ထိုအချိန်တွင် နဂါးချိုစန်းမှာ မြို့ပြင်၌ပင်ရှိသေး၏။ သူသည် ရင်ထဲ၌လေးလံနေသည်။ အိမ်တွင် တစ်စုံတစ်ခု ဖြစ်နေပြီဟု ထင်မိသည်။ ထို့ကြောင့် အိမ်သို့အမြန်ဆုံး ပြေးလာသည်။

ခြံဝင်းထဲရောက်သောအခါ သူ့ခြေလှမ်းများ တုံ့ဆိုင်းသွားတော့၏။ အိမ်ရှေ့၌လဲကျနေသော သိုင်းရာဇာလူကုန်းကို တွေ့လိုက်ရသောကြောင့်တည်း။

နဂါးချိုစန်းသည် အပြေးအလွှား လူကုန်းအား စစ်ဆေးလိုက်သည်။ လူကုန်း သေဆုံးနေလေပြီ။



သူ စိတ်မကောင်းဖြစ်သွားသည်။ သူတို့၏တာဝန်မှာ လူကုန်းအား စောင့်ရှောက်ရန် မဟုတ်ပါလော။ ယခု လူကုန်းသေလေပြီ။ လူကုန်းသည် သဘောသဏ္ဌာရ အလွန်ကောင်းသောသူဖြစ်၏။ သူတို့သည် လူကုန်းထက် အဆင့်နိမ့်သူများ ဖြစ်သည်။

သို့သော် တန်းတူ ရည်တူဆက်ဆံသည်။ လူကုန်း သေဆုံးရခြင်းအတွက် ချိုစန်း အလွန်စိတ်မကောင်းဖြစ်ရသည်။

"ဟင်း...."

နဂါးချိုစန်းသည် သက်ပြင်းချလိုက်၏။

"ဟင်... ငါ့ညီရှိသေးတာပဲ"

သူသည် ချက်ချင်း ညီဖြစ်သူချိုရောင်ကို သတိရလိုက်လေ၏။ အပြေးအလွှားရှာဖွေလိုက်သောအခါ လဲကျနေသော ချိုရောင်ကို တွေ့လိုက်ရသည်။

ချိုရောင်အား ပွေ့ချီလိုက်သောအခါ သွေးကြောပိတ်ခံထားရကြောင်း တွေ့ရသည်။ သူသည် ချိုရောင်၏သွေးကြောဖွင့်ပေးလိုက်၏။ သို့သော် သွေးကြောဖွင့်၍မရပါ။ ထူးဆန်းသော သွေးကြောပိတ်ပညာဖြင့် ပိတ်ထားခြင်း ဖြစ်ပါသည်။ ချိုစန်း ချွေးပြန်လာလေသည်။ သူသည် တစ်နာရီခန့်လောက်ကြာသောအခါမှ ချိုရောင်၏သွေးကြောများကို ဖွင့်ပေးလိုက်နိုင်သည်။

ချိုရောင်သည် သွေးကြောပွင့်သွားသည်နှင့် သူတွေ့ရသည့် အဖြစ်အပျက်များကို ပြန်လှန်ပြောပြလေတော့သည်။

ချိုစန်းမှာ ချိုရောင်ပြောကြားချက်များကို မယုံနိုင်အောင် ဖြစ်နေရတော့သည်။

"မဟုတ်သေးပါဘူးကွာ... မင်းမျက်စိမှားတာ ဖြစ်မယ်"

ချီရောင်က သေသေချာချာ ပြော၏။

"မဟုတ်ဘူး... ငါကိုယ်တိုင် သေသေချာချာ တွေ့ရတာပါ၊ ငါ့မျက်စိနဲ့မြင်ရတာမဟုတ်ရင် ငါ မပြောပါဘူး"

ချီစန်းမှာ တွေဝေသွား၏။

ချီရောင်က....

"ငါတို့ ဘာဆက်လုပ်ကြမလဲ အစ်ကို"

ချီစန်းက အံကြိတ်လိုက်၏။

"မင်း လူကုန်းအလောင်းကို တွေ့ပြီးပြီ သား။ ငါတော့ တွေ့ပြီးပြီ၊ ငါတို့တာဝန်ကိုဆက်ပြီး ထမ်းဆောင်မယ်"

ချီရောင်သည် ခေတ္တမျှစဉ်းစားလိုက်၏။ ပြီးမှ ချီစန်း၏အပြောကို သဘောပေါက်သွား၏။ ထို့ကြောင့် ခေါင်းညိတ်လိုက်ပြီး....

"ကောင်းတယ်... ငါတို့တာဝန်ကိုဆက်ပြီး ထမ်းဆောင်ကြမယ်"

နဂါးညီနောင်နှစ်ယောက်တို့သည် လောင်စိမ်းတို့ထွက်သွားရာနောက်သို့ လိုက်သွားကြလေတော့၏။

နဂါးချီစန်းက အကျိုးအကြောင်းကို ပြောပြနေသည်။

"ဒီလိုနဲ့ ငါတို့ ဆက်လိုက်ကြတာ တောင်ပိုင်းအထိရောက်လာခဲ့တယ်၊ အဲဒီမှာ ငါတို့ညီအစ်ကိုနှစ်ယောက် လမ်းလွှဲပြီး လိုက်စုံ



စမ်းကြတယ်၊ ပြန်ဆုံဖို့နေရာကို တိုက်တိုက်ဆိုင်ဆိုင် မင်းနဲ့တွေ့ဆုံခဲ့တဲ့ ဘုရားကျောင်းပျက်မှာ ချိန်းဆိုခဲ့တာပါပဲ"

တင်းမိန်က ခေါင်းညိတ်လိုက်သည်။

## အခန်း(၁၈)

## အတိတ်မှအဖြစ်အပျက်

နဂါးချိုရောင်က....။

"ငါ ခြေရာခံလိုက်တော့ လောင်စိမ်းရဲ့ခြေရာကို ခံမိတယ်၊ ဒါကြောင့် သူ့ကိုစောင့်ပြီး တိုက်ခိုက်ခဲ့တာပဲ၊ ဒါပေမယ့် သူဟာ ရက်ပိုင်းအတွင်းမှ သိုင်းပညာတိုးတက်ခဲ့ပုံရတယ်၊ ဒါကြောင့် ငါ ခံလိုက်ရတာပဲ"

တင်းမိန် လောင်စိမ်းနှင့်တိုက်ခိုက်၍ ခံလိုက်ရသူမှာ နဂါးငယ်ဖြစ်ကြောင်း သိရှိမှတ်မိသွားလေ၏။

နဂါးအကြီးဖြစ်သော ချိုစိန်းက....

"ငါ ဘုရားကျောင်းပျက်ကိုရောက်တော့ သူ့ကိုဒဏ်ရာနဲ့ တွေ့လိုက်ရတယ်၊ ဒါနဲ့ ကျေးဇူးတင်ကြောင်း စာရေးထားခဲ့ပြီး သူ့ကိုခေါ်သွားရတယ်၊ သူ့ဒဏ်ရာကို ကုသပေးလိုက်တယ်၊ သူကောင်းသွားတော့မှ ငါတို့နှစ်ယောက်လမ်းခွဲ စုံစမ်းကြတယ်၊ သူကတော့ လောင်စိမ်းနောက် ဆက်လိုက်နေတယ်၊ ငါကတော့ သိုင်းရာဇာကျုံးစန်းကို သတိပေးဖို့လာခဲ့တာပဲ"



ချိုစန်းက ဆက်ပြောသည်။

"ငါ ကျုံးစန်းဆီရောက်တဲ့အချိန်မှာ သူ့ကို သူ့ရဲ့ကိုယ်ရံတော်တွေက လုပ်ကြံတာနဲ့ ကိုယ်ရံတော်တွေကို ငါရှင်းပစ်လိုက်ရတယ်၊ ဒီအချိန်မှာ လူသံတွေကြားတာနဲ့ ငါလဲ ပြန်ထွက်ပြေးလာရတာပါပဲ"

တင်းမိန်မှာ ယခုမှ အရေလည်သွား၏။ သူတွေ့လိုက်သည့် လူရိပ်မှာ နဂါးအကြီးကောင် ချိုစန်းဖြစ်နေကြောင်း သိရတော့သည်။

"ဪ... သိုင်းရာဇာကျုံးစန်းရဲ့ကျောက်ဖြူစံအိမ်မှာ တွေ့ရတာ ခင်ဗျားကိုး"

နဂါးအကြီးဖြစ်သော ချိုစန်းက....

"ဟုတ်တယ်... ငါလဲ သိုင်းရာဇာကျုံးစန်းအန္တရာယ်ရှိနေတာကို ငါသိလိုက်တယ်၊ သူ့ကိုကာကွယ်ဖို့ ရဲမက်တော်တွေလာတဲ့အခါမှာ ငါဟာ တစ်ယောက်ကိုသွေးကြောပိတ်ပြီး ဖယ်ထုတ်လိုက်တယ်၊ သူ့အစား ငါက သူ့အဝတ်အစားတွေကိုဝတ်ပြီး အစားထိုးဝင်လိုက်တယ်၊ အဖြစ်အပျက်ကတော့ ဒါပါပဲကွာ"

တင်းမိန်က....

"ဟင်း...ကိစ္စတွေကတော့ ရှင်းသွားပါပြီ၊ ဒါပေမယ့် မေးစရာနည်းနည်း ရှိပါသေးတယ်"

နဂါးအကြီးကောင်ဖြစ်သော ချိုစန်းက....

"မေးပါ... မေးပါ... မင်းမေးတာကို ငါတို့ဖြေပါ့မယ်"

"ကျွန်တော်တို့လိုက်ဂူထဲမှာ ပိတ်မိနေတုန်းက တံခါးဖွင့်ပေးတာ ခင်ဗျားတို့လား"

ချိစန်း အတွေးရှုပ်ထွေးသွားဟန်ဖြင့် မျက်မှောင်ကုပ်သွား၏။

"ဘယ်တုန်းကလဲ"

တင်းမိန်က အဖြစ်အပျက်အလုံးစုံကို ပြန်ပြောလိုက်၏။

ချိစန်းက သက်ပြင်းချပြီး....

"ငါတော့ မဟုတ်ဘူးကွာ"

ချိရှောင်ကလည်း ဝင်ပြော၏။

"ငါလဲ မဟုတ်ပါဘူးကွာ"

တင်းမိန် သက်ပြင်းချလိုက်၏။

"ဟင်း... ဒါဆိုရင် တစ်ယောက်ယောက်ပဲပေါ့ဗျာ"

ချိစန်းက တွေးတွေးဆဆ လေသံဖြင့်....

"ဟုတ်တယ်... ဘယ်သူများပါလိမ့်ကွာ"

နဂါးအငယ်ဖြစ်သော ချိရှောင်က....

"စဉ်းစားမရတာကို စဉ်းစားမနေနဲ့တော့၊ နောက်တော့ သိရမှာပေါ့ကွာ"

ချိစန်းက....

"ကဲ... မင်းတို့ ဘာဆက်မေးချင်သေးသလဲ"

တင်းမိန်က ချိရှောင်ဘက်သို့လှည့်ပြီး မေးလိုက်၏။

"သိုင်းရာဇာလူကုန်းကို သတ်လိုက်တဲ့လူဟာ ဘယ်သူလဲ"

ထိုအခါ ချိရှောင်က သက်ပြင်းချလိုက်လေ၏။

"ငါပြောရင် မင်းတို့ယုံကြမှာ မဟုတ်ဘူး"

တင်းမိန်ဘက်သို့ မေးလိုက်ခြင်းသည် သိုင်းရာဇာလူကုန်း



၏အိမ်၌ ကျန်ရစ်ခဲ့သူမှာ နဂါးအငယ်ကောင်ချိရှောင်ဖြစ်နေသောကြောင့်တည်း။ ချိရှောင်သည် ပဝါအနက်ကျွတ်ကျသွားသူကို မြင်ခဲ့သူ မဟုတ်ပါလော။ ချိရှောင်က ဆက်ပြောလေ၏။

"ငါ့မျက်စိနဲ့မြင်လို့သာ ယုံရတယ်၊ မမြင်ရင် ဘယ်သူမှယုံနိုင်ရောမရှိဘူး၊ အဲဒီလူဟာ တခြားလူမဟုတ်ဘူး။ မင်းဖခင်ရဲ့လက်ချက်နဲ့ ထိုက်စန်းတောင်ပေါ်က ကျသွားတဲ့ ဟူကျန်းစုပါပဲ"

"ဗျာ"

တင်းမိန် အံ့သြသွားခဲ့ရလေ၏။ ထင်းရှူးကိုဏ်းချုပ် ဟူကျန်းစု။ သိုင်းလောကတစ်ခုလုံးကို ချောက်ချားစေခဲ့သော ဟူကျန်းစု။ အားလုံးသေဆုံးသွားပြီဟု ယူဆထားသော ဟူကျန်းစု။

ထိုဟူကျန်းစု... အနီ ဟူကျန်းစုသည် ယခု ပြန်ပေါ်လာခဲ့ချေပြီ။ ပြန်လည်လှုပ်ရှားလာသော ထင်းရှူးကိုဏ်းနှင့်အတူ ပျောက်ကွယ်သွားခဲ့သောဟူကျန်းစုသည် ပြန်ပေါ်လာခဲ့ပေပြီ။

ထိုသတင်းသည် သတင်းကောင်းမဟုတ်ပါ။ သိုင်းလောကအတွက် သတင်းဆိုးတစ်ပုဒ်သာ ဖြစ်ပါသည်။ သိုင်းလောကတစ်ခုလုံး ထပ်မံချောက်ချားရမည့် သတင်းသာ ဖြစ်ပါ၏။

တင်းမိန် သက်ပြင်းချလိုက်၏။ သိုင်းရာဇာကျူးစန်းသည်လည်း ဟူကျန်းစုကို တွေ့မြင်ခဲ့သည်။ ထို့အတူ နဂါးအငယ်ဖြစ်သော ချိရှောင်ကလည်း ဟူကျန်းစုကို တွေ့မြင်ခဲ့သည်။ ဟူကျန်းစုကို တွေ့မြင်ခဲ့ရသည်ဆိုသောသတင်းကား မှန်ကန်လေပြီ။ ဟူကျန်းစုသည် ပြန်လည်ရှင်သန်နိုးထလာလေ ပြီ။ တင်းမိန်သည် တွေးရင်း တွေးရင်းရင်ထဲ၌ လေးလံလာသည်။ တင်းမိန်သည် အံကိုတင်းတင်းကြိတ်မိ၏။

မိမိသည် ဖခင်၏နေရာကို ဆက်ခံခဲ့သူဖြစ်၏။ ထို့ကြောင့် ဖခင်ကိုယ်စား ပြန်လည်ခေါင်းထောင်ထလာသော ထင်းရှူးဂိုဏ်းကို ဖြိုခွဲရပေမည်။ ထင်းရှူးဂိုဏ်းသည် မည်မျှအင်အားကြီးမားပါစေ၊ မည်မျှ လျှို့ဝှက်ပါစေ၊ သူကြိုးစားဖြိုခွဲမည်ဟု ဆုံးဖြတ်ချက်ချလိုက်တော့သည်။

အဆောက်အအုံကြီး၏ပတ်ဝန်းကျင်တွင် စစ်သည်ရဲမက်များနှင့် ကိုယ်ရံတော်များ အဆင့်ဆင့်စောင့်နေကြ၏။ ခြံဝင်းထဲ၌လည်း ကင်းပုန်းများ အထပ်ထပ်ချပြီး စောင့်ကြပ်နေ၏။ စုစုပေါင်း စောင့်ကြပ်နေသူများမှာ နှစ်ရာနီးပါးမျှ ရှိသည်။ လုံခြုံရေးစနစ်မှာ လွန်စွာ ကောင်းမွန်လှသည်။

သမားတော်ကြီးက ကင်းများကို လိုက်လံစစ်ဆေးသည်။ ကင်းသမားများအားလုံး သတိဝီရိယရှိသဖြင့် သမားတော်ကြီး ကျေနပ်သွားသည်။ အစောင့်များမသိဘဲ ငှက်တစ်ကောင်သော်မှ မဝင်နိုင်ဟု ယုံကြည်မိသည်။ ယနေ့လုံခြုံရေးကို ထူထပ်စွာချထားရခြင်းမှာ အကြောင်းထူးရှိပေသည်။ အဘယ်အကြောင်းနည်း။

သိုင်းရာဇာကျူးစန်းသည် ဤနေ့ဤရက်တွင် အတွင်းအားလေ့ကျင့်ပြီးစီးမည်ဖြစ်၏။ ထို့အတူ သိုင်းရာဇာလေးယောက်တို့၏ လျှို့ဝှက်ချက်အကြောင်းကို ဖွင့်ပြောမည့်နေ့ရက်လည်း ဖြစ်ပေသည်။ မည်သည့်အနှောင့်အယှက်၊ မည်သည့်ရန်သူမျှ မလာစေလိုပေ။ ထို့



ကြောင့် အစောင့်အကြပ် ဤမျှထူထပ်စွာ ချထားခြင်း ဖြစ်ပေသည်။

ခိုတစ်ကောင်သည် သုံးပတ်မျှ ပျံဝဲပြီးနောက် အောက်သို့ ဆင်းလာတော့သည်။

ရစ်ခွေစီးဆင်းနေသော စမ်းချောင်းဘေးတွင် တဲတစ်လုံးရှိ၏။ ခိုကလေးသည် ထိုတဲအိမ်ကလေးသို့ထိုးဆင်းလာခြင်း ဖြစ်၏။ ခိုကလေးသည် ကြိမ်ဖြင့် ပြုလုပ်ထားသည့်လှောင်အိမ်ကလေးတွင် နားသည်။ ခိုကလေးဆင်းလာသည်နှင့် တဲအတွင်းမှ ချောင်းဆိုးသံပေါ်လာပြီး ဖျင်အင်္ကျီအနီဝတ်ထားသော လူကြီးတစ်ယောက် ထွက်ပေါ်လာတော့၏။

ထိုလူမှာ ထွားကျိုင်းလှသည်။ အရပ်မြင့်ပြီး ထောင်ထောင်မောင်းမောင်း ရှိနေသည်။ ဆံပင်များ မုတ်ဆိတ်များကိုလည်း ဖြီးလိမ်းသုတ်သင်ထားခြင်း မရှိသဖြင့် ရှည်လျားရှုပ်ပွနေသည်။

ထိုလူသည် လှောင်အိမ်ရှိရာသို့လာပြီး ခိုကလေးအား ကြည့်လိုက်၏။ ထို့နောက် ခို၏ခြေထောက်တွင် ချည်နှောင်ထားသော စာလိပ်ကလေးအား ဖြည်ယူလိုက်၏။သူသည် စာကိုဖတ်လိုက်သည်။

"အင်း... ကိစ္စက ထူးလာမှာကိုး"

သူသည် ခိုကလေးအား လှောင်အိမ်အတွင်းသို့ သွတ်သွင်းပြီး တံခါးပိတ်လိုက်၏။

တဲအိမ်မှာ အခန်းဖွဲ့ထားပါချေ။ ထောင့်တစ်နေရာ၌ ကောက်ရိုးမွေ့ရာတစ်ခု ရှိသည်။ တဲငယ်၏နံရံသုံးဘက်မှာမူ တံရှာနိ်တို့၏အရိုးအရေများ ပြည့်နေအောင် ချိတ်ဆွဲထား၏။

ထိုအရေများကြားတွင် ဓားအိမ်နှင့် ဓားတစ်လက်ရှိ၏။ သူသည် ဟောင်းနွမ်းသော ထိုဓားကိုဖြုတ်လိုက်၏။ ဓားကိုဆွဲထုတ်ကြည့်သည်။ ဓားရောင် ဝင်းခနဲ ဖြစ်သွား၏။ သူသည် ဓားကိုကြည့်နေလေသည်။

ထို့နောက် သူသည် ဓားကိုတစ်ချက်မျှ ဝှေ့ယမ်းလိုက်ပြီးနောက် ဓားအိမ်ထဲသို့ ပြန်ထည့်လိုက်၏။ ဓားအိမ်ထဲ ဓားထည့်ပြီးသော် နောက်ကျော၌ သိုင်းလွယ်လိုက်၏။

သူသည် တဲနောက်ပိုင်းသို့ဝင်သည်။ တည်လက်စမီးဖိုကို ငြိမ်းသတ်လိုက်သည်။ ထို့နောက် တဲအတွင်းမှ ထွက်သွား လေတော့၏။

လရောင်မရှိသဖြင့် ညသည် မည်းမှောင်နေ၏။ ထိုစားပွဲတွင် လူများဝိုင်းထိုင်သည်။ ထိုင်နေသူများမှာ သမားတော်ကြီး၊ နဂါးညီနောင်၊ တင်းမိန်နှင့် ချင်းချင်းတို့ဖြစ်ကြသည်။ သူတို့သည် တစ်ဦးကိုတစ်ဦး စကားမပြောဘဲ ငြိမ်သက်နေကြသည်။ ထိုစဉ် ငှေမောင်းတီးသံတစ်ချက် ပေါ်လာ၏။ အခန်းတံခါးပွင့်သွားပြီး တောက်ပြောင်သော ဝတ်စုံဝတ်လူတစ်ဦးပေါ်လာလေ၏။



ထိုသူကား အားလုံးစောင့်မျှော်နေကြသည့် ကျုံးစန်းပင်ဖြစ်ပါတော့သည်။ သူသည် ခရမ်းရောင်ဝတ်စုံကိုဝတ်ဆင်ပြီး စားပွဲဆီသို့ လျှောက်လာလေ၏။ အဆိပ်အပ်ထိသော ဒဏ်ရာသည် လုံးဝပျောက်ကင်းသွားလေပြီ။

သူသည် အစောင့်များကို အခန်းတံခါး ပြန်ပိတ်စေလေ၏။

သမားတော်ကြီးအား လက်နှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်သည်။ သမားတော်ကြီးကလည်း ပြန်လည်ဂါရဝပြုလိုက်၏။ ထို့နောက် အားလုံးကို အစဉ်အတိုင်း ဂါရဝပြုလိုက်၏။ ရှိနေသူများကလည်း ပြန်လည်ဂါရဝပြုကြပါသည်။

ထို့နောက် ထိပ်တွင်ရှိသော ထိုင်ခုံတွင် ထိုင်လိုက်၏။ သမားတော်ကြီးက....

"ခင်ဗျားအခြေအနေ ဘယ်လိုနေသလဲ၊ ကောင်းရဲ့လား"

သိုင်းရာဇာကျုံးစန်းက ပြန်ဖြေသည်။

"အားလုံးကောင်းသွားပြီ"

သူသည် ပြောပြောဆိုဆို တင်းမိန်ဘက်သို့လှည့်ကြည့်လိုက်၏။

"ကျုပ် ဒီရောက်နေကတည်းက တံခါးပိတ်ပြီး အတွင်းအားလေ့ကျင့်နေလို့ မင်းတို့ကို ကျုပ်ကိုယ်တိုင် ဧည့်မခံနိုင်ခဲ့ပါဘူး။ ဒီအတွက် ခွင့်လွှတ်ပါကွာ"

တင်းမိန်က ရယ်ရယ်မောမော ပြောသည်။

"ဒါလား... ဒါ ကိစ္စမရှိပါဘူး"

သိုင်းရာဇာကျုံးစန်းသည် ချောင်းတစ်ချက် ဟန့်လိုက်၏။

ချောင်းဟန့်ပြီး အားလုံးကိုကြည့်လိုက်သည်။ အားလုံး နားစွင့်နေကြောင်းတွေ့ရ၍ ပြောအားရှိသွားသည်။

"ဒီည ကျုပ်တို့ရဲ့ လျှို့ဝှက်ချက်နဲ့ ထင်းရှုဂိုဏ်းဆက်နွယ်နေတာကို ကျုပ် ရှင်းပြပါမယ်"

အားလုံး စိတ်ပါဝင်စားစွာ နားထောင်နေကြလေ၏။ သိုင်းရာဇာကျုံးစန်းက ဆက်ပြောပြလေ၏။

"တကယ်တော့ ဒီအကြောင်းတွေကို ကျုပ်တို့သိုင်းရာဇာလေးယောက်ကလွဲပြီး ဘယ်သူမှမသိစေရဘူးလို့ သစ္စာဆိုထားကြပါတယ်"

ထို့သို့ပြောဆိုရင် သူ့မျက်နှာထားသည် တင်းမာလာလေ၏။

"အခု သိုင်းရာဇာလေးယောက်မှာ သုံးယောက်က ထင်းရှုဂိုဏ်းရဲ့ လက်ချက်နဲ့ကျဆုံးသွားပြီ၊ ကျုပ်တစ်ယောက်ပဲ ကျန်တော့တယ်၊ ဒါကြောင့်လဲ ဒီအကြောင်းတွေကို ဖွင့်ပြောဖို့ဆုံးဖြတ်လိုက်တာပဲ"

အားလုံးသည် သိုင်းရာဇာကျုံးစန်း ဖွင့်ပြောမည့်အကြောင်းအရာကို စိတ်ဝင်စားနေကြကြောင်း အမူအရာဖြင့် ပြကြလေ၏။



## အခန်း(၁၉)

## လျှို့ဝှက်သတင်း

သိုင်းရာဇာကျုံးစန်းမှလွဲ၍ အားလုံးငြိမ်သက်စွာ နားစွင့်နေကြသည်။

"အမှန်တော့ ကျုပ်တို့သိုင်းရာဇာလေးယောက်ရဲ့ အပြစ်ဆိုရင်လဲ မများပါဘူး၊ သမားတော်ကြီး ထင်းရှုဂိုဏ်းနဲ့တိုက်တဲ့တိုက်ပွဲကို မှတ်မိသေးတယ်မဟုတ်လား"

သမားတော်ကြီးက ခေါင်းညိတ်လိုက်၏။

"မှတ်မိတာပေါ့ဗျာ၊ ကျုပ် တစ်သက်တော့ ဘယ်တော့မှမေ့မယ် မထင်ပါဘူး၊ သိုင်းလောက သိုင်းဂိုဏ်းတွေ အင်တိုက်အားတိုက် ညီညီညာညာ သောင်းသောင်းဖျဖျတိုက်ခိုက်ကြတဲ့မြင်ကွင်းဟာ မမေ့နိုင်စရာပါဗျာ"

သိုင်းရာဇာကျုံးစန်းက....

"အဲဒီတုန်းက ကျုပ်တို့သိုင်းရာဇာလေးယောက်က ထင်းရှူးကျေးရွာရဲ့ အရှင်သခင် ခုံးမင်ကို ဖမ်းဆီးလိုက်နိုင်တယ်၊ ပြီးတော့ ခုံးမင်ပြုလုပ်နေတဲ့လက်နက်တွေကိုလဲ တွေ့ခဲ့ရတယ်"

သမားတော်ကြီးက မေးလိုက်၏။

"ခုံးမင် ပြုလုပ်နေတာ မိုးကြိုးသွားလက်နက်ပဲ မဟုတ်လား"

သိုင်းရာဇာကျူးစန်းက ခေါင်းညိတ်၏။

"ဟုတ်တယ်... မိုးကြိုးသွားလက်နက်ပဲ"

ထို့နောက် တင်းမိန်တို့ဘက်သို့ လှည့်လိုက်ပြီး....

"မင်းတို့ မိုးကြိုးသွားလက်နက်အကြောင်းကော ကြားဖူးကြရဲ့လား"

တင်းမိန်က ခေါင်းညိတ်၏။

"ဟုတ်ကဲ့... လက်နက်ပုန်းတွေထဲမှာ ကြောက်စရာအကောင်းဆုံးလက်နက်လို့ မှတ်သားခဲ့ရပါတယ်"

ချင်းချင်းကတော့ ငြိမ်သက်စွာ ထိုင်နေသည်။

သိုင်းရာဇာကျူးစန်းက သက်ပြင်းချလိုက်ပြီး....

"မိုးကြိုးသွားလက်နက်ဟာ ကြောက်စရာအကောင်းဆုံး လက်နက်ပုန်းပါပဲ၊ ဒီလက်နက်ပုန်းကို ရှောင်တိမ်းနိုင်တဲ့လူ မရှိဘူးလို့ အဆိုရှိခဲ့တယ်၊ လုပ်ထားတာလဲ ကြည့်ဦးလေ၊ မိုးကြိုးသွားလက်နက်တစ်ခုမှာ လက်နက်ပုန်းကလေးတွ ထောင်နဲ့ချီပြီး ထည့်ထားတာ ကြည့်လေ၊ ဒီတော့ စဉ်းစားကြည့်ရင် သိနိုင်တယ်၊ မိုးကြိုးသွားလက်နက်တစ်ခုဟာ လူရာထောင်ကို သေစေနိုင်တယ်ဆိုတာ"

ချင်းချင်းက ဝင်ပြောလိုက်၏။

"ကျွန်မလဲ ဖေဖေ့ထံက မိုးကြိုးသွားလက်နက်အကြောင်းကို ကြားခဲ့ဖူးပါတယ်ရှင်"



သိုင်းရာဇာကျူးစန်းက ဆက်ပြောသည်။

"ထင်းရှုးဂိုဏ်းချုပ်ဟူကျန်းစုဟာ မိုးကြိုးသွားသိုင်းသမားရဲ့သား ခုံးမင်ကို စည်းရုံးပြီးတော့ မိုးကြိုးသွားလက်နက်ကို ပြုလုပ်ခိုင်းခဲ့တယ်၊ သူဟာ ဒီလက်နက်အားကိုးနဲ့ သိုင်းလောကတစ်ခုလုံးကို စိုးမိုးဖို့ ကြံစည်ခဲ့တာပဲ"

"ဟုတ်တယ်... ဟုတ်တယ်၊ မိုးကြိုးသွားလက်နက်အားကိုးနဲ့ သိုင်းလောကတစ်ခုလုံးကို စိုးမိုးဖို့ကြံစည်တာ"

နဂါးညီနောင်က အားပါးတရ ထောက်ခံလိုက်ကြ၏။

သိုင်းရာဇာကျူးစန်းက....

"ကျုပ်တို့ သိုင်းရာဇာလေးယောက်ဟာ မိုးကြိုးသွားလက်နက်ကို ဖျက်ဆီးပစ်ဖို့ တာဝန်ယူခဲ့ရတယ်၊ အဲဒီမှာ တပ်ဆင်ပြီးသား မိုးကြိုးသွားနှစ်ခုနဲ့ မတပ်ဆင်ရသေးတဲ့ မိုးကြိုးသွား သုံးလေးခုလောက် ရှိနေတယ်၊ ကျုပ်တို့ဟာ နာမည်ကျော်မိုးကြိုးသွားလက်နက်တွေကို ဖျက်ဆီးဖို့ နှမြောနေမိကြတယ်၊ နောက်ဆုံး ကျုပ်တို့လေးယောက် တိုင်ပင်ကြတယ်"

လူအားလုံး ပိုမို စိတ်ဝင်စားလာကြသည်။ ဇာတ်လမ်း၏အထွတ်အထိပ်သို့ရောက်ရှိလာပြီ မဟုတ်ပါလား။

သိုင်းရာဇာကျူးစန်းက သက်ပြင်းချလိုက်၏။

"မိုးကြိုးသွားလက်နက်တွေကို အကုန်လုံးမဖျက်ဆီးကြဘဲနဲ့ တစ်ခုကိုသိမ်းဆည်းထားဖို့ပါပဲ"

သမားတော်ကြီးက ခေါင်းညိတ်လိုက်၏။

သိုင်းရာဇာကျူးစန်းက....

"အဲဒီလိုလက်နက်ကို လေးပိုင်းပိုင်းပြီး တစ်ပိုင်းစီ ကျုပ်တို့ ယူထားလိုက်တယ်၊ ပြီးတော့ အဲဒီလက်နက်ထည့်သိမ်းတဲ့ဘူးကိုလဲ ကျုပ်ယူထားတယ်၊ ဒီအကြောင်းကို ဘယ်သူ့မှမပြောဖို့ အားလုံးက တိထားလိုက်တယ်"

သူသည် ပြောရင်း ဒေါသထွက်လာသည်။

မျက်နှာထားလည်း တင်းမာလာသည်။

"ဒီသတင်းဟာ ဘယ်လိုကနေ ဘယ်လိုပေါက်ကြားသွားတယ်မသိဘူး၊ သိုင်းလောကမှာ ပျံ့နှံ့စပြုလာပြီ၊ သိုင်းရာဇာသုံးယောက်လဲ ထင်းရှူကိုဏ်းချုပ်သတ်လို့သေပြီ၊ ထင်းရှူကိုဏ်းပြန်လည်ပေါ်ထွန်းလာတယ်ဆိုတာလဲ အမှန်ပဲ၊ အခုဆိုရင် လက်နက်အစိတ်အပိုင်းသုံးခုဟာ ထင်းရှူကိုဏ်းရဲ့လက်ထဲပြန်ရောက်သွားရပြီ"

အခန်းထဲသို့ လေအေးတစ်ချက် တိုက်ခတ်လာ၏။ အားလုံးပင် ချမ်းစိမ့်စိမ့်ဖြစ်သွားကြသည်။ သို့သော် လူများမှာ ချွေးများပင် စို့နေကြပါသည်။

အားလုံးရင်ထဲ မကောင်းကြပါ။ သိုင်းရာဇာသုံးယောက်ပင် သေဆုံးသွားကြပြီ မဟုတ်ပါလား။ ယခု တစ်ယောက်တည်း ကျန်တော့သည်။ ထိုတစ်ယောက်ကို သူတို့အကာအကွယ်ပေးကြရပါမည်။ သိုင်းရာဇာကျုံးစန်းက ဝန်ခံ၏။

"အမှန်တော့ နာမည်ကျော်လက်နက်တစ်ခုကိုဖျက်ဆီးပစ်ဖို့ နှမြောခဲ့တဲ့ ကျုပ်တို့ရဲ့အမှားပါပဲ၊ ဒီလို ခွဲဝေယူခဲ့တာကြောင့်လဲ ထင်းရှူကိုဏ်းဟာ ကျန်တဲ့ ကျုပ်ဆီက ပစ္စည်းကို မရရင် မိုးကြိုးသွားကို မလုပ်နိုင်ဘူး၊ ကျုပ်ဆီမှာ ကျန်ခဲ့တဲ့အစိတ်အပိုင်းဟာ သိပ်အရေးကြီးလာပြီ"



သမားတော်ကြီးက ပြောလိုက်၏။

"သူတို့မရမနေ ကြိုးစားကြမှာပဲ"

"ဟုတ်တယ်လေ… သူတို့က ကျုပ်ဆီက မိုးကြိုးသွားလက်နက်ကို မရမနေ ကြိုးစားကြမှာပဲ၊ ကျုပ်ကလဲ သူတို့လက်ထဲပါမသွားအောင် ကြိုးစားရမှာပဲ၊ နောက်ဆုံး ကျုပ်အသက်သေချင် သေပါစေ၊ မိုးကြိုးသွားလက်နက် သူတို့လက်ထဲ ပါမသွားစေရဘူး"

နဂါးညီနောင်က ဝန်ခံ၏။

"ကျုပ်တို့နှစ်ယောက်လုံး အသက်နဲ့လဲပြီး စောင့်ရှောက်ပါ့မယ်လို့ ကတိပြုပါတယ်"

သိုင်းရာဇာကျုံးစန်းက ပြုံးလိုက်၏။

"ခုလိုစကားကိုကြားရတာ ဝမ်းသာပါတယ်ဗျာ၊ ဟူကျန်းစုဟာ ဘယ်လောက်ပဲ သိုင်းပညာထက်မြက်ပါစေ၊ ကျုပ် မကြောက်ပါဘူး၊ ကျုပ်က ဟူကျန်းစုရဲ့လက်ထဲ မိုးကြိုးသွား ရောက်မသွားစေရဘူးလို့ ကတိပြုပါတယ်"

သမားတော်ကြီးက မေးလိုက်၏။

"မိုးကြိုးသွားဟာ ခင်ဗျားနဲ့အတူရှိနေသလား"

သိုင်းရာဇာကျုံးစန်းက ဖြေလိုက်၏။

"ဒီပစ္စည်း ကိုယ်နဲ့မကွာထားရင် ဟူကျန်းစုအကြိုက်တွေ့သွားမှာပါ၊ ဒါကြောင့် ကိုယ်နဲ့မကွာထားဖို့ စိတ်ကိုမကူးဘူး၊ လျှို့ဝှက်နေရာမှာ ထားပါတယ်"

သမားတော်ကြီး ခေါင်းညိတ်လိုက်၏။

"ကိုယ်နဲ့မကွာထားရင် မထားနဲ့လို့ ပြောမလို့ပါ၊ အခုအတိုင်း ကောင်းပါတယ်"

သိုင်းရာဇာကျူးစန်းက....

"အဲဒါကို ထင်းရှုဂိုဏ်းက သိတယ်၊ ကျုပ်ကို အသေသတ်ရင် ဒီပစ္စည်းမရဘဲ ဖြစ်သွားမှာကိုတော့ ကျုပ်ကိုအရှင်ဖမ်းဖို့ပဲ ကြိုးစားကြတော့တာပေါ့"

တင်းမိန်က....

"ဦးက လျှို့ဝှက်ထားပေမယ့်လဲ စိတ်ချရတယ်လို့ မဆိုနိုင်ပါဘူး"

ကျူးစန်းက....

"စိတ်ချရမယ် ထင်ပါတယ်၊ ဒါပေမယ့် အခုတော့ ကျုပ်က ဒီပစ္စည်းတွေကို ပြန်ယူဖို့ ဆုံးဖြတ်ထားပါတယ်"

"ဘာကြောင့် ပြန်ယူမှာလဲခင်ဗျာ၊ စိတ်မချရလို့လား"

နဂါးညီနောင်က ဝင်မေးလေ၏။

သိုင်းရာဇာကျူးစန်းက....

"စက်ကိရိယာတွေ တပ်ဆင်ဖို့ ကျုပ်ဆီက အစိတ်အပိုင်းတွေနဲ့ သတ္တုဘူးလိုတယ်၊ ဒီပစ္စည်းသာရရင် မိုးကြိုးသွားလက်နက်ကို သူတို့တပ်ဆင်လို့ရပြီ၊ အဲဒီအခါမှ သိုင်းလောကတစ်ခုလုံး ကိုယ်ကျိုးနည်းပြီလို့သာ မှတ်ပေတော့၊ ဒီတော့ ကျုပ်ကလဲ ကျုပ်ပစ္စည်းတွေကို ပြန်ယူပြီး ဖျက်ဆီးလိုက်ရင် ဒီကောင်တွေ ဘယ်လိုမှမရှာနိုင်ကြတော့ဘူးပေါ့၊ ဟုတ်တယ် မဟုတ်လား"

လူအားလုံး ခေါင်းတညိတ်ညိတ် ဖြစ်သွားကြ၏။



သမားတော်ကြီးက....

"ကောင်းတယ်... ခင်ဗျား အခုလို ဆုံးဖြတ်လိုက်တာ အကောင်းဆုံးပဲ၊ ဒါကြီးကို ထိန်းသိမ်းထားရင် ဒါကြီးက ဖြုတ်ခွဲဦးခေါင်းကြီးလိုပဲ၊ ထိန်းသိမ်းထားတဲ့လူကို ဒုက္ခလိုက်ပေးနေမှာဗျ"

ကျူးစန်းက....

"ဒီပစ္စည်းကိုနှစ်ခုခွဲပြီး ထားခဲ့တယ်ဗျ၊ တစ်ခုက ကျောက်ဖြူစံအိမ်က လျှို့ဝှက်နေရာမှာ ထားတယ်၊ တစ်ခုကတော့ တိုက်ပွဲကအပြန် တောင်ပိုင်းကိုအဝင် တောင်စောင်းတစ်ခုရဲ့ လျှို့ဝှက်လိုဏ်ဂူထဲမှာ ထားခဲ့တယ်"

"နှစ်နေရာခွဲထားတာတော့ မဆိုးပါဘူး"

သမားတော်ကြီးက ပြောလိုက်၏။

သိုင်းရာဇာကျူးစန်းက....

"ခွဲထားရတာပေါ့... ကျုပ်တွေ့ခဲ့ရတဲ့ လိုဏ်ခေါင်းတွေက နည်းနည်းနောနောမှ မဟုတ်တာ၊ ကျုပ်ကိုယ်တိုင် အခု လိုက်ရှာရင်တောင် ဘယ်လိုဏ်ဂူဆိုတာ သိဖို့မလွယ်ဘူး"

နဂါးညီနောင်က....

"ဒါဆိုရင် ဘယ်လိုလုပ်ရှာမလဲ၊ ခင်ဗျား အမှတ်အသားလုပ်ခဲ့ဖို့ လိုတာပေါ့"

သိုင်းရာဇာကျူးစန်းက ပြုံးလိုက်၏။

"ကျုပ် မြေပုံတစ်ခုလုပ်ထားခဲ့ပါတယ်"

"မြေပုံ ဟုတ်လား"

"ဟုတ်ပါတယ်... ဘယ်လိုမှ မပျောက်ပျက်ရအောင် စီမံ

ထားပါတယ်"

နဂါးညီနောင်က သက်ပြင်းချလိုက်၏။

"တော်သေးတာပေါ့ဗျာ"

ထိုအခိုက် အပြင်ဘက်မှ အချက်ပေးသံများ ထွက်ပေါ်လာတော့သည်။ တင်းမိန်နှင့်နဂါးညီနောင်တို့ ခုန်ထလိုက်သည်။

"ရန်သူ ရောက်လာပြီ"

သူတို့အားလုံး စံအိမ်ရှေ့သို့ ပြေးထွက်ခဲ့ကြလေတော့၏။

(စာစဉ်–၁)ပြီး၏။

(စာစဉ်–၂)ကို ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ် နေလင်းအောင်